# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၈) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (20-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၃၅)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်၌ အောင်မြင်စွာဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းတွင် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်၌ (၃၅)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် အသည်းအလှူရှင်တို့ကိုကြည့်ရှုအားပေးသည်။

အသည်းအစားထိုးခွဲစိတ်ကုသသည့်လူနာမှာ အသက် ၂၉ နှစ်အရွယ် အမျိုးသားဖြစ်ပြီး အသည်းအလှူရှင်မှာ ၎င်း၏ ညီမဝမ်းကွဲတော်စပ်သူ အသက် ၂၂ နှစ်အရွယ် အမျိုးသမီးဖြစ်ကြောင်း၊ အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုကို ယမန်နေ့ နံနက် ၇ နာရီမှ ညနေ ၃ နာရီခွဲထိ

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့**



**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၂/၂၀၂၃)ကျင်းပ**

စာမျက်နှာ - ၁၆

**မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၈ ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၃၂ စီးရှိခဲ့**

စာမျက်နှာ - ၂

**သမိုင်းဝင် မင်းလုနှင့် ကွေ့ချောင်းခံတပ်**

ဆောင်းပါး စာမျက်နှာ - ၄




ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်နှင့် စာပေအနုပညာပွဲတော်

လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသွားမည်ဖြစ်ပေသည်။ ထိုသို့ ကျင်းပပေးခြင်းမှာ မျိုးဆက်သစ်လူငယ်များအတွက် တန်ဖိုးမဖြတ်နိုင်သော အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် အနာဂတ်ခေါင်းဆောင်များ၏ ထက်မြက်သောဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ် အယူအဆများ မှန်ကန်ထက်မြက်မြင့်မားလာစေရန်၊ ကလေးငယ်များ၏ တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ကလေးငယ်များ ဗဟုသုတဖြစ်ဖွယ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များ လန်းဆန်းတက်ကြွပျော်ရွှင်လာစေရန် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အသိပညာ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန်ကို မြှင့်တင်ပေးရန်၊ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ၎င်းတို့၏အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရန် ဆိုသည့် ကောင်းမွန်ပြည့်စုံသော ရည်ရွယ်ချက်များဖြင့် လူငယ်နှင့် စာပေအနုပညာပွဲတော်များကို ကျင်းပခြင်းပင်ဖြစ်ပေသည်။

လူငယ်နှင့် စာပေအနုပညာပွဲတော်များသည် ကလေးများ စာဖတ်ဝါသနာထုံလာစေရန်နှင့် စာပေဖွံ့ဖြိုးတိုးတက်လာစေရန်ပင်ဖြစ်သည်။ အထူးသဖြင့် ကလေးစာပေဖွံ့ဖြိုးတိုးတက်မှသာလျှင် ကလေးများလည်း စာဖတ်နိုင်ခွင့်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ပေသည်။ ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါသောကလေးသည် အရွယ်ရောက်လာသည့်အခါ နိုင်ငံတော်က အားထားရသည့် လူငယ်များဖြစ်လာမည်။ စာဖတ်သူသည် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးကို ဝေဖန်ခွဲခြားဆန်းစစ်ဆုံးဖြတ်နိုင်စွမ်းရှိကြမည်ဖြစ်သည်။ စာဖတ်သောကလေးများသည် နှလုံးသားနူးညံ့၍ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတ္တနည်းပါးပြီး အပြုသဘောဆောင်စွာ တွေးခေါ်တတ်ကြကာ လူ့အသိုက်အဝန်းကို အကျိုးပြုလိုစိတ်ရှိကြသည်။ ထိုကလေးငယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်ပေသည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပင်ဖြစ်သည်။ စာဖတ်သည့်လူငယ်များသည် လူ့အဖွဲ့အစည်းကို ကောင်းကျိုးပြုနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။ အထူးသဖြင့် ပညာတတ်လူငယ်များ ပေါများသည့်နိုင်ငံတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို မြန်မြန်ဆန်ဆန်ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနာဂတ်ခေါင်းဆောင်များ၏ ထက်မြက်သောဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ် အယူအဆများ မှန်ကန်ထက်မြက်မြင့်မားလာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ကလေးငယ်များ ဗဟုသုတဖြစ်ဖွယ်စာပေနှင့် ကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များ လန်းဆန်းတက်ကြွပျော်ရွှင်လာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရန် အလေးထားဆောင်ရွက်လျက်ရှိကြပါသည်။

သို့ဖြစ်ရာ ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီးကျွမ်းဝင်သောကလေးသည် ကိုယ်ပိုင်အနာဂတ်ကို ပုံဖော်ထုဆစ်တည်ဆောက်နိုင်စွမ်းရှိမည်ဖြစ်သကဲ့သို့ စာဖတ်သောကလေးသည် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအတွက် ကောင်းမွန်ပြည့်စုံသော ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ဂုဏ်ပြုရေးသား လိုက်ရပေသည်။

# ပုသိမ်ကြီးမြို့နယ်နှင့် မြစ်သားမြို့နယ် သမဝါယမအသင်းစုက အသင်းသားတောင်သူများကို ငွေကျပ်သိန်း ၁၄၀၀ ကျော် ထုတ်ချေးမည်



ယခင်နှစ်က နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် မြစ်သားမြို့နယ် သမဝါယမအသင်းစုအနေဖြင့် အသင်းပိုင်ငွေများဖြင့် သမဝါယမအသင်းသားတောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် ငွေကျပ်သိန်း ၁၄၀၀ ကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

ပုသိမ်ကြီးမြို့နယ်နှင့် မြစ်သားမြို့နယ် သမဝါယမအသင်းစုသည် အသင်းပိုင်ငွေများဖြင့် နွေစပါးစိုက်ပျိုးရန် မြို့နယ်နှစ်မြို့နယ်ရှိ သမဝါယမအသင်း ကိုးသင်း၊ အသင်းသားတောင်သူ ၁၅၆ ဦး၊ နွေစပါးစိုက်ဧက ၇၂၉ ဒသမ ၅ ဧကအတွက် ချေးငွေများကို ၂၀၂၄ ခုနှစ် မတ်လမှစ၍ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၁၄၀၀ ကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့နယ်သမဝါယမအသင်းစုတွေရဲ့ ကိုယ်ပိုင်ငွေနဲ့ အသင်းပိုင်ငွေတွေကို မြို့နယ်နှစ်မြို့နယ်က အခြေခံသမဝါယမအသင်းသားတောင်သူတွေကို ထုတ်ချေးပေးသွားမှာပါ။ နွေစပါးတွေကို အောင်မြင်စွာ စိုက်ပျိုးနိုင်ဖို့အတွက်ပါ။ နွေစပါးစိုက်ဧက ၇၂၀ ကျော်အတွက် ထုတ်ချေးပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ ထုတ်ချေးပေးတာနဲ့အညီ နွေစပါးစိုက်ဧကတွေမှာ မှန်မှန်ကန်ကန် ထိထိရောက်ရောက် သုံးစွဲဖို့လိုပါတယ်။ ပြန်ဆပ်ကာလကတော့ ခြောက်လမှာ အတိုးဆပ်ပြီး တစ်နှစ်ပြည့်ရင် အတိုး၊ အရင်းဆပ်ရမှာဖြစ်ပါတယ်။ အတိုးနှုန်းကတော့ တစ်ကျပ်ကို ၂၅ ပြားနှုန်း ဖြစ်ပါတယ်"ဟု ဦးလှိုင်မိုးက ပြောပြသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌လည်း မြို့နယ် ငါးမြို့နယ်ရှိ မြို့နယ်သမဝါယမအသင်းစုများက အသင်းသားတောင်သူများအတွက် ငွေကျပ် ၄၆၁ ဒသမ ၆၄၃ သန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။ (၁၈၅)

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၈ ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၃၂ စီးရှိခဲ့

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၈ ရက်ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၃၂ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၈ ရက်ထိ ပြောင်းဆန်၊ သကြား၊ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ကျောက်စရစ်၊ သံတိုသံစ၊ တင်လဲရည် စသည့် ကုန်စည်များ တင်ပို့သည့်ကုန်တင်ရေယာဉ် ၃၂ စီးထိရှိခဲ့ကြောင်း သိရသည်။

"အခုလတ်တလော ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ဖြစ်ပေမဲ့လဲ မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုက ပြန်ပြီးများပြားလာပါတယ်။ အခု လောလောဆယ်ကတော့ ဘိလပ်မြေ၊ ကျောက်စရစ် စတဲ့ ကုန်စည်တွေက အများဆုံးဖြစ်နေပါတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၈ ရက်ထိ တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၂၀၆၃၂ ဒသမ ၈၈ တန်၊ ကျောက်မီးသွေးတန်ချိန် ၃၇၀၀၊ ပြောင်းဆန် ၆၄၉၉ ဒသမ ၂၅ တန်၊ ကျောက်စရစ်ကျင်းအရေအတွက်မှာ ၂၅၈၅ ကျင်း၊ သံတိုသံစတန်ချိန် ၁၃၀၊ တင်လဲရည်တန်ချိန် ၈၀၀၊ သကြား ၁၂၆၅၇ ဒသမ ၇၅ တန်၊ ဆန် ၃၄၀ ဒသမ ၂ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိ တင်ပို့ရမည့်ကုန်စည်များပြားလာခြင်းကြောင့် ရေယာဉ်များပေါ်၌ ကုန်စည်များကို သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မှုများမပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ရေယာဉ်၏အရွယ်အစားနှင့်မချိန်ဘဲ ကုန်စည်များကို တင်ဆောင်၍ မြစ်အတွင်းသွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်သောကြောင့် ဖြစ်ကြောင်း သိရသည်။

အလားတူ ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် မန္တလေးဆိပ်ကမ်းမှသွားလာကြမည့် ရေယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကိုလည်း အထူးဂရုပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း အောင်ပန်းဒေသမှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးဈေးကွက်အတွင်း အောင်ပန်းဒေသမှ ထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလ ပထမပတ်က အောင်ပန်းဒေသမှ ထွက်ရှိသည့် အာလူးများ အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း၊ ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း အောင်ပန်းဒေသမှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလောကတော့ အောင်ပန်းဘက်ကနေ ထွက်ရှိတဲ့ အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ် တော်တော်လေးကောင်းနေတယ်။ အာလူးတွေ အဝယ်လိုက်နေတာကြောင့် ဈေးကွက်ထဲ ကုန်စည်လက်ကျန်နည်းပါးလာတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ အောင်ပန်းဒေသမှထွက်ရှိသည့် အာလူး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ဈေးကွက်အတွင်း အောင်ပန်းဒေသမှ ထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းလျက်ရှိသည့်အပြင် တရုတ်နိုင်ငံဘက်မှတင်သွင်းသည့် အာလူးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

အာလူးကို ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပေါင်မြို့နယ် ဘိုင်လောင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ပေါင် ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘိုင်လောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖူးပွင့်ခိုင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများလိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့်များကို ပြောကြားပြီး မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းကော်မတီများ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကိုအများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကို ဘိုင်လောင်းကျေးရွာနှင့် ဆယ်အိမ်စုကျေးရွာ၌ ထပ်တိုးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ စီ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန္တာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကိုအောင်ညီညီကို-မကြိုင်လှိုင်သင်း၊ သား-မောင်အောင်ဘုန်းပြည့်ကို မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးတို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၆၈၅၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၆၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၆၈၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲကြီး ၆၈၅၄ ဧက စိုက်ပျိုးနိုင်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရမည်းသင်းမြို့နယ်အတွင်း ပဲကြီးဧက ၆၈၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာ ပဲကြီး ၆၈၅၄ ဧကစိုက်ပျိုးနိုင်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲကြီးစိုက်တောင်သူတွေကို စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။ (၁၈၅)

# စဥ့်ကူးမြို့နယ် ဆည်သည်(မြောက်)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**စဥ့်ကူး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးသပိတ်ကျင်းခရိုင် စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ဆည်သည်(မြောက်)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံများက ဆည်သည်(မြောက်)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဆောင်ရွက်ပြီးစီးခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်သည်(မြောက်)ကျေးရွာ၌ အရှည်ပေ ၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၅၈၄ သန်း စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၅၈၄ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သက်မာ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် ၂၄ ပြည်ဝင် ဆန်ကွဲအိတ် ၉၇၀၀၀ တင်ပို့ရောင်းချခဲ့ရ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် ၂၄ ပြည်ဝင် ဆန်ကွဲအိတ် ၉၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဥမ္မာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အောက်တိုဘာလက ၂၄ ပြည်ဝင်ဆန်ကွဲအိတ် ၇၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ၂၄ ပြည်ဝင်ဆန်ကွဲအိတ် ၉၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က ဆန်ကွဲတွေ ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချတာများပါတယ်။ တစ်နိုင်တစ်ပိုင် တင်ပို့ရောင်းချတဲ့သူတွေလဲရှိသလို ပွဲရုံလုပ်ငန်းရှင်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဈေးကောင်းရသလို ကုန်ပစ္စည်းတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိ တင်ပို့နိုင်ပါတယ်။ ဆန်ကွဲအိတ်တွေကို နိုဝင်ဘာလ ပထမပတ်လောက်ကနေ စတင်ပြီး ဝယ်ယူမှုက သိသိသာသာကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဆန်ကွဲတွေမှာယူမှုအားကောင်းပါတယ်။ ပြည်ပဆန်ကွဲဈေးကွက် ပြန်ကောင်းလာလို့ အခုလို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာကြောင့် ဒေသက ဆန်ကွဲတွေတင်ပို့ရောင်းချမှု အားကောင်းလာတာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်ရှိ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဥမ္မာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ၂၄ ပြည်ဝင် ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ဈေးရရှိပြီး အဆိုပါဆန်ကွဲများ ပိုမိုတင်ပို့ရောင်းချရသဖြင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သည့် လုပ်ငန်းရှင်များ အဆင်ပြေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သမိုင်းဝင်မင်းလှနှင့် ကွေ့ချောင်းခံတပ်

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအောက်ပိုင်းသည် အင်္ဂလိပ်တို့ လက်အောက်သို့ကျရောက်ပြီးချိန်တွင် အထက်မြန်မာနိုင်ငံကိုအုပ်စိုးနေသည့် မင်းတုန်းမင်းသည် အင်္ဂလိပ်တို့ ကျူးကျော်ရန်စမှုကို ကာကွယ်နိုင်ရန် အစီအမံများ ဆောင်ရွက်ခဲ့သည်။ မင်းတုန်းမင်း နန်းတက်ချိန်တွင် မြန်မာနိုင်ငံအကျယ်အဝန်းသည် မူလအကျယ်အဝန်း၏ သုံးပုံတစ်ပုံသာ ရှိခဲ့သည်။ မင်းတုန်းမင်းနှင့် ညီတော်ကနောင်မင်းသားတို့သည် ခရစ်နှစ် ၁၈၅၄ ခုနှစ်မှစ၍ ခေတ်မီစက်ရုံအလုပ်ရုံများတည်ထောင်ခြင်း၊ ငွေကြေးစနစ်သစ်ကိုထူထောင်ခြင်း၊ ဒင်္ဂါးများသွန်းလုပ်ခြင်း၊ လူငယ်လူရွယ်များကို ပြည်ပသို့စေလွှတ်၍ ခေတ်မီနည်းပညာများကို သင်ယူစေခြင်းတို့ကို ဆောင်ရွက်ကာ မြန်မာနိုင်ငံကို စက်မှုနိုင်ငံတည်ထောင်ရန် အားထုတ်သည်။

ထိုအစီအမံများတွင် ဧရာဝတီမြစ်ရိုးတစ်လျှောက်၌ ခံတပ်များဆောက်လုပ်ခြင်းလည်း ပါဝင်ခဲ့ရာ ဆင်ပေါင်ဝဲတွင် စစ်အောင်ခန်းကတုတ်၊ ပန်တော်ပြင်ကတုတ်၊ ထူးပေါက်ကတုတ်၊ မင်းလှတွင် မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်၊ အင်းဝတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းတွင် အစေခံခံတပ်၊ အမရပူရတွင် သပြေတန်းခံတပ်တို့ကို တည်ဆောက်ခဲ့သည်။

**မင်းလှမြို့နယ်၏ နောက်ခံ**

မြန်မာနိုင်ငံတွင် မင်းလှအမည်ဖြင့် မြို့နယ်နှစ်ခုရှိသည့်အနက် မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းလှမြို့နယ်ကို အထက်မင်းလှမြို့နယ်ဟုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မင်းလှမြို့နယ်ကို အောက်မင်းလှဟုလည်းကောင်း ပြည်သူလူထုက ခွဲခြားခေါ်ဆိုခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်သည် အမ်းမြို့နယ်နှင့် ငဖဲမြို့နယ်၏ အရှေ့ဘက်၊ မင်းဘူးမြို့နယ်နှင့် ငဖဲမြို့နယ်၏ တောင်ဘက်၊ သရက်မြို့နယ်နှင့် မင်းတုန်းမြို့နယ်၏ မြောက်ဘက်၊ မကွေးမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်၏ အနောက်ဘက်တွင် တည်ရှိ၍ ၉၁၅ ဒသမ ၅ စတုရန်းမိုင်ကျယ်ဝန်းသည်။ မင်းလှမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၄ ပေမြင့်ကာ မင်းလှမြို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိသည်။

မြန်မာမင်းများလက်ထက်တွင် မင်းလှသည် ရွာငယ်လေးတစ်ရွာသာဖြစ်ခဲ့ပြီး မလွန်လက်အောက်တွင်ရှိခဲ့သည်။ သို့သော် မြို့ဝန်နှင့် နားခံတော်တို့သည် မင်းလှတွင် နေထိုင်ခဲ့ကြသည်။ ခရစ်နှစ် ၁၈၅၄ ခုနှစ်တွင် အာမေးနီးယန်းလူမျိုးမဏ္ဍတစ်သည် အင်္ဂလိပ်တို့လက်အောက်တွင်မနေလိုသဖြင့် မျိုးချစ်မြန်မာတစ်စုကို ဦးဆောင်လျက် စွန့်ပစ်ထားသောရွာဟောင်းနေရာတွင် မင်းလှမြို့ကိုတည်ခဲ့ကာ မြို့ဝန်အဖြစ်အုပ်ချုပ်ခဲ့သည်။ မင်းလှမြို့ကိုတည်ထောင်ပြီးနောက် မလွန်ကမှေးမှိန်သွားခဲ့သည်။ ထို့ကြောင့် မင်းလှအစ မလွန်ကဟု ဆိုစမှတ်ရှိခဲ့သည်။

မြန်မာ့စွယ်စုံကျမ်းတွင် မင်းလှမြို့တည်နေရာသည် ရှေးအခါက ကျွန်းတစ်ခုဖြစ်ခဲ့ပြီး ထိုကျွန်းပေါ်တွင် ရွှေဝနှင့် မမင်းလှအမည်ရှိ တံငါသည်ဇနီးမောင်နှံ နေထိုင်ခဲ့ကြောင်း၊ အနီးဝန်းကျင်တွင် နေထိုင်ကြသူများက ကျွန်းပေါ်တွင် မမင်းလှတို့နေထိုင်သည်ကို အကြောင်းပြု၍ မမင်းလှကျွန်းဟုခေါ်ကြရာမှ စကားရွေ့၍ မင်းလှဖြစ်လာသည်ဟုဆိုကြောင်း ရေးသားထားသည်။

လက်ရှိ မင်းလှမြို့ကို ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက ၁၉၇၂ ခုနှစ် ဇွန် ၁၉ ရက်တွင် ဖွဲ့စည်း၍ မင်းလှမြို့နယ်တွင်ပါဝင်သည့် ကျေးရွာအုပ်စု ၆၃ အုပ်စုကို ၁၉၈၄ ခုနှစ် ဧပြီ ၂၇ ရက်တွင် သတ်မှတ်ခဲ့သည်။ ယခုအခါတွင် မင်းလှမြို့နယ်သည် သရက်ခရိုင်တွင် ပါဝင်သည်။ မင်းလှမြို့နယ်တွင် ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄၃ အုပ်စုနှင့် ကျေးရွာ ၁၅၃ ရွာရှိ၍ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်ထိ မင်းလှမြို့နယ် လူဦးရေသည် ၁၃၁၇၄၀ ဖြစ်ပါသည်။

**သမိုင်းဝင်စံတပ်နှစ်ခု**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် တည်ရှိသော မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်တို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲနှင့်အတူ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် ခုခံရေးအခြေစိုက်စခန်းများဖြစ်ကြသည်။ ၎င်းခံတပ်နှစ်ခုသည် ဧရာဝတီမြစ်၏တစ်ဖက်ရှစ်လက်မ၊ အနံ ၈၈ ပေ လေးလက်မရှိကာ စတုရန်းပုံမကျတကျဖြစ်သည်။ ခံတပ်၏ မြောက်ဘက်နံရံအုတ်ရိုးအပြင်တွင် ဒုတိယအုတ်ရိုးတစ်ခုကို ကာရံထားသည်။ ၎င်းအုတ်ရိုးနှစ်ခုကြားကို မြေဖို့ထားရာ အမြင့် ကိုးပေ ၁၀ လက်မရှိသည်။ မင်းလှခံတပ်၏ နံရံအထူသည် ၁၇ ပေ သုံးလက်မရှိပြီး အုတ်ရိုးအမြင့်သည် အတွင်းဘက်၌ ၂၃ ပေ ငါးလက်မနှင့် အပြင်ဘက်၌ ၂၅ ပေ ကိုးလက်မရှိသည်။

မင်းလှခံတပ်တွင် တံခါးပေါက် ၁၆ ပေါက်နှင့် လှေကား လေးစင်းပြုလုပ်ထားသည်။ ခံတပ်အောက်ဘက်တွင် စစ်သည်များနေထိုင်ရန်နှင့် ရိက္ခာများ သိုလှောင်နိုင်ရန် အခန်း ၂၁ ခန်း တည်ဆောက်ထား



သမိုင်းဝင်မင်းလှခံတပ်ကို တွေ့ရစဉ်။

တစ်ချက်စီတွင် တည်ရှိနေကြပြီး ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်များက ရတနာပုံနေပြည်တော်ကို သိမ်းပိုက်ရန်ချီတက်လာစဉ် မင်းထင်မင်းလှရဲခေါင်သူရိန်နှင့် တပ်သား ၅၀၀ ကျော်တို့သည် မင်းလှခံတပ်ကို ခြေကုပ်ယူလျက် ခုခံတိုက်ခိုက်ခဲ့ကြသည်။ ယခုအချိန်တွင် မင်းလှခံတပ်နှင့်ကွေ့ချောင်းခံတပ်တို့သည် သက်တမ်း နှစ် ၁၆၀ ကျော်ခဲ့ပြီဖြစ်ပြီး သမိုင်းဝင်ရှေးဟောင်းခံတပ်များအဖြစ် ထင်ရှားလျက်ရှိပေသည်။

မင်းလှမြို့ကိုအစွဲပြုလျက် အမည်တွင်ခဲ့သည့်မင်းလှခံတပ်သည် မြေပေါ်ခံတပ်ဖြစ်ပြီး စတုရန်းပုံရှိသည်။ မြစ်တစ်ဖက်ကမ်းရှိ ကွေ့ချောင်းခံတပ်သည် မြေတွင်းခံတပ်ဖြစ်သည်။ ခံတပ်နှစ်ခုစလုံးကို မင်းတုန်းမင်း၏ ညီတော် အိမ်ရှေ့စံ ကနောင်မင်းသား ဦးဆောင်လျက် ပြင်သစ်လူမျိုး အင်ဂျင်နီယာ ကိုမိုတိုပယ်ရီ၊ အီတလီလူမျိုး အင်ဂျင်နီယာ မိုလီနာရီနှင့် နိုင်ငံခြားတွင် ပညာသင်ယူခဲ့သည့် မြန်မာအင်ဂျင်နီယာလူငယ်များ ပူးပေါင်း၍ သက္ကရာဇ် ၁၂၂၃ ခုနှစ်(ခရစ်နှစ် ၁၈၆၁ ခုနှစ်)တွင် တည်ဆောက်ခဲ့သည်။ မင်းလှနှင့်ကွေ့ချောင်းခံတပ်နှစ်ခု တည်ဆောက်ရာတွင် ဒေါင်းဒင်္ဂါး ကျပ်ပြားငွေ ခုနစ်သိန်းကျော် ကုန်ကျခဲ့သည်။

ခံတပ်များဆောက်လုပ်သည့် သက္ကရာဇ် ၁၂၂၃ ခုနှစ်ကို "အချောင်ကြံစည်"ဟု မှတ်သားခဲ့ကြသည်။ နယ်ချဲ့များ၏ မြန်မာနိုင်ငံကို အချောင်ရယူလိုမှုအဖြစ်ဖော်ညွှန်းသည့် ခံတပ်တည်သက္ကရာဇ်မှတ်သားမှုသည် များစွာအဓိပ္ပာယ်နက်ရှိုင်းလှပေသည်။

ဧရာဝတီမြစ်ကြောင်းအတိုင်း ရတနာပုံနေပြည်တော်သို့ ဆန်တက်လာမည့် အင်္ဂလိပ်သင်္ဘောများကို အပေါ်စီးက တိုက်ခိုက်နိုင်ရန် မင်းလှခံတပ်ကို တည်ဆောက်ခဲ့သည်။ မင်းလှခံတပ်သည် အပြင်ဘက်၌ အလျား ၁၇၃ ပေ ခုနစ်လက်မ၊ အနံ ၁၃၁ ပေ လေးလက်မရှိပြီး အတွင်းဘက်၌ အလျား ၁၀၈ ပေ ရာ ခံတပ်အရှေ့ဘက်တွင် ခုနစ်ခန်း၊ အနောက်ဘက်တွင် လေးခန်း၊ တောင်ဘက်တွင် ခြောက်ခန်းနှင့် မြောက်ဘက်တွင် လေးခန်းရှိသည်။

မင်းလှခံတပ် တည်ဆောက်မည့် အုတ်များကို မင်းလှမြို့၏တောင်ဘက် အင်းဖျားဒေသနှင့်အနောက်တောင်ဘက်ရှိ လက်လန်ရွာအနီးနေရာများ၌ ဖုတ်ခဲ့သည်။ ထိုစဉ်က အုတ်ဖုတ်ခဲ့သည့် နေရာများသည် ချိုင့်ခွက်ကြီးများဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် အင်းကြီးများ သဖွယ်ဖြစ်လာခဲ့သည်။ သဲများကို မင်းလှ၏အထက်ပိုင်းရှိ မြင်းကျတောင်ကမ်းပါးမှ သယ်ယူခဲ့သည်။ မင်းလှခံတပ်ကို ဆောက်လုပ်ရာတွင် သုံးစွဲခဲ့သည့် အင်္ဂတေကို ထုံး၊ သဲ၊ ရေ၊ ထန်းလျက်၊ အုံတုံနှင့် ကျွဲကော်တို့ကို မောင်းဆုံတွင် စေးပျစ်လာသည်ထိ ထောင်းပြီး အသုံးပြုခဲ့သည်။ ထိုထောင်းထားသည့် အင်္ဂတေများကို နံရံများဆီသို့ ပစ်ပေါက်ကြည့်ပြီး ကွာမကျမှသာ အင်္ဂတေအဖြစ်သုံးစွဲခဲ့သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားပေသည်။

ခံတပ်အတွင်း၏ မြောက်ဘက်နှင့် တောင်ဘက်နံရံများမှ ခံတပ်အပေါ်စင်္ကြံသို့တက်ရန် လှေကားနှစ်ခုပြုလုပ်ထားသည်။ ၎င်းစင်္ကြံလမ်းသည် ၂၁ ပေ ခြောက်လက်မကျယ်ဝန်းပြီး ခံတပ်အပေါ်ထောင့်လေးဖက်တွင် စင်္ကြံလမ်းမှ အုတ်ရိုးပေါ်သို့တက်ရန် လှေကားများပြုလုပ်ထားသည်။ ၎င်းအုတ်ရိုးပေါ်တွင် ကင်းစောင့်သည့်နေရာနှင့် အလံတိုင်နေရာများရှိသည်။ ခံတပ်၏ အနောက်ဘက်ဝင်ပေါက် ဝဲယာနှစ်ဖက်တွင် ခံတပ်ပေါ်သို့ အမြောက်များတင်သည့် ဆင်ခြေလျှောလမ်းပြုလုပ်ထားကာ ထိုဆင်ခြေလျှောလမ်းကို အသုံးပြု၍ ခံတပ်အတွင်းသို့ အဝေးပစ်အမြောက်များ သယ်ဆောင်တပ်ဆင်ခဲ့သည်။

မင်းလှခံတပ် ဆောက်လုပ်ပြီးစီးချိန်တွင် ကနောင်မင်းသားကြီးနှင့် ပြင်သစ်စစ်ဘက်အရာရှိများသင်ကြားပေးထားသည့် တပ်မတော်သားများသည် နယ်ခြားကင်းတပ်ခွဲများအဖြစ်ရောက်ရှိလာခဲ့ကြကာ မင်းလှခံတပ်တွင်တပ်စွဲလျက် တာဝန်များထမ်းဆောင်ခဲ့ကြသည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်(ခရစ်နှစ် ၁၈၈၅ ခုနှစ်နိုဝင်ဘာ ၁၄ ရက်)တွင် ဗိုလ်ချုပ်ပရင်ဒါဂတ်ဦးစီးသော အင်္ဂလိပ်စစ်သင်္ဘောများသည် ဆင်ပေါင်ဝဲမြို့၏ အောက်ဘက် ၁၂ မိုင်ရှိ ဒဂုံမော်ကျောက်တိုင်ကိုကျော်ဖြတ်၍ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့သည်။ ထိုစဉ်က ဒဂုံမော်သည် အင်္ဂလိပ်-မြန်မာ နယ်စပ်ဖြစ်သဖြင့် မြန်မာပိုင်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် အင်္ဂလိပ်စစ်တပ်ကို မြန်မာတို့က ဆီးကြိုတိုက်ခိုက်ခဲ့ရာ ပြင်းထန်သောတိုက်ပွဲများဖြစ်ခဲ့သည်။

အင်္ဂလိပ်စစ်သင်္ဘောများသည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့ပြီး ဆင်ပေါင်ဝဲ၊ စစ်အောင်ခန်းခံတပ်တွင် တပ်စွဲထားသည့်မြန်မာ့တပ်နှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ အင်္ဂလိပ်စစ်သင်္ဘောများသည် ဆင်ပေါင်ဝဲတပ်ကို ဗုံးများ၊ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အင်အားမမျှသဖြင့် မြန်မာတပ်များဆုတ်ခွာခဲ့ရသည်။ အင်္ဂလိပ်တို့သည် မြစ်ကမ်းတွင်ဆိုက်ကပ်သော မြန်မာမင်းပိုင် "တုလွတ်ယာဉ်ကျော်"သင်္ဘောကိုသိမ်းပိုက်၍ သရက်မြို့နယ်သို့ ယူဆောင်သွားခဲ့ကြသည်။ အင်္ဂလိပ်များသည် ဆင်ပေါင်ဝဲစစ်အောင်ခန်းခံတပ်ကို သိမ်းယူပြီးနောက် ထူးပေါက်ကတုတ်၊ ပန်တော်ပြင်ကတုတ်နှင့် မင်းလှခံတပ်တွင်တပ်စွဲထားသည့် မြန်မာတပ်များနှင့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။

**ကွေ့ချောင်းစံတပ်**


မင်းလှခံတပ်၏ တစ်ဖက်ကမ်းတွင်ရှိသော ကွေ့ချောင်းခံတပ်မှ မြန်မာတပ်များကလည်း အင်္ဂလိပ်စစ်သင်္ဘောများကို ခုခံတိုက်ခိုက်ခဲ့သည်။ ကွေ့ချောင်းခံတပ်ကို ဒေသခံများက ငွေးချောင်းခံတပ်ဟုလည်း ခေါ်ဆိုကြသည်။ ကွေ့ချောင်းခံတပ်သည် မကွေးမြို့နယ် မြင်ကွန်းတိုက်နယ်အတွင်း ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်း၌ တည်ရှိသည်။ မင်းလှခံတပ်နှင့်ကွေ့ချောင်းခံတပ်တို့သည် မားလွယ်ခုတ် အနေအထားရှိနေကြသည်။ ကွေ့ချောင်းခံတပ်ကို ဧရာဝတီမြစ်ကမ်းနဖူးမှ ၃၅ ပေအကွာ၊ ရေမျက်နှာပြင်မှ ပေ ၄၅၀ ခန့်မြင့်သောတောင်ကုန်းပေါ်တွင် တည်ဆောက်ထားသည်။ ခံတပ်တည်ထားသည့်ကုန်းကို တပ်ကုန်း၊ ကုလီကုန်းဟု ခေါ်ဆိုကြသည်။ ကွေ့ချောင်းခံတပ်အနီးတွင် ၂၁၉ ပေမြင့်သည့် တောင်ကုန်းပေါ်၌ စေတီတစ်ဆူရှိပြီး ထိုစေတီနှင့် ခံတပ်သည် ဧရာဝတီမြစ်ကို အပေါ်စီးမှ ကောင်းစွာမြင်ရသည့်နေရာများဖြစ်သဖြင့် ကွေ့ချောင်းခံတပ်ကို ရန်သူသင်္ဘောများအား အလွယ်တကူတိုက်ခိုက်နိုင်ရန် ထိုနေရာ၌ တည်ဆောက်ခဲ့သည်ဟု ယူဆနိုင်ပေသည်။

ထောင့်မှန်စတုဂံပုံ ကွေ့ချောင်းခံတပ်သည် မြောက်မှတောင်သို့ အလျား ပေ ၂၄၀၊ အနံ ၁၅၅ ပေ ရှိသည်။ ကွေ့ချောင်းခံတပ်သည် မြေတွင်းခံတပ်ဖြစ်ပြီး ခံတပ်ကို နှစ်ပိုင်းခွဲထားကာ မြောက်ဘက်ခြမ်းကို တံတိုင်းအလုံကာရံထားသည်။ အဆိုပါ တံတိုင်းတွင် မီးပေါက် ၈၆ ပေါက်ရှိပြီး ခံတပ်တောင်ဘက်ပိုင်းတွင် အမြောက်တင် အုတ်ရိုးစင်မြင့်၊ အလံတိုင်စိုက်ထူသည့် စင်မြင့်၊ တပ်မှူးအမိန့်ပေးသည့် စင်မြင့်ရှိသည်။ ခံတပ်အောက်တည့်တည့်တွင် လိုဏ်ခန်းမကြီး တစ်ခုရှိပြီး အထက်နှင့်အောက်ကို အုတ်လှေကားတစ်ခုစီဖြင့် ဆက်သွယ်ထားသည်။

မြေတွင်း၌ လက်နက်တိုက်ခန်းနှစ်ခုပြုလုပ်ထားပြီး တစ်ခုမှာ လိုဏ်အတွင်း အနောက်ဘက်နံရံမှဝင်ရသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၃၅ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီဘာလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၄၀၃၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၀၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ နှမ်း ၁၄၀၃၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ ၁၄၀၃၅ ဧက စိုက်ပျိုးပြီးပါပြီ။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် နှမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိစိုက်ပျိုးခဲ့ရာ ၁၄၀၃၃ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

## မင်္ဂလာတရား ရင်မှာပွား

- မေတ္တာကို လက်ကိုင်ထားလို့
နှလုံးသား အလှဆင်၊
ဒေါသမာန် အမုန်းများ
ဖယ်ရှားရှောင်ကြဉ်၊
တစ်ဦးနှင့်တစ်ဦး အပြစ်မမြင်
ချစ်ခင်စွာ နေထိုင်ပေး၊
ဤမြေကမ္ဘာ ဘေးမသန်းလို့
အေးချမ်းစေမနှေး။

- ကရုဏာ နှလုံးသွေးနဲ့
အပြုံးလေး ရှေ့ဆောင်ကာ၊
တစ်ပါးသူ အကျိုးအတွက်
ဆောင်ရွက်စဉ်သာ၊
သုံးဆယ့်ရှစ်ပါး မင်္ဂလာ
ရင်တွင်းမှာ ဆောက်တည်လျက်၊
အကြင်နာ ရင်မှာပွားကွယ်
လှပ်ရှားရှေ့ဆက်။

- အသိဉာဏ် အစွမ်းထက်လို့
ကမ်းလက်တို့ ဆင့်ကာလေ၊
အားငယ်သူ ဖေးကူမ
လမ်းပြဆောင်စေ၊
ဖြူစင်ခြင်း မေတ္တာဝေ
ချစ်သဒ္ဒါတွေ ဖြန့်ကြက်အထူး၊
မုဒိတာ စိတ်လေးလွှမ်းလို့
လန်းဆန်းကြည်နူး။ ။

**ရဲသွေးနီ(တက်ဝန်)**

➤ စာမျက်နှာ ၄ မှအဆက်

ကျန်တစ်ခုသည် အရာရှိများရုံးခန်း၏ အနောက်ဘက်တည့်တည့်တွင် ရှိသည်။ လက်နက်တိုက်များ၏ အဝအုတ်ရိုးတွင်တံခါးနှစ်ခုတပ်ဆင်ထားပြီး အတွင်းဘက်ခန်းမတစ်ခု၌ အခန်းကလေးတစ်ခုကို ငုံ၍ဆောက်လုပ်ထားသည်။ ထိုအခန်းအတွင်းသို့ အပြင်မှလေဝင်နိုင်ရန် စီမံဆောက်လုပ်ထားသည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီးတွင် ရန်သူ့လက်သို့ မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်များကျခဲ့ရပုံကို "မင်းလှခံမြို့၊ ကွေ့ချောင်းခံမြို့များကို အင်္ဂလိပ် စစ်သည်တို့က ကြည်းအား၊ ရေအားချီတက် စစ်နှစ်ဖက်ညှပ်၍ ပုံးအမြောက်၊ သေနတ်၊ လက်နက်တို့နှင့် ပစ်ခတ်တိုက်ခိုက်ကြရာ ပြည်လုံးအုံ့လှေသင်းဗိုလ်၊ ရွှေကြီးလှေသင်းဗိုလ်တို့ကလည်း အမြောက်၊ သေနတ်၊ လက်နက်များနှင့် မီးပေါက်မိုးရွာ၏သို့ ခုခံပစ်ခတ်တိုက်ခိုက်သဖြင့် အင်္ဂလိပ်ကြည်းကြောင်းတပ်များ မတက်နိုင်ဘဲ တန့်၍နေပြီးနောက် အထိအခိုက်အရှုအနခံ၍ မြို့ခြေရောက် ချဉ်းကပ်လာသည်တွင် စစ်သည်ဗိုလ်ခြေအင်အားချင်းမမျှသောကြောင့် မြန်မာရဲမက်တော် လူ ၇၀၀၊ အမြောက်လုံးရေ ၃၅ နှင့်တကွ မင်းလှခံမြို့ကို အင်္ဂလိပ်စစ်ဗိုလ်ကြီးက ရလေသည့်အပြင် ကွေ့ချောင်းခံမြို့ကိုလည်း အင်္ဂလိပ်စစ်သည်တို့က ရလေ၏"ဟု ရေးသားမှတ်တမ်းတင်ထားသည်။

လူအင်အား၊ လက်နက်အင်အားကွာခြားမှုများကြောင့် မင်းလှခံတပ်ကျခဲ့ရကာ မြန်မာဘက်မှ ဦးရေ ၁၇၀ ကျဆုံးပြီး ၂၇၆ ဦးအဖမ်းခံခဲ့ရသည်။ အင်္ဂလိပ်တို့ဘက်မှ စစ်ဗိုလ်တစ်ဦးအပါအဝင် စစ်သည် ရှစ်ဦးကျဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။

သမိုင်းဝင်မင်းလှနှင့် ကွေ့ချောင်းခံတပ်များကို ၁၉၅၇ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားသောနေရာများတွင် တစ်ခုအပါအဝင်ဖြစ်လာခဲ့သည်။ တစ်ချိန်သောကာလက မိမိတို့နိုင်ငံကို ကျူးကျော်သူများ၏ရန်ကို အစွမ်းကုန်ကာကွယ်မှုပြုခဲ့သည့် အခြေစိုက်ခံတပ်များသည် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် သူ့ကျွန်မခံလိုမှုတို့ကို ဂုဏ်ယူဖွယ်သက်သေဖော်ညွှန်းလျက်ရှိနေပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)**
- **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး(ဦးမောင်မောင်တင်)**
- **မင်းလှစံတပ်(နတ်မောက်ဘုန်းကျော်)**
- **မင်းလှမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

# ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်တုန်း ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားစေရန်နှင့် ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ တူးချောင်းကျေးရွာအုပ်စု တူးချောင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာရှိ စုရပ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အသင်းဝင်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၀ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တူးချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၂၀ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# နိုင်ငံတကာ သတင်းများ

## ပင်လယ်နီ နိုင်ငံစုံရေတပ်အုပ်စုဖွဲ့စည်းမှု အမေရိကန်ကာကွယ်ရေးဝန်ကြီး ကြေညာ

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

ပင်လယ်နီဒေသ၌ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလုပ်ငန်းများကိုကာကွယ်ရေးအတွက် နိုင်ငံစုံရေတပ်စစ်ဆင်ရေးအုပ်စုဖွဲ့စည်းမှုကို အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က ယနေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

ယီမင်အခြေစိုက် ဟူသီသူပုန်များက ပင်လယ်နီဒေသအတွင်း သွားလာနေသည့် သင်္ဘောများကို တိုက်ခိုက်ခဲ့ပြီးနောက် ပင်လယ်နီဒေသ နိုင်ငံစုံရေတပ်စစ်ဆင်ရေးအုပ်စုဖွဲ့စည်းကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ကြေညာခဲ့ခြင်းဖြစ်သည်။

ပင်လယ်နီနိုင်ငံစုံရေတပ်စစ်ဆင်ရေးအုပ်စုတွင် အမေရိကန်၊ဗြိတိန်၊ ဘာရိန်း၊ကနေဒါ၊ပြင်သစ်၊အီတလီ၊ နယ်သာလန်၊နော်ဝေ၊ဆေးရှဲလ်နှင့် စပိန်နိုင်ငံတို့မှ ရေတပ်သင်္ဘောများ ပါဝင်မည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ပင်လယ်နီနိုင်ငံစုံရေတပ်စစ်ဆင်ရေးအုပ်စုသည် ပင်လယ်နီတောင်ပိုင်းနှင့် အေဒင်ပင်လယ်ကွေ့တို့၌ ပူးတွဲကင်းလှည့်မှုများ ပြုလုပ်မည်ဖြစ်သည်။

ဟူသီသူပုန်အုပ်စု၏လုပ်ရပ်များကိုတုံ့ပြန်ရေးအတွက် ပင်လယ်နီနိုင်ငံစုံ ရေတပ်စစ်ဆင်ရေးအုပ်စုတွင်ပါဝင်ကြရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က အခြားကမ္ဘာ့နိုင်ငံများကိုလည်း တိုက်တွန်းထားသည်။

ဟူသီသူပုန်အုပ်စုသည် အစ္စရေးနှင့်ဂါဇာကမ်းမြောင် အခြေစိုက်ဟားမတ်စ်အုပ်စုတို့အကြား အောက်တိုဘာ ၇ ရက်တွင် စစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက် ပင်လယ်နီဒေသ၌ သွားလာနေသည့်ကုန်တင်သင်္ဘောများကို တိုက်ခိုက်ခြင်း၊ဖမ်းဆီးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## မြောက်ကိုရီးယားနယ်စပ်ရှိ ကုလတပ်ဖွဲ့ဝင်များ လက်နက်များ ပြန်လည်ကိုင်ဆောင်ခွင့်ရရှိ

**ဆိုးလ် ဒီဇင်ဘာ ၁၉**

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံတို့၏ပူးတွဲလုံခြုံရေးဇရိယာဖြစ်သော ပန်မွန်ဂျုံငြိမ်းချမ်းရေးကျေးရွာ တောင်ကိုရီးယားနိုင်ငံဘက်ခြမ်းရှိ နိုင်ငံတကာတပ်ဖွဲ့ဝင်များအနေဖြင့် လက်နက်များပြန်လည်ကိုင်ဆောင်နိုင်မည် ဖြစ်ကြောင်း တောင်ကိုရီးယားအခြေစိုက် ကုလသမဂ္ဂစစ်ဌာနချုပ် (ယူအင်န်စီ)က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ပူးတွဲလုံခြုံရေး ဇရိယာ၏ မြောက်ကိုရီးယား ဘက်ခြမ်း၌ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များက လက်နက်ကိုင်ဆောင်လုံခြုံရေးရယူမှု ပြန်လည်စတင်ခဲ့ပြီးနောက် ယူအင်န်စီတပ်ဖွဲ့ဝင်များအား လက်နက်ပြန်လည်ကိုင်ဆောင်ခွင့် ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ယူအင်န်စီ၏ကြေညာချက်၌ ဖော်ပြထားသည်။

ယူအင်န်စီသည် လက်တွေ့အားဖြင့် စစ်ပွဲဖြစ်ပွားဆဲအခြေအနေတွင်သာရှိသေးသော တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံနယ်စပ်ပြဿနာများကို စောင့်ကြည့်နေသော ကုလသမဂ္ဂဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့ဖြစ်သည်။

တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတို့သည် ၂၀၁၈ ခုနှစ်တွင် ရယူခဲ့သည့် စစ်ရေးသဘောတူညီချက်အရ ပူးတွဲလုံခြုံရေးဇရိယာအတွင်း၌ နှစ်ဖက်တပ်များကို လက်နက်တပ်ဆင်ပေးခြင်းမပြုလုပ်ရန် သဘောတူထားသည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံက သူလျှိုဂြိုဟ်တုတစ်စင်း လွှတ်တင်ခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံသည် ၂၀၁၈ ခုနှစ်စစ်ရေးသဘောတူညီချက်၌ ပါဝင်မှုရပ်ဆိုင်းခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံကလည်း အဆိုပါ သဘောတူညီချက်ကို ဖျက်သိမ်း၍ နယ်စပ်လုံခြုံရေးတပ်များကို လက်နက်ကိုင်ခွင့်ပြန်ပေးခြင်းဖြင့် တုံ့ပြန်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အိန္ဒိယအတိုက်အခံအမတ် အနည်းဆုံး ၇၉ ဦး လွှတ်တော်ဆွေးနွေးပွဲများ၌ ပါဝင်ခွင့်ယာယီအပိတ်ခံရ



**ဒေလီ ဒီဇင်ဘာ ၁၉**

လွှတ်တော်လုပ်ငန်းစဉ်များကို ဟန့်တားနှောင့်ယှက်ရန်ကြိုးစားခဲ့သော အတိုက်အခံလွှတ်တော်အမတ် အနည်းဆုံး ၇၉ ဦးကို အိန္ဒိယလွှတ်တော်က လွှတ်တော်ဆွေးနွေးပွဲများ၌ ပါဝင်ခွင့်ယာယီပိတ်ပင်ထားကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ဖြစ်ပွားခဲ့သည့် လွှတ်တော်လုံခြုံရေးချိုးဖောက်ခံရမှုကို လွှတ်တော်အစည်းအဝေးများ၌ထည့်သွင်းဆွေးနွေးရန်နှင့် အစိုးရကြေညာချက်ထုတ်ပေးရန် အတိုက်အခံလွှတ်တော်အမတ်များက ဒီဇင်ဘာ ၁၈ ရက်တွင်တောင်းဆိုခဲ့ပြီး အဆိုပါအတိုက်အခံလွှတ်တော်အမတ်များကို အိန္ဒိယလွှတ်တော်က လွှတ်တော်လုပ်ငန်းများ၌ ပါဝင်ခွင့်ယာယီပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယလွှတ်တော်သည်လွှတ်တော်လုံခြုံရေးချိုးဖောက်ခံရမှုပြဿနာကိုပင်အကြောင်းပြု၍ ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း လွှတ်တော်အမတ် ၁၄ ဦးကို လွှတ်တော်လုပ်ငန်းများ၌ပါဝင်ခွင့် ယာယီပိတ်ပင်ထားပြီးဖြစ်သည်။

ဒီဇင်ဘာ ၁၃ ရက်က အိန္ဒိယအောက်လွှတ်တော်အစည်းအဝေးခန်းမတွင်းသို့ အမျိုးသားတစ်ဦးဝင်ရောက်လာပြီး မီးခိုးဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့သည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ လွှတ်တော် ဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးရန်နှင့် ပြည်ထဲရေးဝန်ကြီးဌာနက ရှင်းလင်းချက်ထုတ်ပြန်ပေးရန် အတိုက်အခံလွှတ်တော်အမတ်များက တောင်းဆိုထားသည်။

သို့ရာတွင် လွှတ်တော်လုံခြုံရေးချိုးဖောက်ခံရမှုကို လွှတ်တော်ဆွေးနွေးပွဲများ၌ထည့်သွင်းဆွေးနွေးမည့်အစား အသေးစိတ်စုံစမ်းစစ်ဆေးမှုသာလုပ်သင့်သည်ဟု အိန္ဒိယအစိုးရက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ကွန်နာခရီမြို့ ရေနံဆိပ်ကမ်းပေါက်ကွဲပြီးနောက် လျှပ်စစ်မီးများပြတ်တောက်နိုင်ကြောင်း ဂီနီအစိုးရသတိပေး

**ကွန်နာခရီ ဒီဇင်ဘာ ၁၉**

ကွန်နာခရီမြို့တွင်းရှိ ရေနံဆိပ်ကမ်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ရှိလာနိုင်ကြောင်း ဂီနီနိုင်ငံအစိုးရက ဒီဇင်ဘာ ၁၈ ရက်တွင် သတိပေးထားသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ရေနံဆိပ်ကမ်းရှိ လောင်စာဆီသိုလှောင်ကန်အများစုမှာ ပုံမှန်အတိုင်း လုပ်ငန်းလည်ပတ်နိုင်မှုမရှိတော့ကြောင်း ဂီနီအစိုးရ၏အဆိုအရ သိရသည်။

ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းကဖြစ်ပွားခဲ့သည့် ရေနံဆိပ်ကမ်းပေါက်ကွဲမှုကြောင့် လူ ၁၄ ဦး သေဆုံး၍ ဦးရေ ၁၉၀ ဒဏ်ရာရခဲ့ပြီး ကွန်နာခရီမြို့လယ် ကာလိုအိမ်ခရိုင်တစ်ခုလုံးတုန်ခါခဲ့ရသည်။

လက်ရှိအချိန်တွင် ရေနံဆိပ်ကမ်းပေါက်ကွဲမှုရလဒ်အဖြစ် ရေနံဆိပ်ကမ်းလောင်စာဆီ သိုလှောင်ကန် ၁၃ ခုမှာ ပုံမှန်အတိုင်းလုပ်ငန်းလည်ပတ်နိုင်မှုမရှိတော့ဘဲ သိုလှောင်ကန်ငါးခုသာ အကောင်းအတိုင်းကျန်ရှိတော့ကြောင်း ဂီနီအစိုးရက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ရေနံဆိပ်ကမ်းပေါက်ကွဲမှုနောက်ခံအကြောင်းရင်းကိုဖော်ထုတ်ရန် ဂီနီအစိုးရက စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

အနောက်အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်သော ဂီနီနိုင်ငံသည် ရေနံထုတ်လုပ်သူနိုင်ငံမဟုတ်သလို ရေနံကိုပြန်လည်သန့်စင်ချက်လုပ်နိုင်စွမ်းလည်းမရှိခြင်းကြောင့် ပြည်ပမှရေနံထုတ်ကုန်များကိုဝယ်ယူတင်သွင်း၍ ကွန်နာခရီမြို့ ရေနံဆိပ်ကမ်း၌သိုလှောင်ထားပြီး တစ်ပြည်လုံးသို့ဖြန့်ဝေပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ဘင်္ဂလားဒေ့ရှ်၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများ အမြန်ရထားတွဲများကို မီးရှို့ခဲ့ဟုဆို

**ဒါကာ ဒီဇင်ဘာ ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြသမားများက ယနေ့တွင် ရထားတစ်စီးကိုမီးရှို့ခဲ့ရာ လူလေးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

လာမည့်လ အထွေထွေရွေးကောက်ပွဲမတိုင်မီ လက်ရှိအစိုးရနုတ်ထွက်ပေးရန် ဖိအားပေးသည့်အနေဖြင့် အဓိကအတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးဝါဒီပါတီ(ဘီအင်န်ပီ)က ပြည်လုံးကျွတ်သပိတ်မှောက်ရန်ဆော်ဩနေချိန်တွင် အဆိုပါဖြစ်စဉ်ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အောက်တိုဘာ ၂၈ ရက်မှစ၍ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ရာ တစ်ခါတစ်ရံဆန္ဒပြပွဲများမှာ အဓိကရုဏ်းအသွင် ပြောင်းသွားတတ်သည်။

အဆိုပါ ဆန္ဒပြပွဲများအတွင်း ဘတ်စကားနှင့် အခြားမော်တော်ယာဉ်အများအပြား မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ပဋိပက္ခဖြစ်စဉ်များကြောင့် အနည်းဆုံး လူခြောက်ဦးသေဆုံးခဲ့ရသည်။

ယနေ့တွင်လည်း အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများသည် အမြန်ရထားတစ်စီး၏ တွဲသုံးတွဲကို မီးရှို့ခဲ့ကြရာ သားအမိနှစ်ဦးအပါအဝင် လူလေးဦးသေဆုံးခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။



ထို့ပြင် ဆန္ဒပြသမားများသည် အမြန်ရထားတွဲများကို မီးရှို့ခဲ့သည့်အပြင် ရထားလမ်း အစိတ်အပိုင်းများကိုလည်း ဖယ်ရှားထားကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရမီးရထားဝန်ကြီးဌာနဝန်ကြီး နူရူလ်အစ္စလာမ်ဆူဂျန်၏ အဆိုအရ သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို ဒီဇင်ဘာ ၁၈ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများကို မူလက ဒီဇင်ဘာ ၁၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေများကြောင့် ဒီဇင်ဘာ ၁၈ ရက်မှသာ လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ကိုယ်ထည်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၅ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသော စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၅၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်နိုင်ငံ၏ ရှန်လောင်းအာကာသယာဉ်က လွှတ်တင်ပြီးလေးရက်အကြာတွင် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အရာဝတ္ထုခြောက်ခုကို နေရာချခဲ့

**ပေကျင်း ဒီဇင်ဘာ ၁၉**

တရုတ်နိုင်ငံ၏ ရှန်လောင်းအမည်ရှိ အာကာသယာဉ်သည် လွှတ်တင်ပြီး လေးရက်အကြာတွင် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အရာဝတ္ထုခြောက်ခုကို နေရာချခဲ့ကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ရှန်လောင်း အာကာသယာဉ်က ကမ္ဘာပတ်လမ်းကြောင်းပေါ် ပို့ဆောင်ထားသည့် အထက်ပါ ထူးဆန်းသော အရာဝတ္ထုခြောက်ခုကို ကမ္ဘာတစ်ဝန်းမှ အပျော်တမ်း အာကာသယာဉ် စောင့်ကြည့်သူများက ခြေရာခံစောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

အာကာသယာဉ်စောင့်ကြည့်သူများ၏အဆိုအရ တရုတ်အာကာသယာဉ်က ပတ်လမ်းပေါ်နေရာချထားသည့် အရာဝတ္ထုခြောက်ခုအနက် အချို့အရာဝတ္ထုများမှာ အချက်ပြလှိုင်းများ ထုတ်လွှတ်နေကြောင်း သိရသည်။

ရှန်လောင်းအာကာသယာဉ်သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမစ်ရှင်နှင့် ၂၀၂၂ ခုနှစ် ဩဂုတ်လမစ်ရှင်များတွင်လည်း ကမ္ဘာပတ်လမ်းပေါ်၌ ထူးဆန်းသည့်အရာဝတ္ထုများ နေရာချထားခဲ့ဖူးသည်။



တရုတ်နိုင်ငံသည် ရှန်လောင်းအာကာသယာဉ်ကို ဒီဇင်ဘာ ၁၄ ရက်က ချိကွန်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှန်လောင်းအာကာသယာဉ်သည် အမေရိကန်နိုင်ငံ၏ အိတ် ၃၇ ဘီ အာကာသယာဉ်ကဲ့သို့ပင် အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်သော အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## New Shepard ဒုံးပျံလွှတ်တင်ရေးအစီအစဉ်ကို မြေပြင်ပြဿနာတစ်ရပ်ကြောင့် ဘလူးအော်ရီဂျင်ကုမ္ပဏီ ဖျက်သိမ်းခဲ့ရ

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန်နိုင်ငံအခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Shepard ဒုံးပျံလွှတ်တင်ရေး အစီအစဉ်ကို မြေပြင်ပြဿနာတစ်ရပ်ကြောင့် ဖျက်သိမ်းခဲ့ရကြောင်း ဒီဇင်ဘာ ၁၈ ရက်သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် မူလက New Shepard ဒုံးပျံကို ဒီဇင်ဘာ ၁၈ ရက်တွင် တက္ကဆက်ပြည်နယ် ဗွန်ဟွန်းဒေသမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Shepard မစ်ရှင်ကို မြေပြင်ပြဿနာတစ်ရပ်ကြောင့် မလွှတ်တင်မီ ၁၄ မိနစ်ခန့်အလိုတွင် ဖျက်သိမ်းခဲ့ရသည်။

အဆိုပါမစ်ရှင်သည် ပြီးခဲ့သည့် ၁၅ လတာကာလအတွင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ ပထမဆုံး New Shepard မစ်ရှင်ဖြစ်ကြောင်း သိရသည်။

New Shepard ဒုံးပျံကို ယခုသီတင်းပတ်အတွင်းမှာပင် လွှတ်တင်နိုင်ရေးအတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီက ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလက New Shepard ဒုံးပျံကို နောက်ဆုံးတစ်ကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## Sepsis ပြဿနာကိုရင်ဆိုင်ရာတွင် သွေးစစ်နည်းတစ်မျိုးက အထောက်အကူပေးနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၉**

ဗက်တီးရီးယား ကူးစက်မှုကြောင့် သွေးအဆိပ်သင့်မှုပြဿနာ (Sepsis)ကို လျင်မြန်စွာဖော်ထုတ်ပေးနိုင်မည့် သွေးစစ်နည်းတစ်မျိုးသည် Sepsis ပြဿနာကို ရင်ဆိုင်ရာတွင် အထောက်အကူပေးနိုင်ကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုပါသွေးစစ်နည်းသစ်သည် လူ့ခုခံအားစနစ် အလွန်အကျွံတုံ့ပြန်နေချိန်ကို ဖော်ထုတ်ပေးနိုင်ပြီး ရလဒ်ကို ၄၅ မိနစ်အတွင်း ထုတ်ပေးနိုင်သည်။

Sepsis ရောဂါဖြစ်ပွားပါက လူ့ခုခံအားစနစ်သည် အလွန်အကျွံတုံ့ပြန်မှုရှိလာတတ်ပြီး ကိုယ်တွင်းအင်္ဂါများကို တိုက်ခိုက်လေ့ရှိသည်။

လက်ရှိအချိန်တွင် Sepsis ရောဂါဖော်ထုတ်ရေး သွေးစစ်နည်းကို ဗြိတိန်သုတေသနပညာရှင်များက လက်တွေ့စမ်းသပ်မှုများပြုလုပ်လျက်ရှိသည်။

စမ်းသပ်မှု ရလဒ်များအရ ထိရောက်မှုရှိကြောင်း အတည်ပြုနိုင်ပါက ဆေးပညာရှင်များအနေဖြင့် Sepsis ရောဂါကို လျင်မြန်စွာဖော်ထုတ်၍ ပဋိဇီဝဆေးများဖြင့် ကိုယ်တွင်းအင်္ဂါများ ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည်။

လူ့အသက်များစွာကို ကယ်တင်ရေးအတွက် Sepsis ရောဂါကို စောစောစီးစီး ဖော်ထုတ်နိုင်ရန် အရေးကြီးကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## ရှူသွင်းရန်လိုအပ်သည့်ဆေးမှုန့်သစ်တစ်မျိုးက ထိုးနှံရသည့်ဆေးများထက် အသက်ရှူလမ်းကြောင်းကူးစက်ရောဂါများကာကွယ်ရာတွင် ပို၍ထိရောက်နိုင်

**ပေကျင်း ဒီဇင်ဘာ ၁၉**

ရှူသွင်းရန်လိုအပ်သည့် ကာကွယ်ဆေးမှုန့်သစ် တစ်မျိုးသည် ထိုးနှံရသည့် ကာကွယ်ဆေးများထက် အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများကို ကာကွယ်ရာတွင် ပို၍ထိရောက်နိုင်ကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အချင်း ၂ ဒသမ ၈ မိုက်ခရွန်သာရှိသော ဆေးမှုန့်များကို အခြေခံထားသည့် အဆိုပါကာကွယ်ဆေးကို တရုတ်သိပ္ပံအကယ်ဒမီမှ သုတေသနပညာရှင်များက စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

အမှုန့်ပြုလုပ်ထားသည့် အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါကာကွယ်ဆေးများသည် အဆုတ်လေအိတ်ငယ်များအတွင်းသို့ တိုက်ရိုက်ရောက်ရှိနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ထိုးနှံရသည့်ကာကွယ်ဆေးများမှာမူ IgA နှင့် IgG ပဋိပစ္စည်းများ လုံလုံလောက်လောက် ထုတ်လုပ်နိုင်မှုမရှိခြင်းကြောင့် အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ ဦးစွာပထမ ကာကွယ်ပေးနိုင်မှုမရှိကြောင်း တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

IgA နှင့် IgG ပဋိပစ္စည်းများသည် လူ့ခုခံအားစနစ်တွင် အရေးပါသည့် အခန်းကဏ္ဍပါဝင်နေပြီး အသက်ရှူလမ်းကြောင်းစနစ် ကူးစက်ရောဂါများကို ကာကွယ်ရာတွင် အထောက်အကူပေးကြောင်း သိရသည်။

IgA ပဋိပစ္စည်းကို အသက်ရှူလမ်းကြောင်း တစ်လျှောက်တွင် တွေ့ရတတ်ပြီး IgG ပဋိပစ္စည်းကို သွေးနှင့်အခြားကိုယ်တွင်းအရည်ကြည်များ၌ တွေ့ရတတ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဆီဗီလာအသင်းက နည်းပြဆန်းချက်ဖလိုရက်စ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်းကြေညာ

**မက်ဒရစ် ဒီဇင်ဘာ ၁၉**

ဆီဗီလာအသင်းသည် ဂီတာဖေးအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြဒီယေဂိုအလွန်ဆိုကို ထုတ်ပယ်ခဲ့ပြီးနောက် ယခုအခါနည်းပြဆန်းချက်ဖလိုရက်စ်ကို နည်းပြသစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၅၈ နှစ်ရှိ နည်းပြဆန်းချက်ဖလိုရက်စ်သည် ယခင်က ဝက်ဖို့ဒ်အသင်း၊ အက်စ်ပန်ညိုအသင်း၊ အေတီကိုအသင်း၊ ဘင်ဖီကာအသင်း၊ ဗလင်စီယာအသင်းနှင့် ဂီတာဖေးအသင်းတို့ကို တာဝန်ယူခဲ့ပြီး ပြီးခဲ့သည့်ရာသီက ဂီတာဖေးအသင်းကို တန်းဆင်းဇုန်မှလွတ်မြောက်အောင်ကူညီပေးခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေခဲ့သော်လည်း ယခုအခါ ဆီဗီလာအသင်းက ဒီယေဂိုအလွန်ဆို၏ နေရာတွင် အစားထိုးခန့်အပ်ခဲ့သဖြင့် ၎င်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ဆီဗီလာအသင်း၏ တတိယမြောက်နည်းပြဖြစ်လာခဲ့သည်။

ဆီဗီလာအသင်းနှင့် နည်းပြဆန်းချက်ဖလိုရက်စ်တို့ကြားသဘောတူညီချက်တွင် လာမည့် ၂၀၂၅ ခုနှစ်ထိစာချုပ်ချုပ်ဆိုခဲ့ပြီး နည်းပြသစ်အနေဖြင့် လာမည့်အမှတ်ပေးပွဲစဉ်အဖြစ် ဂရန်နာဒါအသင်းနှင့် ကစားရမည့်ပွဲစဉ်ကို စတင်တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ဆီဗီလာအသင်းသည် ယူရိုပါလိဂ်ဆုဖလားရယူပေးသည့် နည်းပြမန်ဒီလီဘာလက်အောက်တွင် ခြေစွမ်းပိုင်းကျဆင်းလာခဲ့သဖြင့် ပြီးခဲ့သည့်အောက်တိုဘာလက နည်းပြဒီယေဂိုအလွန်ဆိုနှင့်အစားထိုးခဲ့ရာ ၎င်းအနေဖြင့်လည်း အမှတ်ပေးပြိုင်ပွဲရှစ်ပွဲဆက်တိုက် နိုင်ပွဲမရခဲ့သောကြောင့် အသင်းအနေဖြင့်အမှတ်ပေးဇယားအဆင့်(၁၇)သို့ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်မှ ကာဒီဇက်အသင်းနှင့် ရမှတ်တူညီခဲ့သဖြင့်အသင်းတာဝန်ရှိသူများက တန်းဆင်းဇုန်မှ လွတ်မြောက်နိုင်ရန်အတွက် နည်းပြ ဆန်းချက်ဖလိုရက်စ်ကို နည်းပြသစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : ML




## အားကစားသတင်း အတိုအထွာများ

- နော့တင်ဟမ်အသင်းက နည်းပြစတိဗ်ကူးပါးကို ထုတ်ပယ်ရန်ဆုံးဖြတ်ထားပြီး ၎င်းနေရာတွင် အယ်အီသီဟတ်အသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြဆန်းတို့စ်ကိုခန့်အပ်နိုင်ရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။
- မန်စီးတီးအသင်းက စပါးအသင်းနှင့် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ကစားသမားများအနေဖြင့် ကွင်းလယ်ဒိုင်ဆိုင်မွန်ကူးပါးကို ဖိအားပေးမှုများပြုလုပ်ခဲ့မှုကြောင့် အက်ဖ်အေက ဒဏ်ငွေစတာလင်ပေါင် ၁၂၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက အသင်းမှထွက်ခွာရန်ပြင်ဆင်နေသည့် တိုက်စစ်မှူးမူလာကို လာမည့် ၂၀၂၅ ခုနှစ်ထိသက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

ML

# ၂၀၂၃ ဖီဖာကလပ် ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ ဖလူမီနန်စီအသင်း တက်ရောက်



**ရီယာ့ဒ် ဒီဇင်ဘာ ၁၉**

ကိုပါလီဘာတာဒိုရက်စ်ချန်ပီယံ ဖလူမီနန်စီအသင်းနှင့်စီအေအက်ဖ်ချန်ပီယံ အယ်အာလီအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ဖီဖာကလပ်ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်တွင် ဖလူမီနန်စီအသင်းက နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အယ်အာလီအသင်းသည် ကွာတားဖိုင်နယ်အဆင့်မှစတင်ယှဉ်ပြိုင်ရပြီး ကွာတားအဆင့်တွင် အေအက်စ်စီဖလားချန်ပီယံအယ်အီသီဟတ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့ ရောက်ရှိခဲ့ကာ ဖလူမီနန်စီအသင်းနှင့် တွေ့ဆုံခဲ့ရာ ပွဲအစတွင် အယ်အာလီအသင်း၏ ထိန်းချုပ်ကစားမှုကြောင့် အခက်တွေ့ခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ကစားအားမြှင့်တင်ခဲ့သဖြင့် ပွဲချိန် ၇၁ မိနစ်တွင်ပင်နယ်တီမှ တစ်ဆင့် ဦးဆောင်ဂိုးရရှိခဲ့သကဲ့သို့ အယ်အာလီအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ထိန်းချုပ်နိုင်ခဲ့၍ အယ်အာလီအသင်းချေပဂိုးရရှိရန်ခက်ခဲခဲ့ပြီး ပွဲချိန် မိနစ် ၉၀ တွင် ဖလူမီနန်စီအသင်းက ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဖလူမီနန်စီ အသင်းသည် ဗိုလ်လုပွဲစဉ်၌ ယနေ့တွင်ယှဉ်ပြိုင်မည့် မန်စီးတီးအသင်းနှင့်အူရာဝါရာဒိုင်းမွန်းအသင်းတို့ ပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဥရောချန်ပီယံ မန်စီးတီးအသင်းနှင့် တွေ့ဆုံရန်သေချာနေသကဲ့သို့ ဗိုလ်လုပွဲစဉ်ကို လာမည့် ဒီဇင်ဘာ ၂၃ ရက် မြန်မာစံတော်ချိန် နံနက် ၁၂ နာရီ မိနစ် ၃၀ တွင် ဂျူရာဒက်မြို့ရှိ အဒူလ်လာဘုရင့်အားကစားကွင်း၌ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၂၃ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိခဲ့ပြီး ဂျူရာဒက်မြို့နှင့် ဂျက်ဒက်မြို့တို့ရှိ အဒူလ်လာဘုရင့်အားကစားကွင်းနှင့် အဒူလ်လာအယ်ဖိုင်ဆယ်လ် အားကစားကွင်းတို့တွင် ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# တောင်ပံကစားသမား ရာဖင်ဟာကိုရောင်းချရန် ဘာစီလိုနာအသင်းဆုံးဖြတ်

**ဘာစီလိုနာ ဒီဇင်ဘာ ၁၉**

ဘာစီလိုနာ အသင်းသည် လာမည့် အပြောင်းအရွှေ့ကာလအတွင်း ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် တောင်ပံကစားသမား ရာဖင်ဟာကိုရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး ကမ်းလှမ်းမှုများကို စောင့်မျှော်လျက်ရှိသည်။

ရာဖင်ဟာသည် ၂၀၂၂ ခုနှစ် ဇွန်လက လိဒ်ယူနိုက်တက်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် နည်းပြဇာဗီ၏ယုံကြည်မှုကိုရရှိခဲ့ကာ ပြိုင်ပွဲစုံ ၄၉ ပွဲတွင် သွင်းဂိုး ၂၀ ထိသွင်းယူနိုင်ခဲ့သော်လည်း ယခုအခါကစားသမားအနေဖြင့် ခြေစွမ်းပိုင်းကျဆင်းလာခဲ့ပြီး ယခုနှစ် အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် အသင်း၏ဘဏ္ဍာရေးအခက်အခဲကို ဖြေလျှော့နိုင်ရန်အတွက် အသင်းတာဝန်ရှိသူများက ၎င်းကို ရောင်းချရန်ဆုံးဖြတ်ထားသည်။

အသက် ၂၇ နှစ်ရှိ တောင်ပံကစားသမားရာဖင်ဟာကို ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် အာဆင်နယ်အသင်း၊ မန်ယူအသင်းနှင့် နယူးကာဆယ်အသင်းတို့ကလည်း ကာလရှည်စိတ်ဝင်စားလျက်ရှိပြီး ဆော်ဒီအာရေဗျကလပ် အသင်းများကလည်း မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် စီစဉ်နေသောကြောင့် ဘာစီလိုနာအသင်းက ကမ်းလှမ်းမှုများကို စောင့်မျှော်လျက်ရှိသည်။

ရာဖင်ဟာသည် ဘာစီလိုနာအသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် ၎င်းအနေဖြင့်ဆုဖလားများရယူနိုင်ရန်တွက် အသင်းတွင် ဆက်လက်ကစားရန် ဆန္ဒရှိနေသော်လည်း အသင်းတာဝန်ရှိသူများက ရာဖင်ဟာကိုရောင်းချ၍ ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် လာမည့်အပြောင်းအရွှေ့တွင် ၎င်းအနေဖြင့် အသင်းမှထွက်ခွာနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : RT
Trs : ML

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နောက်ကျောဒဏ်ရာကြောင့် ပါဝင်မည်မဟုတ်ကြောင်း အန်ဒရက်စ်ကူ ပြောကြား

**မဲလ်ဘုန်း ဒီဇင်ဘာ ၁၉**

ကနေဒါအဆင့်(၂) တင်းနစ်မယ် အန်ဒရက်စ်ကူသည် နောက်ကျောဒဏ်ရာဖြင့် ရင်ဆိုင်နေရပြီး လာမည့်ဇန်နဝါရီလတွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အန်ဒရက်စ်ကူသည် ပြီးခဲ့သော ဩဂုတ်လက Canadian Open တင်းနစ်ပြိုင်ပွဲတွင် နောက်ကျောဒဏ်ရာကြောင့် ပြိုင်ပွဲမှအနားယူခဲ့ရပြီးနောက် နောက်ကျောဒဏ်ရာ အားဆေးကုသမှု ပြုလုပ်နေရသူလည်းဖြစ်သည်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအမီ နောက်ကျောဒဏ်ရာ အားဆေးကုသမှုခံယူခဲ့သော်လည်း ဒဏ်ရာအခြေအနေသည် ပြိုင်ပွဲဝင်နိုင်လောက်သည်ထိ တိုးတက်လာခြင်းမရှိသေးသည့်အတွက်ကြောင့် ဆေးကုသမှု ဆက်လက်ခံယူရမည်ဖြစ်သည်။

အန်ဒရက်စ်ကူသည် ၂၀၂၄ ခုနှစ်အတွင်း ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် ကနေဒါနိုင်ငံကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရရန် အဓိကရည်မှန်းနေကြောင်း ပြောကြားခဲ့သည်။



အန်ဒရက်စ်ကူက "နောက်ကျောဒဏ်ရာကြောင့် ကျွန်မအနေနဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တော့မှာမဟုတ်တဲ့အကြောင်း ပရိသတ်တွေကိုဝမ်းနည်းစွာနဲ့အသိပေးအပ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လကတည်းကရခဲ့တဲ့ဒဏ်ရာကြောင့် အနားယူခဲ့ရတယ်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအမီ ဒဏ်ရာသက်သာအောင်ကြိုးစားခဲ့ပေမဲ့လဲ အဆင်မပြေဖြစ်ခဲ့ရတယ်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအပြီးမှာ ကျင်းပမဲ့ပြိုင်ပွဲတွေမှာတော့ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ပစ်မှတ်ထားနေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား၊အမျိုးသမီးဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်ကာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၊ ကွင်းအမှတ်(၃)နှင့် လယ်ဝေး အားကစားကွင်း(TC-2) တို့၌ ဆက်လက်ကျင်းပခဲ့သည်။

ဦးစွာ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ အဖြစ် ယနေ့နံနက် ၇ နာရီခွဲက ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း က သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီက လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲ ရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင် ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်း ကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ ပညာရေးဝန်ကြီးဌာနအသင်း နှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအသင်းက လေးဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင် ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ဝန်ကြီးဌာန ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု ပွဲစဉ်အဖြစ် ညနေ ၃ နာရီက လယ်ဝေးကွင်း(TC-2)၌ ဆောက် လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက လေးဂိုး ဂိုးမရှိ ဖြင့်လည်းကောင်း အသီးသီးအနိုင် ရရှိခဲ့ကြောင်း သိရသည်။ **STA**

# MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ့ပူဆယ်နှင့် သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပသည့် MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Fustal Stadium တွင် ဆက်လက်ကျင်းပခဲ့သည်။

ဦးစွာ MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအဖြစ် နံနက် ၈ နာရီက Linn Latt FC အသင်းနှင့် Dream Team FC အသင်းတို့ ကစားခဲ့ရာ Linn Latt FC အသင်း က ခြောက်ဂိုး နှစ်ဂိုးဖြင့်လည်း ကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ် က Let We Thone Nara အသင်း နှင့် MIU FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ရှစ်ဂိုး ဂိုးမရှိ ဖြင့်လည်းကောင်း၊နံနက် ၁၁ နာရီခွဲ က Futsal Chit Thu အသင်းနှင့် VUC FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က M2K FC အသင်းနှင့် Winner Soccer အသင်းတို့ကစား ခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ် ခဲ့ပြီး ညနေ ၃ နာရီက Futsal 19 FC အသင်းနှင့် Generations FC အသင်းတို့ကစားခဲ့ရာ Generations FC အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# Globe Soccer Awards ဆုပေးပွဲတွင် ပေးအပ်ချီးမြှင့်မည့် Maradona Award ဆုအတွက် ကစားသမားလေးဦးအပြိုင်ဖြစ်နေ

**ရိယာဒ် ဒီဇင်ဘာ ၁၉**

Globe Soccer Awards ဆုပေးပွဲတွင် ပေးအပ်ချီးမြှင့်မည့် ဆုများထဲမှ တစ်ဆုဖြစ်သည့် Maradona Award ဆုအတွက် ကစား သမားလေးဦး အပြိုင်ဖြစ်နေ ကြောင်း သိရသည်။

Maradona Award ဆုကို အာဂျင်တီးနားအသင်းနှင့် နာပိုလီ အသင်း ဂန္ထဝင်ကစားသမားကြီး မာရာဒိုနာကို ဂုဏ်ပြုသည့်အနေ ဖြင့် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က စတင်ပြီး ပြက္ခဒိန်နှစ် တစ်နှစ် အတွင်း သွင်းဂိုးအများဆုံးကစား သမားကို ရွေးချယ်ပြီးချီးမြှင့် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝမ်ဒေါစကီးက ဆွတ်ခူးနိုင်ခဲ့သည်။

လက်ရှိ ယခုနှစ်ကုန်ဆုံးရန် နီးကပ်လာသည့်အချိန်တွင် တစ်နှစ် တာအတွင်း သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် လက်ရှိ ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက အင်္ဂလန်အသင်း၊ အသင်းဟောင်း စပါးအသင်းတို့ နှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၅၁ ဂိုး ထိရှိနေပြီး သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေကာ ဟယ်ရီ ကိန်းအနေဖြင့် ယခုနှစ်အတွင်း ဘိုင်ယန်မြူးနစ်အသင်းနှင့် တစ်ပွဲ ကစားရန် ကျန်ရှိနေသည်။

အလားတူ ပီအက်စ်ဂျီအသင်း တိုက်စစ်မှူးအမ်ဘက်ပီသည်လည်း ပြင်သစ်အသင်းနှင့် ပီအက်စ်ဂျီ အသင်းတို့နှင့်အတူ ပြိုင်ပွဲစုံသွင်းဂိုး ၅၀ ထိရှိနေပြီး ပီအက်စ်ဂျီအသင်း နှင့်အတူတစ်ပွဲကစားရန် ကျန်ရှိ နေသည့်အတွက် ဟယ်ရီကိန်း ကို လိုက်မီနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

ထို့အတူ အယ်နာဆာအသင်း တိုက်စစ်မှူးစီရော်နယ်ဒိုသည်လည်း ယခုနှစ်အတွင်း ပေါ်တူဂီအသင်း နှင့် အယ်နာဆာအသင်းတို့နှင့်အတူ




သွင်းဂိုး ၅၀ သွင်းယူထားပြီး အယ်နာဆာ အသင်းနှင့်အတူ နောက်ထပ် သုံးပွဲကစားရန်ကျန်ရှိ နေသည့်အတွက် ဟယ်ရီကိန်းကို လိုက်မီနိုင်သည့် အခြေအနေတွင် ရှိနေသည်။

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည်လည်း ယခုနှစ် အတွင်း နော်ဝေအသင်းနှင့် မန်စီးတီးအသင်းတို့နှင့်အတူ သွင်းဂိုး ၅၀ သွင်းယူထားပြီး ၎င်းသည်လည်း ယခုနှစ်အတွင်း မန်စီးတီးအသင်း နှင့် သုံးပွဲကစားရန်ကျန်ရှိနေသေး သည့်အတွက် အဆိုပါဆုအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# LIV Golf အဖွဲ့ချုပ်သို့ ပြောင်းရွှေ့မည့်သတင်းကို ဟိုဗ်လန်း ငြင်းဆို

**အော့ဂလို ဒီဇင်ဘာ ၁၉**

ကမ္ဘာ့အဆင့်(၄) နေရာတွင် ရပ်တည်နေသည့် နော်ဝေဂေါက်သီး ရိုက်ကစားသမား ဟိုဗ်လန်းသည် ကမ္ဘာ့အဆင့်(၃)နေရာတွင်ရပ်တည် နေသည့် စပိန်ဂေါက်သီးရိုက် ကစားသမားဂျွန်ရမ်း PGA Tour အဖွဲ့ချုပ်မှ LIV Golf အဖွဲ့ချုပ် သို့ ကူးပြောင်းသွားခဲ့ပြီးနောက် ဂျွန်ရမ်းကဲ့သို့ပင် LIV Golf အဖွဲ့ ချုပ်သို့ ကူးပြောင်းဖွယ်ရှိနေ ကြောင်း သတင်းများထွက်ပေါ်လာ ခဲ့သည်။

အဆိုပါသတင်းများနှင့်ပတ်သက် ၍ ဟိုဗ်လန်းဘက်က ငြင်းဆိုခဲ့ပြီး PGA Tour အဖွဲ့ချုပ်၌ပင် ဆက်လက်ရှိနေမည် ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယနေ့ တွင် ဖော်ပြခဲ့သည်။

သို့သော်လည်း ဟိုဗ်လန်းက LIV Golf အဖွဲ့ချုပ်သို့ကူးပြောင်း သွားသည့် ကစားသမားများ၏ ခံစားချက်ကိုနားလည်သလို PGA Tour အဖွဲ့ချုပ်၏ ဆုကြေးငွေ ချီးမြှင့်မှုပုံစံနှင့် စီမံခန့်ခွဲမှုအပိုင်းမှာ ဆိုးရွားလွန်းကြောင်းဝေဖန်ခဲ့သည်။

LIV Golf အဖွဲ့ချုပ်သို့ကူး ပြောင်းသွားသည့် ကစားသမားများ ကို ဝေဖန်အပြစ်တင်သွားမည် မဟုတ်ဘဲ LIV Golf အဖွဲ့ချုပ်၏ ဆုကြေးငွေချီးမြှင့်မှုနှင့် စီမံခန့်ခွဲမှု အပိုင်းသည် ကစားသမားဘဝ အတွက် အာမခံချက်ရှိကြောင်း လည်း ပြောကြားခဲ့သည်။

ဟိုဗ်လန်းက "တကယ်လို့ LIV Golf အဖွဲ့ချုပ်ထံကူးပြောင်း လိုက်ရင် ပိုကောင်းတဲ့ဂေါက်သီး ရိုက်သမားတစ်ယောက် ဖြစ်လာ လိမ့်မယ်လို့ ကျွန်တော်မထင်ပါဘူး။ ဒါကြောင့် ကျွန်တော် LIV Golf အဖွဲ့ချုပ်ဆီကူးပြောင်းမလားဆိုတဲ့ သတင်းကတော့ ဒီမှာပဲအဆုံးသတ် လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ LIV Golf အဖွဲ့ချုပ်ထံ ကူးပြောင်းသွားတဲ့ ကစားသမားတွေကို ဝေဖန်အပြစ် တင်သွားဖို့ဆန္ဒမရှိပါဘူး"ဟု ပြော ကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



# IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ဩစတြေးလျလက်ဝှေ့သမား အိုပီတိုင်ယာ စွန့်လွှတ်

**ကင်ဘာရာ ဒီဇင်ဘာ ၁၉**

IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ ချန်ပီယံ ဩစတြေးလျလက်ဝှေ့ သမားအိုပီတိုင်ယာသည် ခရူဆာ ဝိတ်တန်းမှ လက်ရှိချန်ပီယံကို စိန်ခေါ်ခွင့်ရရှိထားသူဖြင့် ချန်ပီယံ ကာကွယ်ပွဲစဉ် ထိုးသတ်သွားရမည် ဖြစ်သော်လည်း WBO European ခရူဆာဝိတ်တန်းချန်ပီယံ ဗြိတိန် လက်ဝှေ့သမား အယ်လစ်ဇောလို နှင့်ထိုးသတ်ရန် ပွဲစီစဉ်ခဲ့သည့် အတွက် IBF အဖွဲ့ချုပ်၏စည်းမျဉ်း နှင့်ကိုက်ညီမှုမရှိဘဲဖိအားပေးခံလာ ရသည့်အတွက်ကြောင့် အယ်လစ် ဇောလိုနှင့်ထိုးသတ်မည့် စိန်ခေါ်ပွဲ ကို ဖျက်သိမ်းမည်မဟုတ်ဘဲ IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်ကိုစွန့်လွှတ်ကြောင်းထုတ်ပြန် ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အိုပီတိုင်ယာသည် ဒီဇင်ဘာ ၂၃ ရက်တွင် အယ်လစ်ဇောလိုနှင့် ဆော်ဒီအာရေဗျနိုင်ငံတွင် ထိုးသတ် မည်ဖြစ်ပြီး ယင်းစိန်ခေါ်ပွဲအတွက် IBF ခရူဆာဝိတ်တန်းကမ္ဘာ့ချန်ပီယံ ခါးပတ်ကိုလက်လွှတ်ဆုံးရှုံးခဲ့ရသည်။

အိုပီတိုင်ယာသည် ESPN သတင်းဌာန၏ နံပါတ်(၁)ခရူဆာ ဝိတ်တန်း လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသည့် လက်ဝှေ့ သမားဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇူလိုင် လတွင် IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုအတွက် လက်စီး ယားလက်ဝှေ့သမား ဘရီဒစ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် ဒိုင် အမှတ်ဖြင့် အနိုင်ရခဲ့သော်လည်း မေးရိုးကျိုးခဲ့သည့်အတွက် ကာလ ရှည် အနားယူခဲ့ရသူဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ပစိဖိတ်ကျွန်းစုနိုင်ငံများဆိုင်ရာ ဘဏ္ဍာရေးမူဝါဒပြောင်းလဲရန်လိုအပ်လာသော အမေရိကန်

အမေရိကန်အစိုးရသည် ဝါရှင်တန်ဒီစီ၌ အမေရိကန်-ပစိဖိတ် ကျွန်းနိုင်ငံများဖိုရမ် ထိပ်သီးဆွေးနွေးပွဲ လက်ခံကျင်းပပြီးနောက် သတင်းတစ်ပတ်အတွင်း၌ပင် မာရှယ်လ်ကျွန်းစုနိုင်ငံ (Marshall Island) နှင့် ပလော(Palau)နိုင်ငံအတွက် ဘဏ္ဍာငွေအသုံးစရိတ် ခွင့်ပြုပေးခဲ့သည်။

အမေရိကန်အစိုးရအနေဖြင့် ပစိဖိတ်ကျွန်းနိုင်ငံများအတွက် ဘဏ္ဍာငွေခွင့်ပြုပေးရန် ပျက်ကွက်နေမည်ဆိုလျှင် တရုတ်နိုင်ငံသည် စီးပွားရေးဆိုင်ရာ အထောက်အပံ့အကူအညီများ ဝင်ရောက်ပေးအပ်လာနိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် မဟာဗျူဟာမြောက် ပစိဖိတ်ကျွန်းစုနိုင်ငံများအတွက် များစွာအရေးပါလျက်ရှိသည်။ အမေရိကန်၏ ဘဏ္ဍာရေးအထောက်အပံ့မရှိလျှင် မာရှယ်လ်ကျွန်းစုနိုင်ငံနှင့် ပလောနိုင်ငံတို့သည် ဘတ်ဂျက်လုံလောက်မှုရှိမည်မဟုတ်ချေ။

အမေရိကန်သည် မာရှယ်လ်၊ ပလောနှင့် မိုက်ခရိုနီးရှား (Micronesia) စသည့် ပစိဖိတ်ကျွန်းနိုင်ငံသုံးနိုင်ငံနှင့် လွတ်လပ်သောအဖွဲ့စာချုပ် (Compact of Free Association) ကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ လုံခြုံရေးဆိုင်ရာအာမခံချက်အတွက် အပြန်အလှန်အားဖြင့် စီးပွားရေးဆိုင်ရာပံ့ပိုးကူညီမှုများ၊ ၎င်းတို့၏ပြည်သူများကို အမေရိကန်တွင် နေထိုင်လေ့လာသင်ယူခွင့်နှင့် အလုပ်လုပ်ခွင့်များရရှိစေမည်ဖြစ်သည်။ ကျွန်းစိုက်စခန်းများထားရှိခွင့်နှင့် ၎င်းတို့၏ ပြည်ပလုံခြုံရေးနှင့်စပ်လျဉ်းသောအရာများကို ဆုံးဖြတ်ခွင့်ပေးထားသည်။

အမေရိကန်သည် မာရှယ်လ်ကျွန်းစုနိုင်ငံရှိ Kwajalein သန္တာကျောက်တန်းတွင် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစမ်းသပ်မှုနေရာ ဖွင့်လှစ်ထူထောင်ထားရှိပြီး ဒုံးကျည်စမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် အမေရိကန်သည် ပလောနိုင်ငံတွင်လည်း တာဝေးထောက်လှမ်းနိုင်သော ရေဒါတပ်ဆင်ထားရှိပြီး မိုက်ခရိုနီးရှားနိုင်ငံတွင် အမြဲတမ်းစစ်အခြေစိုက်စခန်းတစ်ခု ထားရှိသွားရန်စီစဉ်လျက်ရှိသည်။ အဆိုပါစစ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံများကို ဂူအမ်ရှိ အမေရိကန်လေတပ်နှင့် ရေတပ်အခြေစိုက်စခန်းတို့က ကြီးကြပ်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

အဆိုပါကျွန်းနိုင်ငံသုံးနိုင်ငံသည် ဖိလစ်ပိုင်နှင့် သြစတြေးလျနိုင်ငံသို့ သွားရောက်သည့်လမ်းပေါ်ရှိ ဟာဝိုင်ရီကျွန်းစု၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် တည်ရှိသည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်နိုင်ငံကို တွန်းလှန်တိုက်ခိုက်ခဲ့သော အဆိုပါကျွန်းနိုင်ငံသုံးနိုင်ငံသည် ပင်လယ်ရေကြောင်းဆိုင်ရာနယ်ပယ်များ ကျယ်ပြန့်စွာတည်ရှိသော်လည်း လူဦးရေနည်းပါးပြီး စီးပွားရေးလုပ်ငန်းများတွင်လည်း အင်အားချည့်နဲ့လျက်ရှိသည်။

၁၉၄၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်များအတွင်း အမေရိကန်နိုင်ငံက အဆိုပါကျွန်းစုနိုင်ငံများကို ကုလသမဂ္ဂအစောင့်အရှောက်နယ်မြေ ပစိဖိတ်ကျွန်းစုနိုင်ငံများဆိုင်ရာခရိုင်များအဖြစ် အုပ်ချုပ်ခဲ့သည်။ အဆိုပါအစောင့်အရှောက်ခံ ကျွန်းစုနိုင်ငံများတွင် ဆိုင်ပန် (Saipan) နှင့် မြောက်ပိုင်းမာရီရာနာကျွန်းစုများလည်း ပါဝင်သည်။ မြောက်ပိုင်းမာရီရာနာ (Northern Marianas) ကျွန်းစုနိုင်ငံများသည် ၁၉၇၅ ခုနှစ်တွင် ဓနသဟာယအဖွဲ့နိုင်ငံအဆင့်ကို ရွေးချယ်ခဲ့သည်။ အခြားသော ခရိုင်သုံးခရိုင်သည် အမေရိကန်နှင့် လွတ်လပ်သောဆက်ဆံရေးရှိသည့် လွတ်လပ်သောနိုင်ငံများအဖြစ် တရားဝင်ရပ်တည်ရန် ရွေးချယ်ခဲ့သည်။

မာရှယ်လ်ကျွန်းစုနိုင်ငံသည် နျူကလီးယားလက်နက်စမ်းသပ်မှုအတွက် လူသိများခဲ့သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း Bikini နှင့် Enewetak ရေအိုင်များ၌ နျူကလီးယားစမ်းသပ်မှု ၆၇ ကြိမ်ထိ ပြုလုပ်ခဲ့သည်။ အဆိုပါကျွန်းစုရှိ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ၎င်းနေရာများနှင့် အဆိုပါကျွန်းစုများပေါ်တွင် နျူကလီးယားဘေးထွက်ဆိုးကျိုးများကို ထိန်းချုပ်ရန်ပျက်ကွက်ခြင်းသည် ဖျားနာမှုများ၊ သေဆုံးမှုများနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများကို ကာလရှည်ကြာဖြစ်ပေါ်စေခဲ့သည်။

ထိုအချိန်မှစ၍ အမေရိကန်အစိုးရသည် ပျက်စီးဆုံးရှုံးမှုများ၊ သဘာဝပတ်ဝန်းကျင် ရှင်းလင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း၊ နေရပ်စွန့်ခွာခဲ့ရသည့် ဒေသခံများကို ပြန်လည်နေရာချထားထူထောင်ခြင်း၊ ကျန်းမာရေးနှင့် ဆေးဝါးစောင့်ရှောက်မှုအစီအစဉ်များအတွက် လျော်ကြေးအဖြစ် အမေရိကန်ဒေါ်လာသန်း ၆၀၀ ပံ့ပိုးပေးလျက်ရှိသည်။



သို့သော် မာရှယ်လ်ကျွန်းစုနိုင်ငံသည် အမေရိကန်ဒေါ်လာ သုံးဘီလီယံ ထပ်မံပေးအပ်ရန်နှင့် တရားဝင်ပံ့ပိုးမှုပြုလုပ်သွားရန် တောင်းဆိုလျက်ရှိသည်။ အဆိုပါ ပမာဏသည် အမေရိကန်၏ ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ဘီလီယံ ၈၀၀ နှင့်နှိုင်းယှဉ်လျှင် ပမာဏများစွာနည်းပါးလျက်ရှိသည်။ သို့သော် အမေရိကန်အနေဖြင့် လက်ရှိအချိန်ထိ ယူကရိန်းနိုင်ငံကို ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ပေးအပ်ထားရှိပြီးဖြစ်သည်။

မည်သို့ပင်ဆိုစေ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ပစိဖိတ်ကျွန်းစုနိုင်ငံများဆိုင်ရာ အထူးသံတမန်ဖြစ်သူ ဂျိုးဇက်ယွန်းသည် ကွန်ဂရက်၌ရှင်းလင်းပြောကြားစဉ် မိမိတို့အနေဖြင့် ပံ့ပိုးငွေထပ်မံပေးအပ်သွားရန်မရှိတော့ကြောင်း၊ နျူကလီးယားပြဿနာကို ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက ဖြေရှင်းပြီးဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အဆိုပါကျွန်းနိုင်ငံ သုံးနိုင်ငံအတွက် လာမည့်နှစ် ၂၀ ကျော်ကာလအတွင်း အသုံးစရိတ်အနေဖြင့် သမ္မတဂျိုးဘိုင်ဒင်၏ ၂၀၂၄ ခုနှစ် ဘတ်ဂျက်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံသာသတ်မှတ်ထားခဲ့သည်။ ၎င်းဘတ်ဂျက်အနက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံသည် မာရှယ်လ်ကျွန်းစုနိုင်ငံသို့ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာသန်း ၇၀၀ ကို နျူကလီးယားနှင့်ဆက်နွှယ်သောပြဿနာများဖြေရှင်းရာတွင် အသုံးပြုသွားမည်ဖြစ်သည်။

အမေရိကန်တို့သည် ပစိဖိတ်ကျွန်းစုနိုင်ငံများ ပြန်လည်ထူထောင်မှုအတွက် စိုးရိမ်ပူပန်နေခြင်းမဟုတ်ဘဲ တရုတ်နိုင်ငံ ဝင်ရောက်လာမည်ကိုသာ စိုးရိမ်ပူပန်နေခြင်းဖြစ်သည်။ အမေရိကန်သည် မာရှယ်လ်ကျွန်းစုနိုင်ငံ၏ အမျိုးသားဘတ်ဂျက်တွင် ၄၀ ရာခိုင်နှုန်းခန့် ပံ့ပိုးကူညီပေးလျက်ရှိသည်။ မာရှယ်လ်ကျွန်းစုနိုင်ငံတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်က အထွေထွေရွေးကောက်ပွဲကျင်းပသွားရန် စီစဉ်ထားရှိသည်။

ပလောနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေမှာလည်း အလွန်အမင်း အကျပ်အတည်းဖြစ်ပေါ်လျက်ရှိသည်။ သမ္မတ Surangel Whipps က အမေရိကန်ကွန်ဂရက်အနေဖြင့် ယခင်သဘောတူညီချက်အတိုင်း ရန်ပုံငွေပေးအပ်သွားခြင်းမရှိလျှင် ပလောနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိ ၎င်း၏ကြွေးမြီများကို ပြန်လည်ပေးအပ်နိုင်မည်မဟုတ်ကြောင်း ပြောကြားသွားခဲ့သည်။

ဆိုရလျှင် ယခင်က ပလောသို့ ခရီးသွားအမြောက်အမြား လာရောက်ခဲ့သော်လည်း တရုတ်နိုင်ငံသည် ပလောနိုင်ငံကို တရုတ်(တိုင်ပေ)နှင့် ဆက်ဆံရေးဖြတ်တောက်မှုမရှိသဖြင့် တရုတ်ခရီးသွားများအား ၎င်းကျွန်းသို့ သွားရောက်လည်ပတ်ခွင့်ကို လျှော့ချခွင့်ပြုခဲ့သည်။ အကျိုးဆက်အနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ပလောကျွန်းသို့ တရုတ်ခရီးသွားများ သွားရောက်လည်ပတ်မှု ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သောကြောင့် ပလော၏ GDP သည် ၃၀ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေချေးယူခဲ့ရသည်။

ထို့ကြောင့် ဂျိုးဇက်ယွန်းက မိမိတို့အနေဖြင့် ပစိဖိတ်ကျွန်းစုနိုင်ငံများအတွက် ဘဏ္ဍာငွေကို အချိန်မီ အတည်ပြုပေးနိုင်ခြင်းမရှိလျှင် ဒေသတွင်း၌ ယုံကြည်အားထားသည့်ပုံရိပ် ကျဆင်းလာစေမည့်အပြင် ရပ်တည်ချက်အတွက် တရုတ်နိုင်ငံနှင့်ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

မာရှယ်လ်ကျွန်းစုနိုင်ငံနှင့် မိုက်ခရိုနီးရှားနိုင်ငံတို့ အနောက်တောင်ဘက်တွင်တည်ရှိသည့် ကီရိဘာတီ (Kiribati) သမ္မတနိုင်ငံသည် တရုတ်(တိုင်ပေ)နှင့် ဆက်ဆံရေးဖြတ်တောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည်။ ထိုသို့ တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်မှုအတွက် အပြန်အလှန်အားဖြင့် ကီရိဘာတီနိုင်ငံသည် လေဆိပ်အဆင့်မြှင့်တင်မှု အပါအဝင် စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ခရီးသွားလုပ်ငန်းနယ်ပယ်များတွင် အထောက်အပံ့အကူအညီများ ရရှိလျက်ရှိသည်။ ကီရိဘာတီအစိုးရက လေဆိပ်သည် အရပ်ဘက်ဆိုင်ရာအသုံးပြုမှုအတွက်သာဖြစ်ကြောင်း ပြောဆိုလျက်ရှိသော်လည်း အမေရိကန်နိုင်ငံကမူ တရုတ်တို့အတွက် စစ်ဘက်ခြေကုပ်ယူရန် အလားအလာတစ်ရပ်အဖြစ် ရှုမြင်လျက်ရှိသည်။

အမေရိကန်အစိုးရအဆက်ဆက်သည် ပစိဖိတ်ကျွန်းစုနိုင်ငံများကို ဆယ်စုနှစ်များစွာကြာ လျစ်လျူရှုထားပြီးနောက် ဘိုင်ဒင်အစိုးရအဖွဲ့သည် အဆိုပါကျွန်းစုနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် အသည်းအသန်ကြိုးပမ်းလျက်ရှိသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ပထမဆုံးသော အမေရိကန်-ပစိဖိတ်ကျွန်းနိုင်ငံ ထိပ်သီးအစည်းအဝေးကို ဝါရှင်တန်ဒီစီ၌ ကျင်းပပြုလုပ်ခဲ့သည်။

ထိုအချိန်မှစ၍ အမေရိကန်သည် ဆော်လ်မွန် (Solomon) ကျွန်းစုနိုင်ငံနှင့် တွန်ဂါ (Tonga)နိုင်ငံတို့တွင် သံရုံးများဖွင့်လှစ်ထားရှိပြီး ၂၀၂၄ ခုနှစ်တွင် ဗာနွားတူ (Vanuatu) နိုင်ငံ၌ သံရုံးဖွင့်လှစ်သွားရန် စီစဉ်ထားရှိသည်။ ထို့ပြင် အမေရိကန်သည် ကီရိဘာတီတွင် သံရုံးဖွင့်လှစ်နိုင်ရေး ဆွေးနွေးလျက်ရှိသည့်အပြင် Cook Island၊ Nine တို့နှင့် သံတမန်ဆက်ဆံရေးတိုးချဲ့လျက်ရှိသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်ထိ ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ်မြောက် အမေရိကန်-ပစိဖိတ်ကျွန်းစုနိုင်ငံများ ထိပ်သီးဆွေးနွေးပွဲ၌ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထပ်ဆောင်းအကူအညီများ၊ ဒေသဆိုင်ရာ အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းခြင်း၊ ပင်လယ်ကြမ်းပြင် ကေဘယ်ကြိုးများမှတစ်ဆင့် ဒစ်ဂျစ်တယ်ချိတ်ဆက်မှုတိုးမြှင့်ခြင်း၊ လွတ်လပ်သောအဖွဲ့စာချုပ်ကို အထောက်အကူပြုခြင်းနှင့် မာရှယ်လ်ကျွန်းစုနိုင်ငံများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းအပါအဝင် များစွာသောဦးစားပေးလုပ်ငန်းများကို ထုတ်ပြန်ကြေညာသွားခဲ့သည်။

သို့သော် မာရှယ်လ်ကျွန်းစုနိုင်ငံသမ္မတ ဒေးဗစ်ကာဗွာက မိမိတို့အနေဖြင့် အမေရိကန်နှင့်ရည်မှန်းချက်မျှဝေထားရှိပြီး ခိုင်မာသောမိတ်ဖက်ဆက်ဆံရေး ထူထောင်ထားရှိကြောင်း၊ မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများစွာရှိနေကြောင်း၊ အမေရိကန်အနေဖြင့် ပစိဖိတ်ကျွန်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုပြန်လည်ပြုလုပ်နေသည်ကို မိမိတို့သိရှိထားကြောင်း၊ သို့သော် အမေရိကန်၏ ကတိကဝတ်များ တည်မြဲရန်လိုအပ်ကြောင်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပြောကြားသွားခဲ့သည်။

အမေရိကန်သည် ပစိဖိတ်ကျွန်းနိုင်ငံများတွင် စစ်အခြေစိုက်စခန်းများ ဖွင့်လှစ်ထားသော်လည်း ပံ့ပိုးငွေများပေးအပ်ရန်အတွက်မူ နှောင့်နှေးကြန့်ကြာလျက်ရှိသည်။ ထို့ကြောင့် ကီရိဘာတီကျွန်းနိုင်ငံသည် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပေါ်ပေါ်ထင်ထင်ထူထောင်လာလျက်ရှိသည်။ အမေရိကန်နှင့် လွတ်လပ်သောစာချုပ်အဖွဲ့ ချုပ်ဆိုထားသော ကျွန်းစုနိုင်ငံ သုံးနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ထိတွေ့ဆက်ဆံမှုများရှိလာခဲ့သည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် ပစိဖိတ်ကျွန်းနိုင်ငံ သုံးနိုင်ငံဆိုင်ရာ ဘဏ္ဍာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲပြီး ပံ့ပိုးကူညီမှုများ အချိန်မီလုပ်ဆောင်သွားမှသာလျှင် အဆိုပါဒေသတွင် ခြေကုပ်ယူနိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပစိဖိတ်ကျွန်းစုနိုင်ငံများတွင် လွှမ်းမိုးမှုရရှိရေးအတွက် တရုတ်နိုင်ငံနှင့် ယှဉ်ပြိုင်သွားရဖွယ်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Budget brinkmanship threatens US security in the Pacific By The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကြောက် ကြောက် ကြောက် ဇာတ်ကားကို ဒီဇင်ဘာ ၂၂ ရက်တွင် SKYPERMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဒီဇင်ဘာ ၁၉**

ကြောက် ကြောက် ကြောက် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၂၂ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ကျော်က ပြောပြ၍ သိရသည်။

ကြောက် ကြောက် ကြောက် ရုပ်ရှင်ဇာတ်ကားသည် ၂၀၁၇ ခုနှစ်က သတ္တမအာရုံရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း၊ ငြိမ်းချမ်းကျော်၏ဝတ္ထုကို ရာဇဝင်ကို၊ နေစိုးသော်နှင့် ချင်းတွင်းတာရာတို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ဩရသက တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ကြောက် ကြောက် ကြောက် ရုပ်ရှင်ဇာတ်ကားကို SKYPREMIER HD မှာ တစ်ပိုင်းတည်း အပြီးဇာတ်ကားအဖြစ် ပြသမှာ ဖြစ်ပါတယ်။ ဒီဇာတ်ကားလေးက ၂၀၁၇ ခုနှစ်တုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်သလို SKYPREMIER HD မှာလဲ ၂၀၂၀ ပြည့်နှစ်က ပြသထားခဲ့ပြီးဖြစ်ပါတယ်။ ကြောက်တတ်တဲ့ လူတစ်ယောက် မမျှော်လင့်ဘဲ ဝိညာဉ်ဖြစ်သွားပြီးတော့ ဝိညာဉ်ဖြစ်နေတာကို နောက်မှသိရတဲ့ ဇာတ်လမ်းဆန်းဆန်းလေးပါ။ ချစ်သူစုံတွဲလေးတွဲဆီကို မမျှော်လင့်ဘဲ ရောက်လာတဲ့ ကံဆိုးမှုတွေ၊ ဘယ်သူတွေက ဘယ်လိုတွေကြုံတွေ့ပြီး နောက်ဆုံးမှာဘယ်သူကျန်ခဲ့မလဲ။ စိတ်ဝင်စားဖွယ်ကြည့်ရှုရမှာပါ"ဟု သရုပ်ဆောင် ကျော်ကျော်က ပြောပြသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ထွန်းထွန်း၊ ကျော်ကျော်၊ မင်းသွေး၊ ခင်ဝင့်ဝါ၊ နန်းခင်ဇေယျာ၊ နန်းမြတ်ဖြိုးသင်း၊ ပိုပိုနှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Wonka ဇာတ်ကား ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၉ သန်းထိရရှိ

**နယူးယောက် ဒီဇင်ဘာ ၁၉**

ဝါနာဘရားရုပ်ရှင်ကုမ္ပဏီ၏ Wonka ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၉ သန်းထိ ရရှိခဲ့ကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Wonka ဇာတ်ကားသည် နိုင်ငံတကာဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာ ၁၁၂ သန်းထိရရှိခဲ့ရာ အဆိုပါဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၅၁ သန်းထိ ရှိလာပြီဖြစ်သည်။

Wonka ဇာတ်ကားသည် Charlie and The Chocolate Factory ဇာတ်ကားများ၏ ဇာတ်အိမ်ကာလမတိုင်မီ ဖြစ်စဉ်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Wonka ဇာတ်ကားကို ဒါရိုက်တာ ပေါလ်ကင်းက ရိုက်ကူးပေးထားပြီး မင်းသား တင်မိုသီချားလမက်ဟက်ဂရန့်၊ ဂိုဝင်အက်ကင်ဆန်နှင့် မင်းသမီး ဆယ်လီဟော်ကင်းတို့ ပါဝင်သရုပ်ဆောင်ထားသည်။

Wonka ဇာတ်ကားသည် Willy Wonka အမည်ရှိ ချောကလက်လုပ်သူလူငယ်လေးတစ်ဦး၏ စိတ်ကူးရည်မှန်းချက်များကို ပုံဖော်ရိုက်ကူးထားသည့် ဂီတဇာတ်မြူး လျှို့ဝှက်ဆန်းကြယ်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# ပုဇွန်တောင်မြို့နယ် Sar Ga Gallery ပန်းချီပြခန်းတွင် Mixed Feelings Group Exhibition အွန်လိုင်းပန်းချီပြပွဲ ပြသမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Sar Ga Gallery ပန်းချီပြခန်းတွင် Mixed Feelings Group Exhibition အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၂၉ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ Mixed Feelings Group Exhibition ပန်းချီပြပွဲတွင် ပါဝင်ပြသမည့်ပန်းချီဆရာ A-Moe က ပြောပြ၍ သိရသည်။

Mixed Feelings Group Exhibition ပန်းချီပြပွဲတွင် ပန်းချီဆရာ၊ ဆရာမများဖြစ်သည့် ပန်းချီ A-Moe၊ ပန်းချီ အိန္ဒြာမြင့်မြတ်ဦး၊ ပန်းချီ Hemlock၊ ပန်းချီ Hsu၊ ပန်းချီ မေသဇင်၊ ပန်းချီ မောင်လွန်းနှင့် ပန်းချီ MG YaA' - The Cartoonist တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့်အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၅၀ ကျော် ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"ပြပွဲမှာ ကျွန်တော်တို့ပန်းချီမိတ်ဆွေဆရာ၊ ဆရာမတွေ စုစည်းပြီးတော့ ပန်းချီကား ၅၀ ကျော် ပြသမှာဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၅ ကနေ ၁၇ ထိတစ်ကြိမ် ပြခန်းမှာ ပြသခဲ့ပြီးဖြစ်ပါတယ်။ အခုကတော့ အွန်လိုင်းကနေပြီးတော့ မလာရောက်နိုင်တဲ့ ပန်းချီချစ်သူတွေအတွက် ပန်းချီကားတွေကို ထပ်မံပြသပေးတာဖြစ်ပါတယ်"ဟု ပန်းချီ A-Moe က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင်ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄)လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် သုံးသိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# The Ballad of Songbirds and Snakes ကမ္ဘာတစ်ဝန်းဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၃၀၀ ရှိလာ

**နယူးယောက် ဒီဇင်ဘာ ၁၉**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Ballad of Songbirds and Snakes ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၀၀ ထိရှိလာကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် Hunger Games ဇာတ်ကားများ၏ ဇာတ်အိမ်ကာလမတိုင်မီ ဖြစ်စဉ်များကို အခြေခံရိုက်ကူးထားသည့် The Ballad of Songbirds and Snakes ဇာတ်ကားကို နိုဝင်ဘာ ၁၇ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

ရုံတင်ပြီး ၃၁ ရက်အကြာ ဒီဇင်ဘာ ၁၇ ရက်တွင် ၎င်းဇာတ်ကား၏ ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၄၅ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၅ သန်းထိရှိကြောင်း သိရသည်။

The Ballad of Songbirds and Snakes ဇာတ်ကားကို ဒါရိုက်တာ ဖရန်စစ်လောရင့်က တာဝန်ယူရိုက်ကူးပေးခဲ့ပြီး မင်းသမီး ရာချယ်ဇီဂလာ၊ ဟန်တာရှက်ဖာနှင့် မင်းသား တွမ်ဘလိုက်တို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# တန့်ယန်းမြို့နယ် လုံကော်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ခိုယောင်းကျေးရွာအုပ်စု လုံကော်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာများနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လုံကော်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

တန့်ယန်းမြို့နယ် လုံကော်ကျေးရွာ၌ အလျား ၄၅ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၇၀ စုစုပေါင်းငွေကျပ် သိန်း ၂၂၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ပြောပြ၍ သိရသည်။

**နီလာ**

# Appreciation for the 22nd Myanmar Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Seminar

## (Dr.Than Lwin Tun, Ministry of Health)

In Myanmar, traditional medicine has been regarded as an invaluable national heritage and flourished significantly as a major part of the Myanmar culture. In line with the direction of the Union Government, the Ministry of Health has accorded it, as one of the priority activities and exerted all-out efforts from all perspectives for strengthening the provision of traditional medicine services to the people. The provision of traditional medicine services is at the basic health services level with the objective of making essential traditional medicine easily accessible for the benefit of both urban and rural populations. It also supports and uplifts the health status of the people of Myanmar in the context of primary healthcare. Particularly for the rural population, traditional medicine is still a priority and has been carried out in the mode of preventive focus, getting along with the traditional values and the traditional art of treatment. The cultural values of traditional medicine have been handed down for generations, sustaining its potent therapeutic milestones, till the current era.



Figure (1) Traditional Medicine health knowledge to community.

According to the one of the objectives for Social Affairs of State Administration Council (SAC); **"To elevate the Health and Sports sectors inclusive of all the people, improving the longevity and health of the nation"**, the Ministry of Health (MOH), Myanmar, laid down the two objectives, **to enable every citizen to attain full life expectancy and enjoy longevity of life,** and **to ensure that every citizen is free from diseases.**

SAC Chairman Prime Minister message to the 21st Myanmar Traditional Medicine Practitioners' Conference and Symposium Seminar, "the Ministry of Health, Department of Traditional Medicine, University of Traditional Medicine, professionals and representatives from related ministries, Myanmar Traditional Medicine Council, Myanmar Traditional Medicine Association, and representatives of traditional medicine practitioners from all over Myanmar, Traditional Medicine Technical Advisory Group, Association of Myanmar Traditional Medicine Industries Incorporated etc., will have good discussions and consultations leading to fruitful outcomes of the conference and symposium, this 21st Myanmar Traditional Medicine Practitioners' Conference and the Myanmar Traditional Medicine Seminar, delegates will be engaged in friendly, open discussions and consultations in unity, submitting proposals to provide more public health services through traditional medicine".

To do that, Ministry of Health is organizing to continue to conduct the 22nd Myanmar Traditional Practitioners' Conference and Myanmar Traditional Medicine Seminar which is one of the leading community based events of its kind bringing together traditional medicine professionals in the various traditional medicine fields around the national and international. The organizing committee delighted to welcome all traditional medicine professionals to this conference dated 20th to 22nd December 2023 at Nay Pyi Taw Union Territory.

The 22nd Myanmar Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Seminar will be held with the following objectives:

❖ To cooperate with related professionals and international organizations for development of traditional medicine,

❖ To develop safe and high-quality traditional medicines,

❖ To train to become qualified traditional medicine practitioners for providing more efficient health care to population, and

❖ To provide public health care more effectively by Myanmar Traditional Medicine.

Before conducting the conference, the traditional medicine practitioners are doing the preconference activities such as traditional medicine health knowledge to community, traditional medicine health care to community as well as older persons and monks and nuns, etc. all over the country.

It's wonderful to express appreciation for the Myanmar Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Seminar. This conference will play a crucial role in fostering collaboration, knowledge exchange, and the advancement of traditional medicine practices. The followings are the key points for appreciation;

➢ **Preservation of Cultural Heritage:** This conference and seminar provide a platform for traditional medicine practitioners to share and preserve Myanmar's rich cultural heritage. This is essential in maintaining and passing down traditional healing practices to future generations.

➢ **Knowledge Exchange:** This facilitates the exchange of knowledge and experiences among practitioners. This helps in refining and enhancing traditional medicine techniques, ensuring their effectiveness and relevance in contemporary healthcare.



Figure (2) Traditional Medicine Healthcare to community.

➢ **Integration with Modern Medicine:** By bringing together traditional medicine practitioners, this promotes dialogue and collaboration with modern medical professionals. This integration can lead to a more holistic approach to healthcare, combining the strengths of both traditional and modern medicine.

➢ **Research and Innovation:** This contributes to the scientific validation of traditional healing methods, increasing their acceptance and integration into mainstream healthcare systems.

➢ **Networking Opportunities:** Participants can establish valuable connections and networks during the conference. This fosters a sense of community among practitioners, creating a supportive environment for ongoing collaboration and shared learning.

➢ **Public Awareness:** This helps raise awareness among the public about the benefits and importance of traditional medicine. This increased awareness can lead to greater acceptance and utilization of traditional medicine practices.

➢ **Professional Development:** Practitioners attending the conference have the opportunity to enhance their skills, stay updated on the latest developments in their field, and participate in workshops or training sessions that contribute to their professional growth.


➢ **Cultural Exchange:** This serves as a platform for cultural exchange, not only among practitioners but also with attendees from diverse backgrounds. This promotes a deeper understanding of different cultural perspectives on health and well-being.

➢ **Celebration of Diversity:** Traditional medicine is often deeply rooted in cultural diversity. This celebrates this diversity, showcasing the unique approaches and traditions of Myanmar's traditional medicine practitioners.

➢ **Future Collaboration:** Express optimism for continued collaboration and future conferences and seminars along with emphasize the importance of such events in sustaining and advancing the field of traditional medicine.

In conclusion, our sincere appreciation to all the respected professionals in the field of traditional medicine for contributing to their knowledge and experiences, which will be a valuable historical platform in traditional medicine for future generations and in the promotion of accessing traditional medical care services for all people. The 22nd Myanmar Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Seminar is a creditable initiative that contributes significantly to the preservation, promotion, and advancement of traditional medicine practices as well as plays a vital role in creating a bridge between tradition and modernity in healthcare.

# Authorities plan to build about 800 guesthouses and 400 shops in Mann Shwe Settaw Pagoda Festival


An aerial view of the Mann Shwe Settaw Pagoda.

**Minbu December 19**

About 800 guesthouses and 400 shops will be built in the Mann Shwe Settaw Pagoda Buddha Pujaniya Festival in Minbu (Saku) Township, Minbu District, Magway Region, according to U Tun Tun Win, District Administrator of Minbu District, Magway Region.

The pagoda festival will be held on February 14, and the festival period will last for 64 days.

"Plans have been drawn up and implemented so that the pilgrims can spend the night safely and enjoy the pilgrimage," said U Tun Tun Win.

During the Mann Shwe Settaw Pagoda Buddha Pujaniya Festival, the Shwe Settaw Mann Creek Elephant Camp near the pagoda in Minbu Township will be opened in conjunction with the pagoda festival.

Pilgrims can enjoy a short elephant ride at the elephant camp. Preparations are also being made to take a bath and rest in Mann Creek, and entertainment programs for the elephants' dance are being arranged. It is reported that preparations are being made for upgrading the elephant museum display.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pwintphyu Township finishes growing 9,865 acres against target of 12,805 acres of sunflower

**Pwintphyu December 19**

In order to ensure a sufficient supply of oil for consumption in Pwintphyu Township, Magway Region this winter, local farmers are trying to plant sunflower by relying on Mezali diversion dam, and till today, 9,865 acres of sunflower have been cultivated, according to Daw Moe Moe Wai, head of Pwintphyu Township's Department of Agriculture.

This year's winter crop growing season, the entire township will grow 12,805 sunflowers to ensure the region's self-sufficiency in edible oil and to increase farmers' income.

"We have provided support to help local farmers choose and plant good varieties, so that there are no difficulties for the local farmers in sunflower cultivation. In addition, to improve the target yield of the sunflower per acre, efforts are being made to educate them on pest disease prevention and post-harvest techniques," said Daw Moe Moe Wai.


A sunflower plantation.

According to the township agriculture department, in the current winter crop season, Pwintphyu townships will grow 12,805 acres of sunflower, which is an oil crop, 2,930 acres of peanuts, and over 6,600 acres of sesame totalling 2,2355 acres of oil crops. Of them, 9,865 acres of sunflowers, 2,938 acres of peanuts, over 15,000 acres of sesame totalling 28,666 acres have been cultivated.

Ye Win Naing(NyaungU)

# 15 Irrawaddy dolphins inhabit near Mingun region

**Mandalay December 19**

A total of 15 Irrawaddy dolphins are living near Mingun region in Ayeyawady River, said U Maung Maung Lay, leader of the dolphin protection team of the Mandalay Region Fisheries Department.

The protection area of dolphin is located between Mandalay and Kyaukmyaung. On 17 December, officials check the exact habitat of those dolphins.

"Now, Ayeyawady River is low water level. So, the dolphins often move to the appropriate area. In the first week of December, they moved to the area near Myaysun Village of Madaya Township. When we checked them on 17 December, 15 dolphins inhabit near Mingun region," he explained.

These dolphins are being protected by local fishermen from villages between Mandalay and Kyaukmyaung.

"We check moves of those dolphins once every three months. We also inspect them where they bring their babies," said U Maung Maung Lay.

184


Several Irrawaddy dolphins being spotted in the river.

# Kidney bean, nylun bean marketable in Mandalay bean and sesame market

**Mandalay December 19**

Kidney bean and nylon bean are fetching good prices in the Mandalay bean and sesame market, said U Set Maung Swe, secretary of Mandalay brokers, merchants and millers association.

In the past, kidney bean and nylon bean were not favorite of consumers. At present, these beans are fetching good prices in the market.

"Currently, kidney bean and nylon bean are in high demand. Other commodities are being traded in the domestic market as usual," he explained.

In the market, kidney bean fetches K330,000 per three-basket bag and nylon bean K270,000.

"Cowpea and sesame are being traded as usual. Cowpea and sesame are in high demand at home and abroad. Other beans such pigeon and chick pea are also being traded as usual," he added.

On 18 December, black bean fetched K375,000 per bag, brown sesame K275,000, white sesame K330,000, cowpea V2 K275,000, cowpea V7 K280,000, cowpea TV K264,000, and cowpea (929) K267,000, according to the association.

184

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီတလီကို ကန်ဒေါ်လာသန်း ၄၀၀ ဖိုးရှိ အတွဲလိုက်ဒုံးပစ်လောင်ချာနှင့် ဆက်စပ်ပစ္စည်းများရောင်းချရန် အမေရိကန်အတည်ပြု



အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် အီတလီနိုင်ငံကို အမေရိကန်ဒေါ်လာသန်း ၄၀၀ ဖိုးရှိ အတွဲလိုက်ဒုံးပစ်လောင်ချာ M142 HIMARS (High Mobility Artillery Rocket Systems) နှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချပေးရန် ဒီဇင်ဘာ ၁၆ ရက်တွင် အတည်ပြုလိုက်ကြောင်း သိရသည်။

၎င်းရောင်းချမှုသည် အဓိကကျသော NATO မဟာမိတ်နိုင်ငံ တစ်နိုင်ငံကို ကာကွယ်ရေးစွမ်းရည်များ အဆင့်မြှင့်တင်ရန်အတွက် မဟာဗျူဟာမြောက်ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသည် Insensitive Munitions Propulsion System (IMPS) အမျိုးအစားတွန်းအားပေးစနစ် တပ်ဆင်ထားသော M31A2 Guided Multiple Launch Rocket System (GMLRS) High Explosive Pod တစ်ခုနှင့် M142 HIMARS ဒုံးကျည် ၂၄ တောင့်တို့ကို ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက်အရ ရောင်းချမှုသည် ဥရောပမိတ်ဖက်များ၏ လုံခြုံရေးနှင့်တည်ငြိမ်မှုအတွက် အမေရိကန်နိုင်ငံ၏ ကတိကဝတ်ကို အလေးပေးဖော်ပြနေသည်။

အီတလီအစိုးရသည် နိုင်ငံအတွက် ခံစစ်အနေအထားကိုမြှင့်တင်ရန် ကြိုးပမ်းနေပြီး တပ်ဖွဲ့ဝင်များတပ်ဖြန့်ထားမှုများကို ကာကွယ်ရန်နှင့် ဒေသတွင်းလုံခြုံရေးအတွက် အထောက်အကူဖြစ်စေရန် အဆိုပါစနစ်များကို ဝယ်ယူသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ယာဉ်တင်နှင့် စွယ်စုံသုံးလက်နက်စနစ်တစ်ခုဖြစ်သည့် HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်သည် ဒုံးကျည်အမြောက်အမြားကို ပစ်ခတ်နိုင်စွမ်းရှိပြီး အီတလီနိုင်ငံ၏ အမြောက်ပစ်ခတ်မှုစွမ်းရည်များကို သိသိသာသာ အဆင့်မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်သည် ယူကရိန်းပဋိပက္ခတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ခေတ်သစ်စစ်ပွဲတွင် အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များ၏ တိုက်ပွဲဝင်ထိရောက်မှုကို ပြသနိုင်ခဲ့ခြင်းကြောင့် သိသာထင်ရှားသော လူကြိုက်များမှုရရှိခဲ့သည်။ C-130 လေယာဉ်ဖြင့် သယ်ဆောင်နိုင်သောပေါ့ပါးပြီး ဘီးတပ်ယာဉ်တင်စနစ်သည် ထူးခြားသော ရွေ့လျားစစ်ကစားနိုင်မှုနှင့် တိုက်ပွဲဝင်တိကျမှုတို့ကို ပိုင်ဆိုင်ထားသည်။

အမြောက်ကျည်၊ ခဲယမ်းများအနေဖြင့် Guided Multiple Launch Rocket System (GMLRS) နှင့် Army Tactical Missile System (ATACMS) အပါအဝင် ခဲယမ်းမျိုးစုံကိုပစ်လွှတ်နိုင်စွမ်းရှိသော HIMARS လက်နက်စနစ်သည် အသုံးပြုထားသည့် ခဲယမ်းများပေါ်မူတည်၍ အကွာအဝေးကီလိုမီတာ ၃၀၀ ထိ ကြောက်မက်ဖွယ်ကောင်းအောင် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

Shoot-and-Scoot ဟု ခေါ်သော ပစ်ခတ်ပြီးနောက် စနစ်၏လျင်မြန်စွာနေရာရွှေ့ပြောင်းနိုင်မှုစွမ်းရည်သည် စစ်မြေပြင်တွင် ၎င်း၏ ရပ်တည်ရှင်သန်နိုင်စွမ်းကို မြင့်မားကောင်းမွန်စေသည်။ ၎င်းစွမ်းရည်များသည် HIMARS လက်နက်စနစ်ကို ယူကရိန်းပဋိပက္ခတွင် စစ်ပွဲအလှည့်အပြောင်း စွမ်းအားစုအဖြစ် သရုပ်ပြသခဲ့ရုံသာမက ၎င်းတို့၏ အမြောက်လက်နက်စနစ်များကိုခေတ်မီစေရန် ကြိုးပမ်းနေသည့် အခြားနိုင်ငံများထံမှ စိတ်ဝင်စားမှုကိုလည်း တွန်းအားဖြစ်ပေါ်စေခဲ့သည်။

ကွန်ဂရက်သို့ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခဲ့သည့် ကာကွယ်ရေး၊ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ တာဝန်ရှိသူများက ၎င်းရောင်းချမှုသည် အမေရိကန် နိုင်ငံခြားရေးမူဝါဒရည်မှန်းချက်များ၊ အမျိုးသားလုံခြုံရေး အကျိုးစီးပွားများနှင့် ကိုက်ညီကြောင်းအလေးပေး ပြောဆိုခဲ့သည်။

အဆိုပါဝယ်ယူမှုသည် အီတလီနိုင်ငံ စစ်ဘက်နှင့် အမေရိကန်၊ အခြားသော မဟာမိတ်တပ်ဖွဲ့များပေါင်းစည်းပြီး အပြန်အလှန် လည်ပတ်လုပ်ဆောင်နိုင်မှုတိုးမြှင့်လာရန် မျှော်လင့်ရကြောင်း၊ ၎င်းဝယ်ယူမှုသည် ဒေသတွင်းရှိ လက်ရှိစစ်ရေးစွမ်းအားစု မျှခြေများအပေါ် အနှောင့်အယှက်ဖြစ်စေမည်မဟုတ်ကြောင်း အာဏာပိုင်များက အာမခံချက်ပေးထားသည်။

**US Approves $400 Million Military Sale to Italy for M142 HIMARS Rocket Launchers ကို ဘာသာပြန်ဆိုထားပါသည်။**

## Terminal Autonomy ကုမ္ပဏီထံမှ AQ 400 Scythe ဒရုန်းသစ်များ ယူကရိန်းလက်ခံရရှိခဲ့

ယူကရိန်းကြည်းတပ်သည် AQ 400 Scythe ဒရုန်းသစ်များကို၎င်းနိုင်ငံကုမ္ပဏီတစ်ခုဖြစ်သော Terminal Autonomy ကုမ္ပဏီထံမှ လက်ခံရရှိခဲ့ကြောင်း defence-blog.com သတင်းဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံသည် ယခင်က One Way Aerospace ဟု လူသိများသော Terminal Autonomy ကုမ္ပဏီ၏ AQ 400 Scythe ဒရုန်းများကို တိုက်ပွဲဝင်တပ်ဖြန့်အသုံးပြုနိုင်ရန် ဝယ်ယူရေးလုပ်ငန်းစဉ်ကို အောင်မြင်စွာအပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

ကုမ္ပဏီ၏ တရားဝင်ထုတ်ပြန်ချက်တစ်ခုတွင် ကနဦးအနေဖြင့် အစင်းရေ ၁၀၀ ထုတ်လုပ်နိုင်ရန်နှင့် လစဉ် အစင်းရေ ၅၀၀ ထိ ထုတ်လုပ်နိုင်ရန် ရည်မှန်းချက်ကြီးမားစွာထား၍ ချမှတ်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့မှုသည် ယူကရိန်းတပ်မတော်အတွက် မဟာဗျူဟာမြောက်စစ်ဆင်ရေးစွမ်းဆောင်ရည်များနယ်ပယ်တွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်အနေဖြင့် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

AQ 400 Scythe သည် တာဝေးပျံသန်းစစ်ဆင်နိုင်သော ဒရုန်းအမျိုးအစားဖြစ်ပြီး အကွာအဝေးအားဖြင့် ကီလိုမီတာ ၇၅၀ ထိ ပြေးလမ်းတို၊ လောက်လွှဲစနစ်များဖြင့် ပစ်လွှတ်ပျံသန်းစေနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားသည်။ ပုံမှန်စစ်ဆင်ပျံသန်းနိုင်မှုတွင် Payload ဝန်တင်နိုင်စွမ်းမှာ ၃၂ ကီလိုဂရမ်ထိရှိပြီး အကွာအဝေးလျော့ချပျံသန်းစေမည်ဆိုပါက Payload ဝန်တင်နိုင်စွမ်းမှာ ကီလိုဂရမ် ၇၀ ထိ တိုးမြှင့်သယ်ဆောင်နိုင်စွမ်းရှိသည်။ ထင်ရှားသော ဝိသေသလက္ခဏာရပ်များတွင် လျင်မြန်စွာတပ်ဆင်အသုံးပြုနိုင်မှု၊ အစုလိုက်အပြုံလိုက် ထုတ်လုပ်နိုင်မှု၊ ကုန်ကျစရိတ်သက်သာမှုတို့ပိုင်ဆိုင်ထားပြီး ခေတ်သစ်စစ်ပွဲတွင် အဓိကအင်အားစုတစ်ရပ်အနေဖြင့် အသုံးပြုနိုင်စွမ်းရှိစေမည်ဖြစ်သည်။

Terminal Autonomy ကုမ္ပဏီသည် မောင်းသူမဲ့စနစ်များ ထုတ်လုပ်ရာတွင် အထူးပြုလုပ်ဆောင်လျက်ရှိသည့် အင်ဂျင်နီယာကုမ္ပဏီများ၊ အသေးစား စက်မှုလုပ်ငန်းများနှင့် ကွန်ရက်ချိတ်ဆက်၍ ကာမီကာဇီဒရုန်းများ ထုတ်လုပ်ရေးကို မဟာဗျူဟာမြောက် ဖွဲ့စည်းထူထောင်ခဲ့သည်။ ကုမ္ပဏီအနေဖြင့် ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့မှ အစိတ်အပိုင်းတချို့ကို ဝယ်ယူလုပ်ဆောင်နေသော်လည်း ယူကရိန်းနယ်စပ်ဒေသများတွင် ထုတ်လုပ်နိုင်ရေးကိုသာ ဦးစားပေးလုပ်ဆောင်နေခြင်းဖြစ်သည်။



AQ 400 Scythe ဒရုန်း ဖွံ့ဖြိုးတိုးတက်မှုသည် စစ်မြေပြင်တွင် မဟာဗျူဟာမြောက်အားသာချက်များပိုင်ဆိုင်နိုင်ရန် ဒရုန်းစနစ်များ၏စွမ်းပကားကို အသုံးချကာ စစ်ပွဲနည်းပညာဆိုင်ရာ ပါရာဒိုင်းအပြောင်းအလဲကို အလေးပေးဖော်ပြနေခြင်းလည်းဖြစ်သည်။ စနစ်၏ အဆင်ပြေချောမွေ့စွာလုပ်ဆောင်နိုင်မည့် ထုတ်လုပ်ရေးလုပ်ငန်းစဉ်နှင့် ကုန်ကျစရိတ်သက်သာခြင်းအပေါ် အာရုံစိုက်ခြင်းသည် ပြည်တွင်း၌ မဟာဗျူဟာမြောက် ထုတ်လုပ်နိုင်ရေးအပေါ် သေချာစေပြီး ယူကရိန်းစစ်ဘက်အတွက် နောက်ဆုံးပေါ် စွမ်းဆောင်ရည်များပေးအပ်နိုင်ရန် Terminal Autonomy ကုမ္ပဏီ၏ ကတိကဝတ်ကို ပြသနေခြင်းဖြစ်ကြောင်း သိရသည်။

**Ukrainian army receives new AQ 400 Scythe drones ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၈၄၅၆ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၈၄၅၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၆၈၂၉၇ ဧကကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို အောက်တိုဘာလက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၈၄၅၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးစီးပြီဖြစ်သည့် စပါးတစ်ဧကလျှင် ၉၀ ဒသမ ၁၆ တင်းထိ ထွက်ရှိနေကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ ဒီနှစ် မိုးစပါးတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့မိုးစပါးတွေ ရိတ်သိမ်းနေပါတယ်။ လက်ရှိမိုးစပါး ၁၈၄၅၆ ဧက ရိတ်သိမ်းပြီးပါပြီ။ ဒီနှစ်တောင်သူတွေ စပါးကိုအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက သွင်းအားစုတွေ ပံ့ပိုးပေးခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတိုင်း အခုရိတ်သိမ်းတဲ့အခါ စပါးတွေအထွက်နှုန်းကောင်းပါတယ်။ ကျန်တဲ့စပါးဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါးများကို အောင်တက်ကျေးရွာ၊ လေ့ကြီးတက်ကျေးရွာ၊ ဝေန်ဒေါင့်ကြီးကျေးရွာ၊ ရွှေတောင်ကြီးကုန်းကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ မဲဇလီကွင်းပေါက်ကျေးရွာ၊ ကွင်းကောက်ကျေးရွာ စသည့်ကျေးရွာများတွင် အများဆုံး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မံစီမြို့နယ် ကျော်ခေါင်ကျေးရွာ၌ ဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးစီးမှု စစ်ဆေး

**မံစီ ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျော်ခေါင်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျီးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်းအတိုင်းအတာ ပြည့်မီခြင်းရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရေရှည်အသုံးပြုနိုင်စေရေးအတွက် ပိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း တာဝန်ခံတို့ကို မှာကြားကာ ခန်းမနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဗန်းမော်ခရိုင် မံစီမြို့နယ် ကျော်ခေါင်ကျေးရွာ၌ အလျား ၅၅ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်ခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ဘက်စုံသုံးခန်းမ ဆောက်လုပ်ပေးနိုင်မှုကြောင့် ကျေးရွာ၏ လူမှုရေးကိစ္စရပ်များဆောင်ရွက်ရာတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း အသိပညာပေးသင်တန်းပို့ချ

**ပေါက်ခေါင်း ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လေးကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ဆောင်ရွက်နိုင်စေရန်အတွက် စီမံကိန်းအသင်းဝင်များကို အသိပညာပေးခြင်းသင်တန်းက ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက အမှာစကားပြောကြားပြီး ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကို အောင်မြင်စွာဆောင်ရွက်သွားရန်နှင့် အစုအဖွဲ့ဖြင့်ဆောင်ရွက်ရသောစီမံကိန်းဖြစ်သဖြင့် စီမံကိန်းကို စည်းလုံးစွာဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပေါက်ခေါင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက မွေးမြူရေးဆိုင်ရာအလေ့အကျင့်ကောင်းများ၊ မွေးမြူရေးနှင့်ပတ်သက်သည့် သင်ခန်းစာ ဘာသာရပ်များကို သင်ကြားပို့ချခဲ့ပြီး လက်တွေ့သရုပ်ပြသခဲ့သည်။

ထို့နောက် ပေါက်ခေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများသည် လေးကြီးကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ဆောင်ရွက်ထားရှိသည့် ဒေသန္တရမွေးမြူရေး၊ ထိန်စမ်းဆိတ်မျိုးနှင့် ဒေသဆိတ်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးပြီး စီမံကိန်းအသင်းဝင်များကို လိုအပ်သည်များ မှာကြားသည်။

အဆိုပါသင်တန်းကို လေးကြီးကျေးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ပြီး တစ်ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **သုတ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉-၁၂-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၅၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဝန်ကြီးဌာနနှင့် UNFPA တို့အကြား လုပ်ငန်းများဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Pio Smith နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနနှင့် UNFPA တို့အကြား နှစ်ကာလရှည်ကြာစွာ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် UNFPA ၏ မျိုးဆက်ပွားကျန်းမာရေး၊ လူငယ်လူရွယ်ကဏ္ဍ၊ HIV နှင့် AIDS၊ ကျားမတန်းတူညီမျှမှုနှင့် ကျားမအခြေပြု အကြမ်းဖက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ရာတွင် လူဦးရေဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရန်လိုအပ်သဖြင့် ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လူဦးရေဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ လူဦးရေနှင့်မိသားစု စီမံကိန်းအတွက် လိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းနိုင်ရန် အသိပညာနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံ၏ လူဦးရေပြဿနာများနှင့် အဆိုပါပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး ဖြစ်နိုင်သည့် နည်းဗျူဟာများနှင့်ပတ်သက်သည့် အသိပညာမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ လူဦးရေပြဿနာများကို ဖြေရှင်းရာတွင် လိုအပ်ချက်များနှင့်ကိုက်ညီသည့် ပုံစံအမျိုးမျိုးဖြင့် ကူညီဆောင်ရွက်ပေးရေး၊ လူဦးရေဆိုင်ရာလုပ်ငန်းအစီအစဉ်များ မြှင့်တင်ဆောင်ရွက်ပေးရေး၊ ဝန်ကြီးဌာနနှင့် UNFPA တို့အကြား လုပ်ငန်းများဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားသည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၁၅ ခုရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်းပါတီ ၆၅ ခုရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့ကို ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘက်စုံသားဖွားဒီပလိုမာသင်တန်းသူများကို အလုပ်ခန့်အပ်လွှာ ပေးအပ်ခြင်းနှင့် အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သားဖွားသင်တန်းကျောင်း(မန္တလေး)၏ ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းသူများကို အလုပ်ခန့်အပ်လွှာပေးအပ်ခြင်းနှင့် အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါသားဖွားသင်တန်းကျောင်းခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး၊ ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ သူနာပြုတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်း(မန္တလေး)တို့မှ ကျောင်းအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမကြီးများ၊ ဆရာမများ၊ သင်တန်းသူများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကျန်းမာရေးကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့်အတွက် နိုင်ငံတော်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသော ဆရာဝန်များ၊ သူနာပြုဆရာ၊ ဆရာမများ၊ ဘက်စုံသားဖွားဆရာမများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များကို မွေးထုတ်ပေးနိုင်ရေး အလေးထားစီမံဆောင်ရွက်ပေးနေပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးသေဆုံးမှုနှုန်းလျှော့ချနိုင်ရေးအတွက် ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားကျန်းမာရေးဝန်ထမ်းများနှင့်အတူ သားဖွားဆရာမများမှာအဓိကကျပြီး မရှိမဖြစ်အရေးပါသူများဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းပြီးဆုံးအောင်မြင်ခဲ့ကြသည့် သင်တန်းသူများကို အလုပ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ထို့နောက် သားဖွားသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ဆရာမကြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုမြင့်က သားဖွားသင်တန်းကျောင်း(မန္တလေး)နှင့်ပတ်သက်၍ လည်းကောင်း၊ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆရာ၊ ဆရာမနှင့် သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ပြည်သူလူထုကို အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန် သားဖွားသင်တန်းကျောင်း(မန္တလေး) အနေဖြင့် ဘက်စုံသားဖွားဆရာမများကို နှစ်စဉ်တိုးမြှင့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ ယနေ့ထိ ဘက်စုံသားဖွားဆရာမ ၃၆၁၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပြည်ထောင်စုနယ်မြေနေပြည်တော် လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ၌ ဆီထွက်သီးနှံ နေကြာစမ်းသပ်စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရောစ်ကွန်ကရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာ၌ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ဆီထွက်သီးနှံနေကြာ စမ်းသပ်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရောစ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုံးတောကျေးရွာ၌ ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ဆီထွက်သီးနှံနေကြာမျိုးများဖြစ်သည့် မြန်မာနိုင်ငံမှ ရေဆင်းမျိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Normal Bravo၊ Excellent မျိုးများ စမ်းသပ်စိုက်ပျိုးနေမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်ပစားသုံးဆီတင်သွင်းမှု လျှော့ကျရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမအသင်းသားတောင်သူများ၊ တာဝန်ရှိသူများအနေဖြင့် သီးနှံများ အထွက်တိုးစေရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးမြေအမျိုးအစား၊ စိုက်ပျိုးရေရရှိရေးနှင့် စိုက်နည်းစနစ်များရရှိပြီဖြစ်၍ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတု၊ မြေအမျိုးအစားပေါ်မူတည်၍ မည်သည့်မျိုးက ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည်ကို သိရှိရန်လိုအပ်ပြီး လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို စနစ်တကျမှတ်တမ်းတင်ထားရှိရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး ဆောင်းဆီထွက်သီးနှံနေကြာ စမ်းသပ်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေး အဖွဲ့က အဆိုပါကျေးရွာရှိ မေဃဝတီ ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊သားဖွားမီးယပ်ရောဂါ၊အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် လေးပါး၊ ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်၊Ultrasoundစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၁၉ မှအဆက်**

ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းတစ်ရပ်ရပ်ကို မပြုလုပ်ပါဟု လည်းကောင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ရည်ရွယ်၍ မူလပုံသဏ္ဍာန်ကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းကို မပြုလုပ်ပါဟု လည်းကောင်း ဝန်ခံကတိပြုပါသည်။

၃။ အဆိုပါပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် လိုအပ်သောထိန်းသိမ်းစောင့်ရှောက်မှုကို ပြုလုပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၄။ အထက်ပါ ဝန်ခံကတိပြုချက် တစ်ရပ်ရပ်ကို ကျွန်တော်/ ကျွန်မက ဖောက်ဖျက်ပါက သို့မဟုတ် ကျွန်တော်/ ကျွန်မ၏ အားပေးကူညီချက်အရ တစ်ဦးတစ်ယောက်က ဖောက်ဖျက်ပါက လောင်းကစား ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအပိုဒ် [၂၀(က)(၁)၊ ၂၈(က)(၉)] အရ သယ်ယူရန်ခက်ခဲသော ပစ္စည်းများ ယာယီပြန်လည်ပေးအပ်ထားခြင်းကို ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်းနှင့် ပျက်စီးဆုံးရှုံးသည့် ပစ္စည်းအတွက် တန်ဖိုး၏ (၃) ဆကို ကိုယ်တိုင်ပေးလျော်ရမည်ဖြစ်ကြောင်းကို ဝန်ခံလက်မှတ်ရေးထိုးပါသည်။

**လက်ခံရရှိသူ**

လက်မှတ် ------------------------

အမည် ------------------------

အဘအမည် ------------------------

နိုင်ငံသားစိစစ်ရေးအမှတ်/

အမျိုးသားမှတ်ပုံတင်အမှတ် ---------------

------------------------

အလုပ်အကိုင် ------------------------

နေရပ်လိပ်စာ ------------------------

------------------------

ဤကတိခံဝန်ချုပ်ပါဝန်ခံကတိပြုချက် တစ်ရပ်ရပ်ကို လက်ခံရရှိသူက ဖောက်ဖျက်ပြီး သတ်မှတ်သည့်တန်ဖိုးကို ပေးလျော်ခြင်းမရှိလျှင် ကျွန်ုပ်တို့ အာမခံသူ ၂ ဦးက တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးပူးတွဲ၍ဖြစ်စေ ပေးလျော်ရမည့်တန်ဖိုးကို အပြည့်အဝပေးလျော်ပါမည်ဟု အာမခံပါသည်။

| **အာမခံသူ (၁)** | **အာမခံသူ (၂)** |
| --- | --- |
| လက်မှတ် ------------------------ | လက်မှတ် ------------------------ |
| အမည် ------------------------ | အမည် ------------------------ |
| အဘအမည် ------------------------ | အဘအမည် ------------------------ |
| နိုင်ငံသားစိစစ်ရေးအမှတ်/ | နိုင်ငံသားစိစစ်ရေးအမှတ်/ |
| အမျိုးသားမှတ်ပုံတင်အမှတ် ----------- | အမျိုးသားမှတ်ပုံတင်အမှတ် -------- |
| ------------------------ | ------------------------ |
| အလုပ်အကိုင် ------------------------ | အလုပ်အကိုင် ------------------------ |
| နေရပ်လိပ်စာ ------------------------ | နေရပ်လိပ်စာ ------------------------ |
| ------------------------ | ------------------------ |
| ------------------------ | ------------------------ |

ဤကတိခံဝန်ချုပ်ကို ကျွန်ုပ်၏ရှေ့မှောက်တွင်ချုပ်ဆိုကြောင်း လက်မှတ်ရေးထိုးပါသည်။

လက်မှတ် ------------------------

အမည် ------------------------

လောင်းကစားဖမ်းဆီးရေးအဖွဲ့ခေါင်းဆောင်

**မှတ်ချက်။** (၁) သိမ်းဆည်းသည့် ပစ္စည်းများအတွက် ရေးသားဖော်ပြရန် မလုံလောက်၍ သီးခြားဖော်ပြရသော စာရွက်တိုင်းတွင် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ၊ လောင်းကစားဖမ်းဆီးရေး အဖွဲ့ခေါင်းဆောင်နှင့် သက်သေများက လက်မှတ်ရေးထိုးရမည်။

(၂) လောင်းကစားဖမ်းဆီးရေး အဖွဲ့ခေါင်းဆောင်သည် ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ပစ္စည်း သိမ်းဆည်းခြင်းပုံစံပါ အချက်အလက်များကို ဖတ်ကြားရှင်းလင်းပြရမည်။

**(ပုံစံ-င)**

**လောင်းကစားသတင်းပေးမှတ်တမ်း**

[ လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၊ ၈၊ ၉ ]

၁။ **လောင်းကစားအိမ်တည်နေရာ။**------------------------နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် ------------------ ခရိုင်------------------မြို့နယ်------------------ ရပ်ကွက်/ ကျေးရွာအုပ်စု ------------------ လမ်း၊ အိမ်အမှတ်------------------

၂။ **လောင်းကစားအိမ်ရှင်(နေထိုင်သူ)။** အမည်------------------ ၊(အဘ) အမည်------------------

၃။ **ရေးမှတ်သည့်နေ့ရက်နှင့် အချိန်နာရီ။**------------------ရက်စွဲ------------------ အချိန်

၄။ **သတင်းနှင့် ယုံကြည်လောက်သော အကြောင်းအချက်။**------------------------

------------------------------------------------

------------------------------------------------

------------------------------------------------

------------------------------------------------

------------------------------------------------

------------------------------------------------

------------------------------------------------

------------------------------------------------

လောင်းကစားသတင်းရေးမှတ်သူလက်မှတ်

အမည် ------------------------

ရာထူး/တာဝန် ------------------------

------------------------

# Mandalay Climate Forum 2023 သို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး ဒီဇင်ဘာ ၁၉**

Mandalay Climate Forum အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်အသီးသီးမှ ဆရာ၊ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်မှုများသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများမြင့်မားရေးတို့ကို ကြီးမားစွာ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်မလာအောင် တားဆီး၍မရသော်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်းဖြင့် ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲလာမှုအခြေအနေများ၊ ဒေသအလိုက်ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများနှင့် အနာဂတ်ကာလရာသီဥတုအခြေအနေများကို ပိုမိုသိရှိနိုင်ရန်နှင့် သက်ဆိုင်သည့်လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ကြရာတွင် ရာသီဥတုသတင်းအချက်အလက်များ အထောက်အကူရရှိနိုင်ရန်အတွက် အဓိကရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြောင်းလဲလာနိုင်သည့် ရာသီဥတုအခြေအနေများနှင့်အတူ လွှန်ကဲသည့်ရာသီဥတုအခြေအနေများ ပိုမိုဖြစ်ပေါ်လာနိုင်သည့်အတွက် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ရက်တို၊ ရက်လတ်၊ ရက်ရှည်ခန့်မှန်းချက်များ၊သတင်း၊ သတိပေးချက်များကို ထိရောက်စွာရယူအသုံးပြုနိုင်ရေးသည်လည်း လိုအပ်လာပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် လုပ်ငန်းနယ်ပယ်အလိုက် ကြုံတွေ့နေရသည့် အတွေ့အကြုံများ၊ ပူးပေါင်းဆောင်ရွက်နိုင်မှု အလေ့အထကောင်းများနှင့်အတူ အနာဂတ်တွင်ကြုံတွေ့ရနိုင်မည့် ရာသီဥတုအခြေအနေများ၏ စိန်ခေါ်မှုများအပေါ် တုံ့ပြန်နိုင်ရန် Climate Science Information များမှတစ်ဆင့်အချက်အလက်များ၊ အတွေ့အကြုံကောင်းများ အပြန်အလှန်မျှဝေနိုင်ပြီး Climate Knowledge မှသည် Climate Actions များစွာရရှိနိုင်မည့် ဆွေးနွေးပွဲကောင်းတစ်ခုဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ပြသသည့် Video Clip နှင့် Mandalay Climate Change နှင့်ပတ်သက်၍ ပြသထားမှုများကို ကြည့်ရှုအားပေးပြီး ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြောင်းနှင့် အဆိုပါ Mandalay Climate Forum တွင်သက်ဆိုင်ဌာနများမှ ကဏ္ဍအလိုက်ဝိုင်းဝန်းဆွေးနွေးမှုများ၊ မေးမြန်းဖြေကြားခြင်းများ၊အကြံပြုချက်များဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**








**ရန်ကုန်-မန္တလေးရထားလမ်းအတွင်း မင်းနဘူတာနှင့် ကျောက်ဆည်ဘူတာအကြား မိုင်တိုင်အမှတ် ၃၅၃/၃ နှင့် ၄ အကြား တံတားအမှတ် ၇၃၆ အနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးထားခြင်းကြောင့် ပျက်စီးခဲ့သည့် ရထားလမ်းကို ပြန်လည်ပြုပြင်နေစဉ်။**


☆ **ကျောဖုံးမှအဆက်**

ဘူတာ၌ ရပ်တန့်ထားရမှုကြောင့် ရထားစီးခရီးသည်များ ခေတ္တအချိန်ကြန့်ကြာမှု ကြုံတွေ့ခဲ့ရကြောင်းနှင့် လမ်းပိုင်းပျက်စီးမှုကို အချိန်နှင့်တစ်ပြေးညီပြန်လည်ပြုပြင်ပြီး ရထားခရီးစဉ်များ ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့်၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့ထိ မြန်မာ့မီးရထား လမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့်ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်မိုင်းခွဲခြင်း အကြိမ် ၁၃၀၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၄၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ်ကျူးလွန်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များထိခိုက်ပျက်စီးစေရေး၊ ပြည်သူများအသက်အန္တရာယ်ထိခိုက်ပြီး ရထားဖြင့်ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့ကို ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ်ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း မင်းနဘူတာနှင့် ကျောက်ဆည်ဘူတာကြား မိုင်တိုင်အမှတ်၊ ၃၅၃/၃နှင့် ၄ အကြား၊ တံတားအမှတ် ၇၃၆ အနီး PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်း/တံတားပျက်စီးမှုပုံ






# ကျောက်ဖြူဒေသခံပြည်သူဦးရေ ၂၀ ကျော်ကို တပ်မတော်ကဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် သတင်းတုသတင်းမှားများ ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၁၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂုံးချိန်တိုက်နယ်မှ ဒေသခံပြည်သူဦးရေ ၂၀ ကျော်ကို တပ်မတော်က အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ ဖမ်းဆီးခေါ်ဆောင်ခံရသူ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၁ ဦးဖြစ်ကြောင်း လူမှုကွန်ရက်များတွင် မဟုတ်မမှန်ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးကို ဆက်သွယ်မေးမြန်းချက်အရ မှန်ကန်မှုမရှိကြောင်း၊ ကျောက်ဖြူမြို့နယ် ဂုံးချိန်တိုက်နယ်တွင် မည်သည့်လုံခြုံရေးအဖွဲ့များမှ လုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့ခြင်းမရှိကြောင်း၊ လုပ်ကြံရေးသားသည့် သတင်းမှားသာဖြစ်ကြောင်း ပြောကြားချက်အရသိရှိရသည်။

အကြမ်းဖက်မှုအားပေးသည့် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေကာ တပ်မတော်သားများနှင့် လုံခြုံရေးပူးပေါင်းအဖွဲ့များအပေါ် ဒေသခံပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ၊ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်အောင်တို့ ဦးဆောင်သောကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် လူမှုဝန်ထမ်း ဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ၊ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)ကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းများတွင် ကျောင်းသား၊ကျောင်းသူများကို ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုစောင့်ရှောက်ပေးမှုနှင့် မျက်မမြင်များကို ပညာအခြေခံ တိုးမြှင့်လာစေရန် လေ့ကျင့်ပေးနေမှု၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားခွင့်၊ ဂီတပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်နှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်စသည့်အခြေခံလူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးမှုနှင့် ဒုတိယနှစ်ဝက်စာမေးပွဲဖြေဆိုနေမှု အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# ပခုက္ကူမြို့အခြေစိုက် အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်နှင့် အနောက်ဘုန်းကံရွာရှိ စခန်းတစ်ခုကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးဟု သတင်းမှားများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အခြေစိုက် အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်နှင့် အနောက်ဘုန်းကံရွာရှိစခန်းတစ်ခုကို လက်နက်ကြီးအလုံး ၂၀၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံးခဲ့သည်ဟု အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit မှ သတင်းတုသတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များအရ အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်မှုများကြောင့် ကျေးရွာများအနီးသို့ ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်းနှင့် စစ်သည် ၁၀ ဦးသေဆုံးသည်ဆိုသည်မှာ သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စိတ်ဓာတ်ကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တူယှဉ်ဆင်နွှဲ စရဖွမတော်ပွဲ"** ခေါင်းစဉ်ဖြင့် ၂၀-၁၂-၂၀၂၃ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အသွင်မတူ ဒလန်ဟူ၍ အကြမ်းဖက်သတ်ဖြတ်ကြသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊နေရပ်လိပ်စာ၊အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Mai ko Sai"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်နေ Mai KoSai (ခ) မျိုးသက်လှိုင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ "Zay YarPhyoe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပျားပင်ကျေးရွာနေ ဇေယျာဖြိုးအား ည ၆ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တရုတ်နိုင်ငံတွင် ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၁၁ ဦးသေဆုံး



**ပေကျင်း ဒီဇင်ဘာ ၁၉**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ Gansu ပြည်နယ်နှင့် Qinghai ပြည်နယ်တွင် ဒီဇင်ဘာ ၁၈ ရက် ညပိုင်းက ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၁၁ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ အများအပြားရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါငလျင်သည် ဒီဇင်ဘာ ၁၈ ရက် ညပိုင်းက Gansu ပြည်နယ်၏မြို့တော် Lanzhou မြို့၏ အနောက်တောင်ဘက် ၁၀၂ ကီလိုမီတာအကွာ မြေအောက်အနက် ၂၀ ဒသမ ၇၅ မိုင်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လျော့ချရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အမျိုးသားကော်မရှင်နှင့် အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနတို့က အဆင့်(၄) ဘေးအန္တရာယ် ကယ်ဆယ်ရေး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ရာဒေသသည် ကုန်းမြင့်ပိုင်းဒေသဖြစ်ပြီး ရာသီဥတုအေးသောအပိုင်းတွင် တည်ရှိသောကြောင့် ငလျင်နှင့်ပတ်သက်သည့် ကယ်ဆယ်ရေးလုပ်ငန်းများအပြင် နောက်ဆက်တွဲ ဘေးအန္တရာယ်များကိုပါ ကာကွယ်နိုင်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

ပြည်နယ်မီးသတ်ဌာနအနေဖြင့် အဆင့်(၁)အရေးပေါ်တုံ့ပြန်မှုတစ်ရပ်ကိုလုပ်ဆောင်ခဲ့ပြီး မြေငလျင်လှုပ်ခတ်သော ဒေသတွင် ကယ်ဆယ်ရေးဝန်ထမ်းဦးရေ ၅၈၀ နှင့် ကယ်ဆယ်ရေးလုပ်ငန်းသုံး စက်ယန္တရား ၁၀၀၀ ကျော် အသုံးပြု၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ပြည်နယ်နှစ်ခုစလုံးတွင် လူနေအိမ်အဆောက်အအုံများ၊ လမ်းများနှင့် တံတားများပျက်စီးခဲ့ရပြီး သေဆုံးဒဏ်ရာရရှိသူ အရေအတွက်လည်း တိုးလာနိုင်ကြောင်း ထုတ်ပြန်ထားသည်။

**Ref : Xinhua News**
**Trs : AZH**

## ကနေဒါအစိုးရက ကာဗွန်ထုတ်လွှတ်မှုလုံးဝမရှိသော မော်တော်ယာဉ်များသာ ထုတ်လုပ်တင်သွင်းရေး ညွှန်ကြားချက်ကို ထုတ်ပြန်ရန်စီစဉ်နေ

**အော့တဝါ ဒီဇင်ဘာ ၁၉**

ကနေဒါအစိုးရသည် ၂၀၃၅ ခုနှစ်မှစတင်၍ ကနေဒါနိုင်ငံသို့ တင်သွင်းသော မော်တော်ယာဉ်များ၊ ကနေဒါနိုင်ငံမှ ထုတ်လုပ်သော မော်တော်ယာဉ်များသည် ကာဗွန်ထုတ်လွှတ်မှုလုံးဝမရှိသော မော်တော်ယာဉ်များသာဖြစ်ရမည့် ညွှန်ကြားချက်ကို ထုတ်ပြန်ရန်စီစဉ်နေကြောင်း ကနေဒါအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကနေဒါနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုထိန်းချုပ်နိုင်ရေးအတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချသွားရန် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များကိုသာသုံးစွဲရေး အကောင်အထည်ဖော်ရန် ပစ်မှတ်ထားလျက်ရှိကြောင်း၊ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များသုံးစွဲသွားရေးအတွက် မူဝါဒများကိုလည်းပြင်ဆင်ရေးဆွဲနေပြီး Electric Vehicle Availability Standard နှင့်အညီ မူဝါဒများရေးဆွဲရန် ပြင်ဆင်နေကြောင်း သိရသည်။

"၂၀၅၀ ပြည့်နှစ်အရောက်မှာ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ကို ရောက်ရှိဖို့အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍကို စတင်ပြင်ဆင်သွားမယ်။ ၂၀၃၅ ခုနှစ်အရောက်မှာ ကနေဒါနိုင်ငံကို တင်သွင်းတဲ့ မော်တော်ယာဉ်နဲ့ ကနေဒါနိုင်ငံက ထုတ်လုပ်တဲ့ မော်တော်ယာဉ် ၁၀၀ ရာခိုင်နှုန်းဟာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုမရှိတဲ့ မော်တော်ယာဉ်တွေဖြစ်ဖို့အတွက် တရားဝင်ညွှန်ကြားချက် ထုတ်ပြန်ဖို့ ပြင်ဆင်နေပါတယ်။ မူဝါဒတွေလဲ ရေးဆွဲပြဋ္ဌာန်းသွားဖို့အတွက် ပြည်နယ်အလိုက်က အာဏာပိုင်အဖွဲ့အစည်းကလဲ ပြင်ဆင်နေပါတယ်" ဟု ကနေဒါအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းတာဖြင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် ဆောင်ရွက်နေပြီး ၂၀၃၅ ခုနှစ်အရောက်တွင် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးကိုလည်း အကောင်အထည်ဖော်ရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ဩစတြေးလျနိုင်ငံ နာရာဘရီမြို့တွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၁၉**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် နာရာဘရီမြို့တွင် ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း နယူးဆောက်ဝေးပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နယူးဆောက်ဝေးပြည်နယ်တွင် နာရာဘရီမြို့အပါအဝင် နေရာပေါင်း ၆၂ နေရာထိ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး အခြားသောနေရာများတွင်လည်း တောမီးလောင်ကျွမ်းမှုသည် လာမည့်ရက်ပိုင်းအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိသွားဖွယ်ရှိနေကြောင်း၊ နာရာဘရီမြို့အနီး တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသော ဧရိယာမှာ ပီလီဂါသစ်တောကြိုးဝိုင်းအတွင်းဖြစ်ပြီး နာရာဘရီမြို့ တောင်ဘက်ပိုင်းတွင် နေထိုင်သော ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း သိရသည်။



"နာရာဘရီမြို့အနီးက ပီလီဂါသစ်တောကြိုးဝိုင်းမှာ တောမီးလောင်ကျွမ်းမှုတွေ ပြင်းထန်စွာဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုက ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ ဘိုဟိုနာခရိဧရိယာ၊ မက်ကန်လမ်းနဲ့ ပီရီမီတာလမ်းဧရိယာအနီးမှာ နေထိုင်တဲ့ ဒေသခံတွေအနေနဲ့ အသက်အန္တရာယ် စိုးရိမ်ရပါတယ်။ ဘေးလွတ်ရာ အမြန်ဆုံးရွှေ့ပြောင်းပေးကြပါ"ဟု နယူးဆောက်ဝေးပြည်နယ်မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## အိုက်စလန်နိုင်ငံ Reykjanes ကျွန်းဆွယ်ရှိ Fagradalsfjall မီးတောင်ပေါက်ကွဲမှုဖြစ်ပွား

**ရေကျာဗစ် ဒီဇင်ဘာ ၁၉**

အိုက်စလန်နိုင်ငံ Reykjanes ကျွန်းဆွယ်ဒေသရှိ Fagradalsfjall မီးတောင်သည် ဒီဇင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၁၇ မိနစ်ခန့်မှ စတင်၍ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အိုက်စလန်နိုင်ငံ Reykjanes ကျွန်းဆွယ်ရှိ ဂရင်ဒါဗစ်မြို့ မြောက်ဘက် သုံးကီလိုမီတာခန့်အကွာ နာမည်ကျော် Blue Lagoon ရေပြာအိုင်အနီးတွင် တည်ရှိသော Fagradalsfjall မီးတောင်သည် ဒီဇင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၁၇ မိနစ်ခန့်မှ စတင်၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်ပေါက်ကွဲမှုအခြေအနေကို အတည်ပြုနိုင်ရန် အိုက်စလန်ကမ်းခြေစောင့်တပ်မှ ကမ်းခြေစောင့် ရဟတ်ယာဉ်တစ်စင်းဖြင့် စောင့်ကြည့်ရေး လုပ်ငန်းစဉ်များဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါမီးတောင်သည် ယခုနှစ် အောက်တိုဘာလမှစတင်၍ သိသာထင်ရှားသော လှုပ်ရှားမှုများဖြစ်ပေါ်နေရာ ယခုပေါက်ကွဲမှုမဖြစ်ပွားမီအချိန်ထိ ငလျင်ငယ်အကြိမ်ရေပေါင်း ၂၀၀၀ ကျော်လှုပ်ခတ်ခဲ့ကြောင်း၊ အဆိုပါအခြေအနေများကြောင့် မြို့ပြကာကွယ်ရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဌာနက ဂရင်ဒါဗစ်မြို့ရှိ လူဦးရေ ၃၇၀၀ ကျော်ကို နိုဝင်ဘာ ၁၀ ရက်မှစတင်၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါဒေသတွင် ၂၀၂၁ ခုနှစ်မှစတင်၍ မီးတောင်ပေါက်ကွဲမှု လေးကြိမ်ဖြစ်ပွားခဲ့ပြီး ယခုအကြိမ်ပေါက်ကွဲမှုသည် အပြင်းထန်ဆုံးဖြစ်ကြောင်း၊ မီးတောင်မပေါက်ကွဲမီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီး လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခြင်းမရှိကြောင်း အိုက်စလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဘဂျနီဘီနီဒစ်ဆန်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : AZH**

## တရုတ်နိုင်ငံတွင် သဘာဝဘေးဒဏ်သင့် အခြေခံအဆောက်အအုံများပြင်ဆင်မွမ်းမံရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ယွမ် ၂၃၇ ဒသမ ၉ ဘီလီယံခွင့်ပြုပေးမည်

**ပေကျင်း ဒီဇင်ဘာ ၁၉**

တရုတ်နိုင်ငံတွင် သဘာဝဘေးဒဏ်သင့်ခဲ့သော နယ်မြေများ၌ အခြေခံအဆောက်အအုံများကို ပြန်လည်ပြင်ဆင်မွမ်းမံရေးနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးကဏ္ဍများအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘတ်ဂျက်ငွေအဖြစ် ယွမ် ၂၃၇ ဒသမ ၉ ဘီလီယံခွင့်ပြုပေးသွားရန် ဆုံးဖြတ်လိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း ရေဘေးအန္တရာယ်ကြောင့် အခြေခံအဆောက်အအုံ အများအပြားပျက်စီးခဲ့ရပြီး အခြေခံအဆောက်အအုံများကို ပြန်လည်ပြင်ဆင်မွမ်းမံရာ၌လည်း အနာဂတ်တွင် သဘာဝဘေးဒဏ်ကိုခံနိုင်ရည်ရှိစေမည့် အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးဘတ်ဂျက်ငွေခွဲတမ်းကို အမြောက်အမြားခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြန်လည်ထူထောင်ရေး ဘတ်ဂျက်ငွေကိုလည်း အရစ်ကျခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ပထမအရစ်ခွင့်ပြုပေးမည့် ဘတ်ဂျက်ဖြင့် အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်မွမ်းမံရေးစီမံကိန်း ၂၉၀၀ ကျော်ထိ ပြုလုပ်မည်ဖြစ်ပြီး ရေဘေးအန္တရာယ် အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့သောဧရိယာများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုပေးသွားမည့် ယွမ် ၂၃၇ ဒသမ ၉ ဘီလီယံအနက် ယွမ် ၁၀၇ ဒသမ ၅ ဘီလီယံကို ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများ ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး ယွမ် ၁၂၅ ဒသမ ၄ ဘီလီယံကို ပေကျင်း-တီယန်ဂျင်း-ဟာဘေးနယ်မြေများနှင့် မြောက်ဘက်ပိုင်းနယ်မြေများရှိ အဆင့်မြင့်စိုက်ပျိုးလယ်ယာများ ပြင်ဆင်မွမ်းမံမှုအတွက် အသုံးပြုပေးသွားမည်ဖြစ်ကြောင်း၊ ယွမ် ငါးဘီလီယံကိုသဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး အခြေခံအဆောက်အအုံနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာမှုကို စောင့်ကြည့်ပေးသွားမည့် CCTV စနစ်များ၊ ထိန်းချုပ်မှုစနစ်များ တပ်ဆင်သွားရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**



# မင်္ဂလာပါ ချစ်တပည့်

စစ်ရှင်သွေး(ပန်းတောင်း)

(၁)

မြန်မာနိုင်ငံတော်အလံက လေတွင်တလူလူလွင့်နေ၏။ အောက်ဘက်နားတွင် တပ်ဆင်ထားသည့် အသင်း၏အရောင် အလံငယ်လေးများသည်လည်း လေတွင် တဖျတ်ဖျတ်လှုပ်ခတ်လို့နေသည်။ အလံတိုင်စိုက်ထူထားသော ထိုစာသင်ကျောင်းကလေး၏ အမည်မှာ လယ်ပြင်ကျောင်းဖြစ်သည်။

တစ်ချိန်က ရပ်ကွက်အသစ်တစ်ခု၏ လယ်ကွင်းပြင်တွင် ဆောက်လုပ်ထားခြင်းကြောင့် လယ်ပြင်ကျောင်းဟု အမည်တွင်ခဲ့ရသော်လည်း ယခုအခါ နေအိမ်များနှင့် နီးကပ်စွာတည်ရှိလေပြီ။ လူနေရပ်ကွက်၏ အလယ်တွင်တည်ရှိနေပါသော်လည်း လယ်ပြင်ကျောင်း၏ အမည်မှာ ပျောက်ကွယ်မသွားချေ။ ထိုကျောင်းကလေးမှာ အခြေခံပညာမူလတန်းထိ သင်ကြားပြီး ကျောင်းအုပ်ဆရာမကြီးအပါအဝင် စုစုပေါင်း ဆရာ၊ ဆရာမ လေးဦးရှိသည်။

နံနက်၉နာရီကျောင်းတက်ချိန်၌ ကျောင်းသား၊ ကျောင်းသူများ နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများအားလုံး မိမိတို့၏ စာသင်ခန်းဆီသို့ အသီးသီးဝင်ရောက်သွားကြလေသည်။

“မင်္ဂလာပါ ဆရာမ”

အတန်းရှေ့သို့ ဆရာမကြီး ရောက်ရှိလာသဖြင့် ကျောင်းသား၊ ကျောင်းသူများ မတ်တတ်ရပ်၍ လက်ပိုက်ကာ သံပြိုင်နှုတ်ဆက်လိုက်ကြသည်။

“အေး မင်္ဂလာပါ မင်္ဂလာပါ။ စာမကြိုးစားတဲ့သူကတော့ မင်္ဂလာကိုပဲ ရောက်ကြမှာပါ။ ကဲ ကဲ အားလုံးထိုင်ကြ”

နှုတ်ဆက်ပြီးလေတိုင်း ဆရာမကြီး၏ ပြောနေကျစကားဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ ကိုယ့်နေရာတွင်ကိုယ် ပြန်ထိုင်လိုက်ကြသည်။

(၂)

“အတန်းထဲမှာ မောင်လေးရဲ့ခုံနေရာက ရှေ့မှာလား၊ နောက်မှာလား ဘယ်သူတွေနဲ့ အတူထိုင်ရတာလဲ။ မမကိုပြောပြ”

ကျောင်းမှပြန်လာသည့် ထူးမောင်ကို အစ်မဖြစ်သူက မေးလိုက်ခြင်းဖြစ်သည်။

“ခုံက နောက်ဆုံးတန်း၊ ကျွန်တော့်ဘေး မှာ မြို့ထဲက ကိုဝင်းရယ်၊ တင်သန်းရယ်၊ မြင့်ဇော်ရယ် အတူတူ ထိုင်ကြရတယ် မမ”

“အေး အခုကတည်းက ပြောထားမယ်နော် နောက်ဆုံးခုံမှာနေပြီး ပေါ့ပေါ့ဆဆမနေနဲ့။ ဆရာ၊ ဆရာမတွေသင်ပြတာကို ဂရုတစိုက်နားထောင်။ ကျောင်းပြေးတာတို့၊ ဆေးလိပ်ခိုးသောက်တာတို့၊ ရန်ဖြစ်တာတို့သိလို့ကတော့ ငါ့အကြောင်း နင်သိတယ်နော်။ ကျောက်ခွဲဖို့သာပြင်ထား။သူငယ်ချင်းတွေနဲ့လဲ သင့်မြတ်အောင်နေ”

“ဟုတ်ကဲ့”ဟု တစ်ခွန်းသာ ပြန်ပြောလိုက်နိုင်သည်။ အစ်မဖြစ်သူကား အပြောနှင့်အလုပ်ညီသူဖြစ်၏။ ပါးစပ်နှင့်ပြောမရပါက တုတ်နှင့်ပြောတတ်သူမှန်း ထူးမောင်သိသည်။

အစ်မနှင့် ထူးမောင်မှာ အသက်ရှစ်နှစ်ခန့်ကွာသည်။ သူက စာတော်သည်။ အထူးသဖြင့် သင်္ချာဘာသာတွင် ပို၍တော်သည်။ဉာဏ်ကောင်းသော်လည်း စတုတ္ထတန်း အောင်မြင်ပြီးနောက် ကျောင်းဆက်၍ မတက်နိုင်ဘဲ မိခင်ဖြစ်သူနှင့်အတူ အိမ်ရှိကုန်စုံဆိုင်တွင် စျေးကူ ရောင်းရလေသည်။ ဖခင်ဖြစ်သူမှာ ထူးမောင် မမွေးမီ ကတည်းကပင် ပိုးထိ၍ ဆုံးပါးသွားခဲ့ကြောင်း အမေပြောပြ၍ သိခဲ့ရသည်။

အစ်မဖြစ်သူကို ငယ်စဉ်ကတည်းကကြောက်ခဲ့ရသည့် ငယ်ကြောက်ဖြစ်သည်။ ကြောက်ပေသည့် မောင်နှမချင်း အလွန်ချစ်ခင်ကြသည်။ အင်္ကျီချုပ်လျှင် မောင်နှမနှစ်ဦး ဆင်တူချုပ်၍ ဝတ်ကြသည်။ မိုးတွင်းအခါ သူ ကောက်(စပါး)အငှားစိုက်ရာမှ ရလာသော လုပ်အားခပိုက်ဆံဖြင့် ထူးမောင်အတွက် ဘောင်းဘီ၊ အင်္ကျီ၊ လွယ်အိတ်နှင့်ဖိနပ်တို့ ဝယ်ပေးလေ့ရှိသည်။ ကျောင်းစာနှင့်ပတ်သက်လာလျှင်တော့ သူက လုံးဝအလိုမလိုက်။

ထူးမောင်အတွက်နှင့် မိခင်ဖြစ်သူ၏ ဆူပူမာန်မဲခြင်းကို သူ ခဏခဏခံရသည်။ အဆူခံရသည့်အကြောင်းမှာ မိသားစုသုံးဦး ထမင်းဝိုင်းတွင် ထမင်းစားသည့်လက်နှင့် ဇွန်းကိုကိုင်မိပါက ကိုင်သည့်လက်ကို အစ်မက ဇွန်းဖြင့်ခေါက်သည်။ ဟင်းရည်မသောက်ရ။ ပါးစပ်မှ တပျတ်ပျတ်မြည်အောင်များ စားလိုက်မိပါက ပေါင်ကိုလိမ်ဆွဲတတ်သည်။ ကိုယ်စားသည့် ပန်းကန်ကိုယ်တိုင်ဆေးရသည်။ မောင်အငယ်မို့ အလိုမလိုက်သလို မိခင်က အလိုလိုက်လျှင်လည်း သူက လုံးဝမကြိုက်ပေ။ စည်းကမ်းအလွန်ကြီးသူ ဖြစ်သည်။

ငယ်စဉ်အခါက အစ်မဖြစ်သူ၏ သွန်သင်ဆုံးမခဲ့သော စည်းကမ်းများသည် ကြီးပြင်းလာသောအခါ အလွန်တန်ဖိုးရှိမှန်း ကိုယ်တိုင်သိလာရ၏။ စဉ်းစားတွေးခေါ်နိုင်သောအသိ၊ နူးညံ့သိမ်မွေ့သော လူမှုဆက်ဆံရေးအသိတို့ဖြင့် လူမှုနယ်ပယ်တွင် မိမိကိုယ်မိမိ ယုံကြည်မှုရှိစွာနှင့် ရပ်တည်နိုင်စွမ်း ရှိလာခဲ့သည်။

(၃)

“ဟေ့ကောင် ထူးမောင်”

“ဟေ ကိုဝင်း ပြောလေကွာ”

“ငါ ဒီနေ့ ကျောင်းမတက်ချင်ဘူးကွာ”

“ဟာ ဘာဖြစ်လို့ မတက်ချင်တာလဲ”

“ဒီနေ့ ဆရာမကြီးပေးလိုက်တဲ့ အိမ်စာသင်္ချာတွေ ငါမတွက်တတ်ဘူးကွာ”

“ဒါကြောင့် ငါပြောတာပေါ့ ဆရာတွေရှေ့က စာသင်ရင် သေသေချာချာကြည့်ပါဆို မင်းတို့က စကားပဲပြောနေကြတာ”

ထူးမောင်နှင့်ကိုဝင်းတို့ နှစ်ဦးသား ကျောင်းတက်သွားရင်း ပြောဆိုနေကြခြင်းဖြစ်သည်။ ကိုဝင်းသည် စာတော်ချင်ပါလျက်နှင့် အပျော်ဘက်သို့ စိတ်ပါနေသည်။ တင်သန်းနှင့် မြင့်ဇော်သည်လည်း ထိုနည်းတူစွာပင်။ တစ်နေ့ ပေးလိုက်သောကျောင်းစာကို တစ်နေ့မလုပ်။ စာကျက်အလွန်ပျင်း၏။ ညနေကျောင်းဆင်းသည်နှင့်တစ်ပြိုင်နက် အဝတ်အစားလဲကာ ပိုက်ကျော်ခြင်းကွင်းသို့ပြေးတော့သည်။ စာမရ၍ အပြစ်ပေးခံရလျှင်လည်း ထိပ်ဆုံးမှပါကြသူများဖြစ်သည်။ နှစ်ယောက်အတူတူ လမ်းလျှောက်သွားနေရာမှ ကိုဝင်းက တုံ့ခနဲရပ်လိုက်ပြီး-

“ထူးမောင် ငါ ဒီနေ့ ကျောင်းမတက်ချင်တော့ဘူးကွာ။ ဆန်စက်ထဲက ဇယ်ခုံကိုပဲသွားတော့မယ်။ မင်းလိုက်မယ်မဟုတ်လား” ထူးမောင်က ခေါင်းခါပြသည်။

“ငါ မလိုက်ချင်ဘူး မင်းလဲ မသွားပါနဲ့ကွာ၊ လာပါ တို့အတူတူကျောင်းသွားကြမယ်၊ ကျောင်းတက်ချိန်က နီးနေပြီကွ”

“မင်းမလိုက်လဲ နေခဲ့ကွာ ငါတော့သွားပြီ”

ဆန်စက်ဆီသို့ ပြေးထွက်သွားသည့် ကိုဝင်း၏ နောက်ကျောပြင်ကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ထိုနေ့နံနက် စာသင်ခန်းသို့ ရောက်သောအခါ ထူးမောင် စိတ်မကောင်းဖြစ်ရ၏။ အဘယ်ကြောင့်ဆိုသော် ခုံအတူထိုင်နေကျ သူငယ်ချင်းသုံးဦး ကျောင်းပြေးသွားခြင်းကြောင့်ဖြစ်သည်။ ကျောင်းတက်ချိန်ကျော်လာသောအခါ ဆရာမကြီးက-

“ထူးမောင် မတ်တတ်ထ”

ဆရာမကြီး၏ အသံကို ရုတ်တရက်ကြားလိုက်ရသဖြင့် လန့်သွားပြီး လက်ပိုက်၍ ထရပ်လိုက်သည်။

“မင်းရဲ့ဘေးက ဟိုသုံးယောက် ဘာလို့ကျောင်းမတက်တာလဲ”

“မြင့်ဇော်နဲ့ တင်သန်းကတော့ ဘာလို့မတက်တာလဲတော့မသိပါဘူး ဆရာမကြီး”

“ဒါဆို ကိုဝင်းကကော”

“ကို ကိုဝင်းက”

“သိရင်ပြောလေ”

“ကိုဝင်းက ဆရာမကြီး ပေးလိုက်တဲ့ အိမ်စာသင်္ချာမပြီးလို့ ကျောင်းမလာရဲဘူးလို့ ပြောပါတယ်”

မလိမ်ရဲ မညာရဲသောကြောင့် ထူးမောင် အမှန်အတိုင်းပင် ဖွင့်ပြောလိုက်တော့သည်။

“ဒါဆို သူ ဘယ်သွားသလဲ မင်း သိလား”

“သူ ဆန်စက်ဘက်ကို ထွက်ပြေးသွားပါတယ် ဆရာမကြီး”

“ဘာလုပ်ဖို့သွားတာလဲ”

“ဇယ်တောက်ခုံကိုလို့ ပြောပါတယ်ဆရာမကြီး”

ဆရာမကြီးထံမှ စကားသံထွက်မလာ။ အခန်းပြတင်းပေါက်မှတစ်ဆင့် အဝေးဆီသို့သာငေးကြည့်နေသည်။ တစ်တန်းလုံးငြိမ်နေကြ၏။ ထူးမောင်တစ်ယောက်မတ်တတ်ရပ်နေရဆဲဖြစ်သည်။ ဆရာမကြီး၏ အကြည့်က ထူးမောင်ထံသို့ ထပ်မံရောက်ရှိလာပြီး-

“ထူးမောင်”

“ခင်ဗျာ”

“မင်း ထိုင်တော့”

“ဟုတ်ကဲ့”

“ကဲ အားလုံး သင်္ချာစာအုပ်တွေ စားပွဲပေါ်မှာ လာထပ်ကြ”

ဆရာမကြီး၏စားပွဲပေါ်တွင် သင်္ချာလေ့ကျင့်ခန်းစာအုပ်များ ထပ်လိုက်ကြသည်။ စာအုပ်အားလုံးစစ်ဆေးပြီးသောအခါ-

“ထူးမောင် လာခဲ့”

“ဟုတ်ကဲ့”

လက်ကလေးပိုက်ကာ ဆရာမကြီး၏ စားပွဲရှေ့သို့ ရောက်ရှိသွားသည်။

“ရော့ မင်းစာအုပ် အိမ်စာပေးလိုက်တဲ့ သင်္ချာကို ဘယ်လိုတွက်ထားသလဲဆိုတာသိဖို့ တစ်ယောက်ချင်းစီရဲ့ရှေ့မှာ မင်းစာအုပ်ကို သေသေချာချာ လိုက်ပြ သွား”

သင်္ချာ အဖြေပဲမှားနေလို့လား၊ ဘာကြောင့်ပြခိုင်းမှန်းထူးမောင် မသိ။

ကြောက်ကြောက်လန့်လန့်နှင့် စာအုပ်ကိုယူလိုက်ပြီး မသိမသာကြည့်လိုက်ရာ ဆရာမကြီး၏ မင်နီအမှန်ခြစ်များကို တွေ့လိုက်ရသဖြင့် စိတ်အေးသွားရသည်။

“အားလုံးနားထောင် ထူးမောင်ရဲ့လက်ရေးလှလှနဲ့ သေသေသပ်သပ် ဖျက်ရာမရှိ တွက်ချက်ထားတဲ့ သင်္ချာတွက်ပုံကို နမူနာယူထားကြ။ အားလုံးကြားရဲ့လား”

“ကြားပါတယ် ဆရာမကြီး”

အားလုံးပြိုင်တူဖြေလိုက်ကြသည်။ ထူးမောင် ရင်ခုန်နေသည်။ တစ်ယောက်ချင်းစီ၏ ရှေ့သို့စာအုပ်ဖွင့်လျက် လိုက်လံပြသနေရသည်။ အချို့မိန်းကလေးများက ဆရာမကြီးကို မရဲတရဲအကဲခတ်လိုက်ပြီး အလစ်တွင် ထူးမောင်ကို မျက်စောင်းထိုးပြကြ၏။ အချို့ယောကျ်ားလေးများက လက်သီးဖြင့် ရွယ်ပြသည်။ ဆရာမကြီးကို ကြောက်၍သာ မကြည့်ချင်ကြည့်ချင်နှင့် ကြည့်နေကြရသည်။ ထူးမောင်ကိုတော့ သိပ်ပြီး မကြည့်ကြ။

(၄)

ရက် လ နှစ်တို့သည် တရွေ့ရွေ့နှင့် ကုန်လွန်သွားလေပြီ။ ထူးမောင်သည် တစ်နှစ်တစ်တန်းမှန်မှန်အောင်သည်။ တက္ကသိုလ်ဝင်တန်းကိုပင် ကျူရှင်မယူရပါဘဲနှင့် နှစ်ချင်းပေါက် အောင်မြင်သည်။ ဆရာ၊ ဆရာမများ၏ သင်ကြားပြသမှု၊ အစ်မဖြစ်သူ၏ အနီးကပ်ကြီးကြပ်မှု၊ ပင်ကိုကြိုးစားချင်စိတ်ရှိမှုနှင့် စည်းကမ်းစနစ်တကျ သွန်သင်ဆုံးမခြင်းခံခဲ့ရမှုတို့ကြောင့် ရည်မှန်းချက် ပန်းတိုင်ဆီသို့ အောင်မြင်စွာရောက်ရှိခဲ့ရခြင်းဖြစ်သည်။

ထူးမောင်၏မိဘများသည် ငွေကြေးမပြည့်စုံကြသဖြင့် အဝေးသင်တက်နေရ၏။ သည်အတိုင်း ထိုင်နေရမည့်အတူတူ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရမည့်အလုပ်ကလေးများ လိုချင်ကြောင်း အစ်မနှင့် မိခင်ဖြစ်သူတို့ကို တဖွဖွပြောရှာသည်။

“မောင်လေး”

စာမျက်နှာ ၂၅ သို့ ➤

# ဒေးဒရဲမြို့နယ်တွင် အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့သည့် စပါးဧက ၂၀၆၀၀ ရိတ်သိမ်းပြီးစီး



**ဒေးဒရဲ ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့သည့် စပါး ဧက၂၀၆၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဇော်မင်းထွန်းကပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက အကျိုးတူလယ်ယာစနစ်ဖြင့် စပါး ဧက၂၀၆၀၀ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးသည့်စပါးခင်းများကို နို၀င်ဘာလ ပထမပတ်ကစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက၂၀၆၀၀ ကို ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဒေးဒရဲမြို့နယ်အတွင်းမှာ အကျိုးတူလယ်ယာစနစ်နဲ့ မိုးစပါး ဧက၂၀၆၀၀ထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိအကျိုးတူလယ်ယာစနစ်နဲ့ စိုက်ပျိုးခဲ့တဲ့ စပါးတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးဖြစ်ပါတယ်။ အကျိုးတူလယ်ယာစနစ်ဆိုတာက ကုမ္ပဏီတစ်ခုနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းလုပ်ဆောင်တာပါ။ ကုမ္ပဏီက တောင်သူတွေ ချေးငွေထုတ်ချေးပေးတာမျိုး ဒါမှမဟုတ် မျိုးစေ့နဲ့ သွင်းအားစုတွေ ထုတ်ပေးတာတို့ ဆောင်ရွက်ပေးပါတယ်။ အခုလို ရာနှုန်းပြည့် ရိတ်သိမ်းနိုင်အောင်လဲ စိုက်ပျိုးရေးဦးစီးဌာနနဲ့ စိုက်ပျိုးရေးကုမ္ပဏီတွေ၊ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့လို့ပါ" ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ရိတ်သိမ်းပြီးဖြစ်သည့် စပါးတစ်ဧကလျှင် ၆၈ ဒသမ ၀၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၄ မှအဆက်**

"ဗျာ မမ"

"မင်း ဆန်စက်မှာ အလုပ် လုပ်မလား"

"ဟာ မမကလဲ ဆန်အိတ်၊ စပါးအိတ်တွေကို ကျွန်တော်မှ မထမ်းနိုင်တာ"

"ဟား ဟား ဟား"

အစ်မဖြစ်သူက ထူးမောင်၏ပခုံးကိုဖက်ပြီး သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်လေသည်။

"အမယ်လေး ငါ့မောင် တက္ကသိုလ်ကျောင်းသားကြီးရယ် ဆန်အိတ် စပါးအိတ်တွေကိုထမ်းစရာလားကွ။ ဆန်စက်မှာ အေးအေးဆေးဆေး စာရေးလုပ်ရမှာပါ"

"တကယ်လား မမ"

"တကယ်ပေါ့"

"လုပ်မယ်လေ လစာရမှာပေါ့ ဟုတ်လား မမ"

"ဒါပေါ့ လစာရမှာပေါ့ ဆန်စက်ပိုင်ရှင် ဦးမြကို အမေက အလုပ်ကလေးများရှိရင်ပေးပါပြောထားလို့မင်းကို အလုပ်ပေးတာဟေ့ ကဲ ရှင်းပြီလား"

"ဟေး ပျော်လိုက်တာ"

မိခင် ဒေါ်မြနှစ်သည် မောင်နှမနှစ်ဦး အပြန်အလှန်စကားပြောနေကြသည်ကို သဘောကျကာ ပြုံးနေလေသည်။

(၇)

အစိမ်းရောင်အောက်ခံပေါ်တွင် အဝါရောင်စာလုံးကြီးများဖြင့် "မင်္ဂလာဆန်စက်"ဟု ဆိုင်းဘုတ်တင်ထားသော ဆန်စက်၏ပိုင်ရှင်မှာ ဦးမြဖြစ်၏။ ထိုဆန်စက်တွင် ကျေးရွာများမှစပါးကြိတ်ရန်လာသည့် နွားလှည်းများနှင့် ထော်လာဂျီယာဉ်များ၊ ရထားတွဲတင်ရန် ဆန်အိတ်သယ်လာသည့်ကားများ၊ စပါးအိတ်နှင့်ဆန်အိတ်ထမ်းနေကြသော အလုပ်သမားများဖြင့် ပျားပန်းခပ်မျှ ရှုပ်ယှက်ခတ်နေကြသည်။ ထိုအချိန်၌ အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်ဆင်ကာ ဆန်စက်ရုံးခန်းစားပွဲတွင် စာရေးလေး မောင်ထူးမောင် ထိုင်နေသည်။

ထူးမောင်၏ရုံးခန်းရှေ့သို့ စပါးထမ်းသည့်အလုပ်သမားတစ်ဦး ချွေးသံရွှဲရွှဲဖြင့် ပုဆိုးဟောင်းလေးတစ်ထည်ကို ပခုံးပေါ်တင်၍ ရောက်ရှိလာသည်။

"ဟေ့ စာရေးကြီး"

"ခင်ဗျာ"

ထူးမောင်မတ်တတ်ထရပ်ပြီး ယောင်ယမ်းထူးလိုက်ရသော်လည်း ရင်းရင်းနှီးနှီးနှုတ်ဆက်လာသူမှာ မည်သူမည်ဝါမှန်းမသိရသဖြင့် ကြောင်အမ်းအမ်းဖြစ်နေသည်။

"ငါ့ကို မမှတ်မိဘူးလား ထူးမောင်ရာ၊ ကဲ ပြောကွာ၊ ငါ ဘယ်သူလဲလို့"

ပြုံးရွှင်နေသောမျက်နှာပိုင်ရှင်၏ ငယ်ရုပ်သွင်ကို ဖမ်းမိသွားကာ "ဟာ မင်း ကိုဝင်း"ဟု နှုတ်မှဖွင့်ဆိုပြီး အတင်းဖက်ထားလိုက်သည်။

"ထူးမောင် ငါ့မှာ စပါးမှော်ဖုံတွေနဲ့ မင်းကို ပေကုန်ပါ့မယ်ကွာ"

"ပေပါစေ ကိုဝင်းရာ မင်းက ကွမ်းတွေ ဘာတွေစားလို့ နားရွက်မှာလဲ ဆေးလိပ်တိုကညှပ်၊ ဆံပင်တွေကလဲ ရှည်လို့ပါလား သူငယ်ချင်းရာ။ ငါ တကယ်ကို မမှတ်မိလို့ပါစိတ်မရှိပါနဲ့ သူငယ်ချင်းရယ် နော်"

"အေးပါကွာ ရပါတယ် ငါက ကျောင်းတက်တုန်းက ပုံစံမှ မဟုတ်တော့တာ။ ရုတ်တရက်ကြီး မင်း ဘယ်မှတ်မိနိုင်ပါ့မလဲ"

"ဒါနဲ့ မြင့်ဇော်နဲ့ တင်သန်းတို့ကော ဘာတွေလုပ်နေကြလဲ"

"သူတို့လဲ ငယ်ငယ်က တို့ဆရာမကြီးပြောခဲ့သလိုမင်္ဂလာပဲပေါ့ ကွာ အခုရထားမှာ ဆန်ထမ်းတင်နေကြလေရဲ့"

ကိုဝင်းတစ်ယောက် ထူးမောင်ကို အားကျသော အကြည့်တို့ဖြင့် ခြေဆုံးခေါင်းဆုံးကြည့်နေ၏။

ထူးမောင်၏ မျက်ဝန်းအစုံမှ ကရုဏာအကြည့်တို့သည်ကား ကိုဝင်း၏ ခန္ဓာကိုယ်တစ်ခုလုံးပေါ်သို့ ရစ်ပတ်လွှမ်းခြုံသွားချေပြီ။

"အေးပါကွာ၊ ငါလဲ မင်းတို့နဲ့ လူချင်းကွဲသွားကတည်းက စာကိုပဲ ဖိပြီးကြိုးစားခဲ့ရတာ။ ငါ့ မမကလဲ မျက်စိအောက်ကကို အပျောက်မခံတာ"

ကိုဝင်းတစ်ယောက် ကွမ်းတမြုံ့မြုံ့ ခေါင်းတညိမ့်ညိမ့်နှင့် ထူးမောင်၏ စကားကို ပြုံး၍ နားထောင်နေရာမှ-

"ငါတို့လဲ အခုမှ နောင်တရမိတယ် သူငယ်ချင်းရာ၊ တို့တွေငယ်ငယ်က စာသင်ခန်းမှာနှုတ်ဆက်ကြတော့ ဆရာမကြီးပြောခဲ့တဲ့စကားကို မင်းမှတ်မိသေးလား"

"သိပ်ပြီးမှတ်မိတာပေါ့သူငယ်ချင်းရာ မင်္ဂလာပါလို့နှုတ်ဆက်တိုင်း စာမကြိုးစားရင်တော့ မင်္ဂလာကိုပဲ ရောက်မှာပါ ဆိုတာလေ"

"အေး ဟုတ်တယ် လယ်ပြင်ကျောင်းကထွက်ရင် မင်္ဂလာဆန်စက်ကိုရောက်ကြရတာပဲလေ။ ရောက်တဲ့လူချင်းအတူတူ မင်းက စာကြိုးစားခဲ့လို့ အဝေးသင်တက်ရင်း ဆန်စက်စာရေးအဖြစ်နဲ့ ကောင်းသောရောက်ခြင်းပါကွာ။ ငါတို့သာ ငယ်စဉ်ကတည်းက စာကြိုးစားချင်စိတ်မရှိဘဲ ကျောင်းပြေးခဲ့ကြလို့ အခုလို ဆန်အိတ်ထမ်း၊ စပါးအိတ်ထမ်းဘဝနဲ့ ပင်ပန်းနေရတာပေါ့။ အခုလို မင်းကို ငါ မြင်လိုက်ရတာ တအားဝမ်းသာတယ်ကွာ"

"ကဲ သူငယ်ချင်း ငါ စပါးအိတ်ထမ်းသွားလိုက်အုံးမယ်။ ကားတစ်စီးချပြီးမှ မင်းနဲ့စကားတွေပြောကြမယ်ကွာ"

ထူးမောင် ခေါင်းညိတ်ပြလိုက်သည်။ နေပူထဲတွင် ပုဆိုးအဟောင်းလေးတစ်ထည်ကို ခေါင်းပေါ်အုပ်လျက် ထွက်သွားသော သူငယ်ချင်းဖြစ်သူ၏ နောက်ကျောပြင်ကို စိတ်မကောင်းစွာနှင့် မျက်စိတစ်ဆုံးငေးကြည့်နေလိုက်မိသည်။

(၈)

ဘဝတစ်ပါးသို့ပြောင်းသွားပြီဖြစ်သော အာစရိယဆရာသခင် ကျေးဇူးရှင် ဆရာမကြီး၏စကားက မှန်၍နေလေပြီ။ စာကို မကြိုးစား၍ မင်္ဂလာဆန် စက်သို့ အလုပ်သမားဘဝနှင့်ရောက်ရှိလာရသူ ကိုဝင်း၊ တင်သန်းနှင့်မြင့်ဇော်တို့မှာ ပင်ပန်းနေရ၏။ စာကြိုးစားခဲ့၍ မင်္ဂလာဆန်စက်သို့ ယာယီစာရေးဘဝနှင့် ရောက်လာရသူ ထူးမောင်မှာကား သက်သောင့်သက်သာ ရှိလှ၏။ ဘဝရပ်တည်မှုက ကွဲပြားခြားနားခဲ့ရလေပြီ။

အရွယ်သုံးပါးတွင် ပထမအရွယ်၌ ဆုံးခန်းတိုင်အောင် ပညာမရှာခဲ့မိပါက ဒုတိယအရွယ်တွင် ပင်ပန်းကြီးစွာဖြင့် ဘဝကိုရင်ဆိုင်ရုန်းကန်ရမည်မှာ ဧကန်မလွဲပင်ဖြစ်၏။ ထိုမှတစ်ဖန် တတိယအရွယ်သို့ ရောက်ကြလေသောအခါ ပို၍ပင် ဆိုးရွားဖွယ်ရာသာ ရှိပေလိမ့်မည်။ တစ်စတစ်စဖြင့် ထူးမောင်၏အတွေးအိမ်ထဲသို့ ဆရာမကြီး၏ တည်ကြည်ခံ့ညားသော ရုပ်သွင်က ရောက်ရှိလာခဲ့ချေပြီ။ စိတ်ဝယ်မှန်း၍ ရှိသေစွာ ဂါရဝပြုရင်းနှုတ်ဆက်မိလိုက်သည်။

"မင်္ဂလာပါ ဆရာမ"

ဆရာမကြီးတစ်ယောက် မြင့်မြတ်ရာ ဘုံဘဝမှ ကျေကျေနပ်နပ်ဝမ်းပန်းတသာဖြင့် ပြုံးပြုံးကြီးကြည့်ကာ ပြန်လည်နှုတ်ဆက်လာမည့် "မင်္ဂလာပါ ချစ်တပည့်"ဟူသော နှုတ်ဆက်သံကိုတော့ မောင်ထူးမောင်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှပင် ကြားနိုင်လိမ့်မည် မဟုတ်တော့ပါ။

## အပေစစ်သား ရဲစွမ်းအား

- တိုင်းပြည်ကျိုးတွက်၊ အဖေ့သက်အား
  သွေးထွက်ပါစေ၊ ရန်သူ့မြေမှာ
  နွဲပေအင်အား သုံးခဲ့သည်။

- တိုင်းပြည်တာဝန်၊ မြဲကျေပွန်ဖို့
  အားသွန်ကြိုးစား၊ ဇွဲမာန်အားဖြင့်
  စိတ်ထားမြင့်မြတ် တို့အဖေ။

- အဖေစစ်သည်၊ ထမ်းရွက်တည်၍
  စစ်ချီရှေ့တန်း၊ ခက်ခဲကြမ်းလည်း
  လျှောက်လှမ်းကြံ့ခိုင်၊ စိတ်မယိုင်ဘူ
  ပန်းတိုင်အောင်ပွဲ လှမ်းကာချီ။

- ဝန်ထမ်းကောင်းစိတ်၊ ပန်ဆင်ထိပ်၌
  တိတ်ဆိတ်ခွင်းမှောင်၊ ဂုဏ်လင်းပြောင်သည့်
  ရှေ့ဆောင်လမ်းပြ တို့အဖေ။

- စစ်သားစစ်သည်၊ တေးပန်းချီက
  ရေးသီစာသား၊ သမီးသားကို
  လွှမ်းများစိတ်တွင်၊ ကိန်းအောင်းဝင်လည်း
  လှမ်းပြင်ရှေ့တန်း ချီတက်နေ။

- ဇနီးသားလွမ်း၊ မြိုင်စခန်းဝယ်
  တောလမ်းတောခို၊ ရန်သူဖြိုဖို့
  စိတ်ကိုတောင့်တင်း၊ အားမာန်နှင်း၍
  ဖြိုခွင်းခဲ့သော တို့အဖေ။

- စစ်သားအဖေ၊ တို့အဖေသည်
  ထမ်းနေအမြဲ၊ ရှေ့တန်းပွဲ၌
  ဆင်နွှဲအောင်ဖြာ၊ ပြည်မဟာကို
  သာယာအေးချမ်း ဖြစ်စေသူ။

- ဗုံးသေနတ်သံ၊ မိုးထက်ညံလည်း
  စိတ်ကြံမကြောက်၊ ထိုးထွင်းဖောက်၍
  ဆက်လျှောက်ပျော်ရွှင်၊ ဇွဲစိတ်နှင်ကာ
  နွဲပြင်အောင်ပွဲ ပန်းတိုင်မလွဲ။ ။

**ဖြိုးထက်(ရေစကြို)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# ရာဇဝတ်မှုများ၌ သက်သေပြရန်တာဝန်

**စိန်လှိုင်ပိုလ်**

ရာဇဝတ်မှုများတွင် သက်သေပြရန်တာဝန်နှင့် ပတ်သက်၍ တရားလိုဘက်မှလည်းကောင်း၊ တရားခံဘက်မှလည်းကောင်း တာဝန်ရှိကြပါသည်။ တရားလိုဘက်မှသာလျှင် သို့တည်းမဟုတ် တရားခံဘက်မှသာလျှင် တာဝန်ရှိသည်ဟု တရားသေမှတ်ယူ၍မရပါ။ မူးယစ်အမှုတစ်ခုတွင် မူးယစ်ဆေးဝါးတွေ့ရှိသောအိမ်၌ တရားခံနေထိုင်ကြောင်း သက်သေပြရန်တာဝန်သည် တရားလိုအပေါ် မကျရောက်ကြောင်း အကြောင်းခြင်းရာအပေါ် သုံးသပ်၍ တရားခံအိမ်အဖြစ် သက်သေခံအထောက်အထားများရှိနေသောအမှုတွင် မိမိမနေထိုင်ကြောင်း တရားခံက သက်သေပြရန်တာဝန်ရှိခြင်းနှင့်ပတ်သက်၍ လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကားဖော်ပြလိုက်ပါသည်။

မူလအမှုမှာ ၁၉၉၇ ခုနှစ် ဇွန် ၁၈ ရက် ညနေပိုင်းက ရန်ကုန်တိုင်းမူးယစ်အထူးအဖွဲ့မှ ရဲအုပ်မောင်မောင်တာနှင့်အဖွဲ့က သတင်းအရ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၂) ရပ်ကွက်၊ ငွေပြည်သာ (၂) လမ်းနေ ဒေါ်စိန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူမှုန့်အထုပ်ငယ်များ စုစုပေါင်းအလေးချိန် ၅၄ ဒသမ ၀၂ ဂရမ်နှင့် ငွေကျပ် ၁၃၅၀၀ သိမ်းဆည်းရမိကြောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း ရဲစခန်းတွင် တိုင်ချက်ဖွင့်ခဲ့သည်။ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေး၍ ဒေါ်စိန်နှင့် မိုးဟိန်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ စွဲဆိုရာ ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၈၇/၉၇) တွင် ဒေါ်စိန်ကို မူးယစ်ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၂၅ နှစ် ချမှတ်ခဲ့ပါသည်။ မိုးဟိန်းကို တရားရှင်လွှတ်ခဲ့ပါသည်။ ဒေါ်စိန်က ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)၏ အမိန့်အပေါ် မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံတင်သွင်းခဲ့ပါသည်။

အယူခံတရားလို ဒေါ်စိန်၏ရှေ့နေက အချင်းဖြစ်အိမ်တွင် ဒေါ်စိန်သည် ဧည့်သည်တစ်ဦးသာဖြစ်ကြောင်း၊ ဒေါ်စိန်၏အိမ်သည် မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်ကြောင်းကို သက်သေတင်ပြထားကြောင်း၊ အချင်းဖြစ်အိမ်တွင် ဒေါ်စိန်နေထိုင်ကြောင်း၊ ဧည့်စာရင်း၊ သန်းခေါင်စာရင်း စသည့် သက်သေခံစာရွက်စာတမ်း အထောက်အထားများကို မူလရုံးတရားလိုဘက်မှ မတင်ပြနိုင်ကြောင်း၊ ဒေါ်စိန်နှင့်အတူ ပူးတွဲစွဲဆိုခံရသော မိုးဟိန်းကို တရားရှင်လွှတ်လိုက်သဖြင့် ဒေါ်စိန်သည် အချင်းဖြစ်အိမ်ရှင်အဖြစ် အပြစ်ပေးခံရခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်အိမ်တွင် ဒေါ်စိန်သည် တစ်ယောက်တည်းနေထိုင်မည်မဟုတ်သည့်အပြင် အိမ်ရှင်အဖြစ် ဒေါ်စိန်ကို သတ်မှတ်လျှင်တောင် မူးယစ်ဆေးဝါးရှိကြောင်း ဒေါ်စိန်မသိပါက အပြစ်ရှိမည်မဟုတ်ကြောင်း ဒေါ်စိန်ကို အမှုမှ အပြီးအပြတ်လွှတ်သင့်ကြောင်း လျှောက်ထားခဲ့သည်။

ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက အချင်းဖြစ်အိမ်တွင် ဒေါ်စိန်ထံမှ ဘိန်းဖြူမှုန့်အထုပ်ငယ် ၅၄ ဒသမ ၀၂ ဂရမ် သိမ်းဆည်းရမိသည်မှာ ပေါ်လွင်ကြောင်း၊ အချင်းဖြစ် မြောက်ဒဂုံအိမ်တွင် နေထိုင်ခြင်းမရှိပါဟု အခိုင်အမာထုချေတင်ပြနိုင်ခြင်းမရှိသဖြင့် ဒေါ်စိန်ကို အပြစ်ပေးထားခြင်းမှာ မှန်ကန်ကြောင်း လျှောက်ထားခဲ့ပါသည်။



**တရားရုံးချုပ်၏ ခိုင်စစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုမှာ ၁၉၉၇ ခုနှစ် ဇွန် ၁၈ ရက်က ရန်ကုန်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မောင်မောင်တာနှင့်အဖွဲ့က ဒဂုံမြို့သစ်မြောက်ပိုင်း (၃၂) ရပ်ကွက်၊ ငွေပြည်သာ (၂) လမ်း၊ အမှတ် (၁၁) နေ အယူခံတရားလို ဒေါ်စိန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ သိမ်းဆည်းရမိခြင်းမှာ အငြင်းပွားမှုမရှိကြောင်း ဦးစွာစိစစ်ခဲ့ပါသည်။ ဒေါ်စိန်က ဒဂုံမြို့သစ်မြောက်ပိုင်းရှိ အချင်းဖြစ်မူးယစ်ဆေးဝါးတွေ့ရှိသောအိမ်မှာ မိမိအိမ်မဟုတ်ကြောင်း၊ မိမိမနေထိုင်ကြောင်း မိမိနေထိုင်သည်မှာ မြောက်ဥက္ကလာပ (၈)ရပ်ကွက် အိမ်ဖြာ (၅) လမ်း၊ အမှတ် (၄၉၂) တွင် နေထိုင်ပါသည်ဟု ထုချေခဲ့သည်။

အချင်းဖြစ်နေ့က ဒေါ်စိုးနှင့်တွေ့ရန် ဒေါ်စိုးချိန်းထားသည့် အချင်းဖြစ်အိမ်သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေါ်စိုးနှင့် တောင်ပြုန်းနတ်ပွဲသွားရန် ချိန်းထားခြင်းဖြစ်ကြောင်း၊ ဒေါ်စိုး၏မြေးမှာလည်း ဈေးဆိုင်သို့သွားနေချိန် လူနှစ်ဦးရောက်လာပြီး ဖမ်းဆီးခြင်းဖြစ်ကြောင်း၊ အိမ်သော့ကိုတောင်းရာ သော့မရှိကြောင်း မိမိကပြော၍ သော့ကိုဖျက်ပြီး အိမ်ထဲဝင်ရှာကြောင်း၊ အိမ်ထဲမှ ဘိန်းဖြူမှုန့်များတွေ့သည်ဟု ရှာဖွေသူများပြော၍ သိရကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အပြစ်မရှိကြောင်း ခုခံချေပခဲ့ပြီး ဒေါ်စိန်နှင့် ပူးတွဲ တရားစွဲဆိုခံရသော မိုးဟိန်းကို တရားရှင်လွှတ်ထားခြင်းအပေါ် မိုးဟိန်းကို အပြစ်ပုံချ၍ ဒေါ်စိန်၏ရှေ့နေက လျှောက်လဲသော်လည်း အချင်းဖြစ်အိမ်တွင် မိုးဟိန်း နေထိုင်ခြင်းရှိ၊ မရှိကို ဒေါ်စိန်မသိကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

မြောက်ဥက္ကလာပမြို့နယ်တွင် ဒေါ်စိန်နေထိုင်ကြောင်းကို အိမ်နီးချင်း ဦးလှဘော်သူ၊ ဦးအောင်မွေးနှင့် ဦးသန်းအောင် ခံပြ (၃)၊ (၄) နှင့် (၅) တို့က ထောက်ခံထွက်ဆိုပြီး အိမ်ထောင်စုစာရင်းများကိုလည်း တင်ပြခဲ့သည်။ သို့သော် **အမှုနှင့်ပတ်သက်သည့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ အချင်းဖြစ်အိမ်သည် ဒေါ်စိန်၏အိမ်မဟုတ်ကြောင်း၊ ဒေါ်စိန် ဝင်ထွက်သွားလာနေသောအိမ်မဟုတ်ကြောင်း၊ ဒေါ်စိန်ဘက်မှ သက်သေအထောက်အထား မတင်ပြနိုင်ခဲ့ကြောင်း** ရုံးတော်က စိစစ်ခဲ့ပါသည်။

မူလအမှုတွင် အချင်းဖြစ်အိမ်သည် တရားလိုဘက်မှ ဒေါ်စိန်နေထိုင်သောအိမ်ဖြစ်ကြောင်း ရယက လူကြီးများဖြင့်လည်းကောင်း၊ အိမ်ထောင်စုစာရင်းများဖြင့်လည်းကောင်း သက်သေပြရန်တာဝန်မရှိကြောင်း၊ ဒေါ်စိန်သည် မြောက်ဥက္ကလာပတွင် အမြဲနေထိုင်ပြီး ဒဂုံမြောက်မြို့နယ်ရှိ အချင်းဖြစ်အိမ်ခန်းတွင် သွားရောက်၍ ဘိန်းဖြူရောင်းဝယ်သည့်ကိစ္စဆောင်ရွက်ခြင်းသာဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် အချင်းဖြစ်အိမ်ခန်းတွင် ဒေါ်စိန်၏ဓာတ်ပုံကို တွေ့ရှိရသည်။ ထိုအိမ်တွင် ဦးမင်းဇော်လတ်၊ ဒေါ်ခင်သက်ဆွေနှင့် ဒေါ်စိုးတို့ နေထိုင်သည်ဟု ထုချေသော်လည်း ၎င်းသက်သေများကို ရုံးရှေ့မတင်ပြခဲ့ပေ။ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးခွင့်အမိန့် (သက်သေခံ-ခ)တွင်လည်း ဒဂုံမြို့သစ်မြောက်ပိုင်း၊ ငွေပြည်သာ(၂) လမ်း၊ အမှတ် (၁၁) ရှိ ဒေါ်စိန်အိမ်ဟု အတိအကျဖော်ပြထားရာ အချင်းဖြစ်အိမ်မှာ ဒေါ်စိန်၏အိမ် သို့မဟုတ် ဒေါ်စိန်၏အစီအမံဖြင့် ထားရှိသည့်နေရာဖြစ်ကြောင်း ရုံးတော်က ကောက်ယူသုံးသပ်ခဲ့သည်။

၎င်းအိမ်တွင် တွေ့ရှိရသော ဘိန်းဖြူများသည် ဒေါ်စိန် လက်ဝယ်ထားသောပစ္စည်းများဖြစ်ကြောင်း ထင်ရှားသည်။ မူလရုံးက ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၉(က)အရ ဒေါ်စိန်ကို ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းချွတ်ချော်မှုမရှိကြောင်း၊ ဘိန်းဖြူအထုပ်ငယ်များကို သတ်မှတ်အလေးချိန် သုံးဂရမ်ထက် များစွာပိုပြီး ၅၄ ဒသမ ၀၂ ဂရမ် လက်ဝယ်ထားသဖြင့် ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်ချမှတ်ထားခြင်းမှာ လျော့ပေါ့သက်သာခွင့်ပေးရန် မဖြစ်နိုင်ကြောင်း တရားရုံးချုပ်က ဝေဖန်သုံးသပ်ပြီးနောက် ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)၏ အမိန့်ကို ဆက်လက်အတည်ပြုပြီး ဒေါ်စိန်၏အယူခံလျှောက်ထားမှုကို ပလပ်ခဲ့ပါသည်။

တရားရုံးချုပ်က ယခုအမှုတွင် အချင်းဖြစ်အိမ်၌ ဒေါ်စိန်ကိုတွေ့ပြီးနောက် အခြားသူနေထိုင်သောအိမ်ဖြစ်ကြောင်း ဒေါ်စိန်က သက်သေလုံးဝမပြသနိုင်ခြင်းကို ထောက်ရှုပြီး မူလအမှုတွင် တရားလိုဘက်မှ **အချင်းဖြစ်အိမ်သည် ဒေါ်စိန်နေထိုင်သောအိမ်ဖြစ်ကြောင်း ရယကလူကြီးများဖြင့်လည်းကောင်း၊ အိမ်ထောင်စုစာရင်းများဖြင့်လည်းကောင်း သက်သေပြရန်တာဝန်မရှိကြောင်း၊ မူးယစ်ဆေးဝါးတွေ့ရှိသောအိမ်တွင် တရားခံနေထိုင်ကြောင်း သက်သေပြရန်တာဝန်သည် တရားလိုအပေါ် မကျရောက်ကြောင်း** အကြောင်းခြင်းရာအပေါ် သုံးသပ်ချက် တရားခံ၏အိမ်အဖြစ် သက်သေခံအထောက်အထားများရှိနေသောအမှုတွင် တရားခံက မိမိမနေထိုင်ကြောင်း ခိုင်လုံစွာသက်သေမပြနိုင်ခြင်းဖြစ်ကြောင်း စိစစ်သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်စိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်-၄၈၈ ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၉၈၆၅ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၉၈၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်ထိ ၉၈၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒေသတွင်းစားသုံးဆီဖူလုံလုံလောက်စေဖို့နဲ့ ပြည်တွင်းစားသုံးဆီလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ဖို့ နေကြာစိုက်ပျိုးရေးကို တစ်မြို့နယ်လုံး ဧက ၁၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၈ ရက်ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာက စိုက်ပျိုးစရိတ်လဲ အကုန်အကျသက်သာပြီး ဈေးကွက်လဲရှိတာကြောင့် ဒေသခံတောင်သူတွေက နှစ်စဉ် မိုးရာသီနဲ့ဆောင်းရာသီမှာ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ နေကြာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေ အခက်အခဲမဖြစ်အောင် စိုက်ပျိုးနည်းစနစ်တွေ၊ သွင်းအားစုပစ္စည်း အချိုးကျမှန်ကန်စွာသုံးစွဲနည်းနဲ့ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီပံ့ပိုးဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် နေကြာကို တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်စေဖို့အတွက် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာတွေကိုလဲ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဖြစ်သည့် နေကြာ ၁၂၈၀၅ ဧက၊ မြေပဲဧက ၂၉၃၀၊ နှမ်းဧက ၆၅၀၀၊ ပန်းနှမ်းဧက ၁၂၀ စုစုပေါင်း ၂၂၃၅၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်ထိ နေကြာ ၉၈၆၅ ဧက၊ မြေပဲ ၂၉၃၈ ဧက၊ နှမ်း ၁၅၇၄၂ ဧက၊ ပန်းနှမ်း ၁၂၁ ဧက စုစုပေါင်း ၂၈၆၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

## ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၁၉၄ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၁၉၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၁၉၄ ဧကကို ဒီဇင်ဘာလ နောက်ဆုံးပတ်၌ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ ၂၁၉၄ ဧကတွင် နေကြာ ၁၇၆ ဧက၊ နှမ်း ၄၇၁ ဧက၊ မြေပဲ ၁၅၄၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံ ၂၁၉၄ ဧကကို စီမံချက်ချမှတ်လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ကြိုတင်တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေကို ဒေသခံတွေ စားသုံးနိုင်စေဖို့ပါ။ ဆီထွက်သီးနှံတွေစိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားနီးနွှယ်ဌာနတွေကနေ လိုအပ်တာတွေ ပံ့ပိုးပေးနေပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆီထွက်သီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ ဆောင်ရွက်ပေးခြင်း၊ နေကြာမျိုးစေ့ ရွေးချယ်မှုမှန်ကန်စေရန်ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ဆောင်ရွက်ပေးခြင်း၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များမှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ် ကင်းရှင်းစေရန် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆီထွက်သီးနှံများ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## သံတောင်ကြီးမြို့နယ် မိုင်းလွန်(အလယ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သံတောင်ကြီး ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွန်(အလယ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးနိုင်မင်းဆွေ၊ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မိုင်းလွန်(အလယ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွန်(အလယ်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို ငွေကျပ် ၄၇ သိန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

## ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၅၁၂၂ ဧက စိုက်ပျိုးပြီးစီး

**ဝက်လက် ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၅၁၂၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၅၂၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၁၂၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံဧက ၅၂၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားခဲ့ရာ ဒီနေ့ထိ ဧက ၅၁၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ သီးနှံတွေမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီး စတဲ့ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ဧက ၅၂၃၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)


ယခင်နှစ်က ဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

## မင်းတုန်းမြို့နယ် ငါးခူအိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးခူအိုးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ငါးခူအိုးကျေးရွာရှိ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်းငွေ၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ငါးခူအိုးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၇၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငါးခူအိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၉၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၆၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရျိုလေး**

## ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်(၁)ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘုတ်ပြင်း ဒီဇင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးချမ်းမြိုင်(၁) ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အေးချမ်းမြိုင်(၁)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဖြင့် CP ဝက်မွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲရှိ၊ မရှိ မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်(၁)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် CP ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့်အဖွဲ့နှစ်ဖွဲ့၊ ရာသီပေါ်သီးနှံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့်အဖွဲ့နှစ်ဖွဲ့ စုစုပေါင်းလေးဖွဲ့ကို တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် ၇၅ သိန်းစီ စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ရာသီဥတုဖောက်ပြန်မှုများကြောင့် အအေးပေါ့လာသည့်နိုင်ငံများ



အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဟာ အစွန်းရောက်ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်ပြီး အဲဒီဖြစ်စဉ်ဖြစ်ပွားတဲ့အခါမှာ ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းရေပြင်မှာရှိတဲ့ ရေတွေဟာ ပုံမှန်မဟုတ်ဘဲ ပူနွေးလာတဲ့အပြင် ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် ကမ္ဘာ့သမုဒ္ဒရာအတွင်းရှိ ရေတွေပူနွေးလာတာက ဆောင်းရာသီရဲ့ အအေးဓာတ်ကို တဖြည်းဖြည်းလျော့ကျသွားစေတယ်လို့ ရာသီဥတုခန့်မှန်းသူတွေရဲ့ အဆိုအရသိရပါတယ်။ အခုအခါ ပင်လယ်ရေပြင်ပူနွေးလာတာကြောင့် ငါးတွေအုပ်စုလိုက် ပြောင်းရွှေ့သွားကြတဲ့အပြင် ရေခဲပြင်တွေ အရည်ပျော်နေတာကို ရင်ဆိုင်ကြုံတွေ့နေကြရတာပဲဖြစ်ပါတယ်။

လက်ရှိမှာ ဆောင်းရာသီရဲ့ အအေးဓာတ်ကို ခံစားရတဲ့နေရာဒေသဆိုလို့ မြောက်ကမ္ဘာခြမ်းသာရှိတယ်။ မြောက်ကမ္ဘာခြမ်းရဲ့ အအေးဓာတ်တောင်မှ ပုံမှန်ထက်လျော့ပြီး ပူနွေးမှုအနည်းငယ်ရှိနေတယ်လို့ သိရပါတယ်။ ဒီလိုမြောက်ကမ္ဘာခြမ်းမှာ ပူနွေးမှုရှိနေတာကြောင့် ရေခဲတွေအရည်ပျော်မှုဖြစ်နေတာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံတို့လိုနိုင်ငံတွေအပါအဝင် နိုင်ငံအတော်များများမှာ ဆောင်းရာသီဆိုတာ အခုအချိန်မှာ နွေဦးရာသီလိုပင်ဖြစ်နေပြီး အအေးလျော့နေတယ်လို့သိရပါတယ်။ ပုံမှန်အားဖြင့် ဆောင်းရာသီနှောင်းပိုင်းကာလဆိုတာ သိပ်အေးတဲ့အချိန်ကာလဖြစ်ပေမဲ့ ၂၀၂၃ ခုနှစ်မှာတော့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအတော်များများရဲ့ ဆောင်းရာသီဟာ အအေးဓာတ်ပေါ့ပြီး မျှော်မှန်းထားသလောက်မအေးတော့တာကို တွေ့ရပါတယ်။ လက်ရှိမှာ အအေးဆုံးကာလကို မရောက်သေးတဲ့အတွက် အအေးပေါ့နေပေမဲ့ တကယ်ရောက်ချိန်မှာတော့ အရင်ကလို အအေးဓာတ်ပုံမှန်ပြန်ဖြစ်ဖို့ကို မျှော်လင့်နေတယ်လို့ မိုးလေဝသခန့်မှန်းသူတွေက ဆိုထားပါတယ်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရဲ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလပထမပတ်အတွင်း အပူချိန်ဟာ ၆၀ ဒီဂရီဖယ်ရင်ဟိုက်ဖြစ်ပြီး စတုတ္ထပတ်မှာ အပူချိန်ဟာ အခုလက်ရှိထက် ပိုမြင့်တက်လာနိုင်တယ်လို့ သိရပါတယ်။ ဒါ့ပြင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့နဲ့ ဂျပန်နိုင်ငံ တိုကျိုမြို့မှာလဲ ဆောင်းရာသီရဲ့ပျမ်းမျှပုံမှန်လောက်တောင် မအေးဘဲ ပူနွေးနေတယ်လို့ သိရပါတယ်။ ဒါ့ပြင် စပိန်နိုင်ငံမှာလဲ ဒီဇင်ဘာလအတွင်းမှာ အပူချိန်ဟာ စံချိန်တင်မြင့်တက်ခဲ့ပါတယ်။ ပုံမှန်အားဖြင့် စပိန်နိုင်ငံမှာ ဒီဇင်ဘာလဆိုတာ အပူချိန်မြင့်တာသိပ်မရှိတဲ့လဖြစ်ပေမဲ့လဲ အခုအချိန်မှာ အပူချိန်ဟာ ၃၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတယ်လို့ စပိန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက သိရပါတယ်။ မြောက်အမေရိက၊ ဥရောပနဲ့ အရှေ့အာရှနိုင်ငံအများစုရဲ့ ဆောင်းရာသီအအေးဓာတ်ဟာ လက်ရှိမှာလျော့နည်းနေပြီး လေထုအပူချိန်ဟာလဲ မြင့်တက်နေတယ်။ ဆီးနှင်းကျဆင်းတာဟာလဲ ပုံမှန်ပမာဏထက် သိသိသာသာလျော့နည်းနေတာကို တွေ့ရပါတယ်။ အအေးဆုံးလဖြစ်တဲ့ လာမဲ့ဇန်နဝါရီလမှာတောင် ထင်သလောက်မအေးနိုင်သေးဘူးလို့ မိုးလေဝသအခြေအနေစောင့်ကြည့်လေ့လာမှုတွေက ဖော်ပြထားပါတယ်။

ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ဖြစ်လာတဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေတွေပူနွေးလာမှုဟာ ကမ္ဘာကြီးရဲ့ဂေဟစနစ်ကို ကမောက်ကမဖြစ်စေတာကို ဒီနေ့ခေတ်မှာ လက်တွေ့တွေ့မြင်နေကြမှာပဲဖြစ်ပါတယ်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်တွေဟာ ရာသီဥတုဘေးအန္တရာယ်တွေထဲကတစ်ခုဖြစ်ပြီး ထုတ်ကုန်၊ သွင်းကုန်ပစ္စည်းဈေးကွက်တွေမှာလဲ ဆုံးရှုံးမှုများစွာကိုဖြစ်စေခဲ့ပါတယ်။ ထုတ်ကုန်၊ သွင်းကုန်ဈေးကွက် ဆုံးရှုံးစေခဲ့မှုကိုဆိုရရင် ပြင်းထန်တဲ့အပူချိန်ကြောင့် စိုက်ခင်းတွေပျက်စီးပြီး အထွက်နှုန်းတွေလျော့ကျတာ၊ ရေရှားပါးပြီး စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ ဆုံးရှုံးမှုများစွာရှိခဲ့တာတွေကြောင့် ကမ္ဘာ့မိုးလေဝသအဖွဲ့က ၂၀၂၃ ခုနှစ်ကို ကမ္ဘာ့အပူဆုံးနှစ်အဖြစ် သတ်မှတ်ခဲ့တာပဲဖြစ်ပါတယ်။ ဒါ့ပြင် ဒီနှစ်ရဲ့ ဒီဇင်ဘာလကုန်ပိုင်းနဲ့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလရဲ့အပူချိန်ဟာ လျော့ကျအုံးမဲ့အနေအခြေမဟုတ်သေးတဲ့အတွက် ကောက်ပဲသီးနှံတွေပျက်စီးစေမှုကိုတော့ သက်သာရာရစေမှာမဟုတ်သေးပါဘူး။ အပူချိန်မြင့်တက်မှုက မိုးခေါင်မှုနဲ့ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနှုန်းကို တိုးလာစေမှာဖြစ်ပါတယ်။ အခုလို ဆောင်းရာသီရောက်နေတဲ့တိုင် အပူချိန်မလျော့ဘဲ အအေးဓာတ်လျော့ကျနေတာက ကမ္ဘာကြီးအတွက် စိုးရိမ်ဖွယ်ရာပင်ဖြစ်နေပါတယ်။ အမေရိကန်နိုင်ငံအခြေစိုက် မိုးလေဝသခန့်မှန်းရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Nat Gas Weather က ၂၀၂၃ ခုနှစ်မှာ အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပွားမှုဟာ အကြိမ်ရေအတော်လေးစိပ်နေပြီး အတော်လေးအားကောင်းလာတယ်လို့လဲဆိုထားပါတယ်။ ၂၀၂၃ ခုနှစ်ဟာ ကမ္ဘာတစ်ဝန်းရှိ အပူချိန်စံချိန်သစ်အားလုံးကို ချိုးဖျက်လိုက်တဲ့ နှစ်တစ်နှစ်လဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ဆောင်းရာသီဟာ အရင်နှစ်ဆောင်းရာသီတွေထက် အအေးလျော့ပြီး မြောက်ဘက်ကမ္ဘာခြမ်းကိုတောင် ပူနွေးစေတာပဲဖြစ်ပါတယ်။

အေးတဲ့နိုင်ငံတွေမှာ လူတွေက အပူဓာတ်ဒါမှသို့မဟုတ် အနွေးဓာတ်ရအောင် ဘယ်လိုနေထိုင်သလဲဆိုတာကို ဗဟုသုတအနေနဲ့ ဖော်ပြသွားပါမယ်။ လူဆိုတာ သွေးနွေးသတ္တဝါဖြစ်ပြီး လူ့ပုံမှန်ကိုယ်အပူချိန်ဟာ ၉၈ ဒသမ ၆ ဒီဂရီဖယ်ရင်ဟိုက်ဖြစ်ပါတယ်။ ကိုယ်ခန္ဓာဟာ ပတ်ဝန်းကျင်ရဲ့အပူချိန် အေးတဲ့အခါ လိုက်အေးသွားတယ်။ အဲဒီလိုဖြစ်ရတာဟာ ကိုယ်ကထွက်တဲ့အပူတွေ အပြင်ကိုရောက်သွားတဲ့အတွက်ဖြစ်ပါတယ်။ အဲဒီလို ကိုယ်ခန္ဓာအပူတွေ အပြင်မရောက်သွားအောင်တားဆီးဖို့ အဝတ်အထည်တွေထူထူဝတ်ဆင်ပြီး တားဆီးရပါတယ်။ ရေခဲတဲ့ထိ တအားအေးတဲ့ဒေသတွေမှာတော့ အပူအအေးမျှမျှတတရှိစေဖို့ အဝတ်အစားတွေနဲ့ ကာကွယ်လို့မရတော့ပါဘူး။ အဲဒီအတွက် လူသားတို့ဟာ အိမ်တွင်းမှာပါ အပူရအောင်လုပ်ဖို့လိုလာပါတယ်။ ဒါကြောင့် အိမ်တွင်းမှာ အပူချိန် ၆၅ ဒီဂရီကနေ ၇၀ ဒီဂရီထိရှိအောင် လုပ်ပေးရပါတယ်။ ပုံမှန်အားဖြင့် ဆောင်းရာသီဆိုတာနဲ့ ရေခဲလောက်တဲ့ထိအေးတဲ့နိုင်ငံတွေမှာ အပူအအေး မျှမျှတတနေထိုင်သွားဖို့အတွက် အိမ်တွင်းအပူဓာတ်ပေးစနစ်ကို မဖြစ်မနေအသုံးပြုရပါတယ်။ အဲဒီလို အပူဓာတ်ပေးစနစ်မရှိပါက အလွန်အေးတဲ့ဒေသတွေမှာ နေထိုင်တဲ့သူတွေဟာ အအေးဒဏ်ခံနိုင်အောင် လုပ်နေရတာနဲ့ပင် အချိန်ကုန်လူပင်ပန်းဖြစ်ကြရမှာပဲဖြစ်ပြီး အခြားစီးပွားရေး၊ လူမှုရေး၊ ပညာရေး စတာတွေကိုလုပ်ကိုင်ဖို့ အချိန်ရှိတော့မှာမဟုတ်ပါဘူး။

ဒါကြောင့် အခုခေတ်မှာ ကျောင်းတွေနဲ့ တချို့အဆောက်အအုံတွေမှာ အပူဓာတ်ပေးဖို့ဗဟိုအပူဓာတ်ပေးရုံတွေ ဆောက်လုပ်လာပါတော့တယ်။ အခုလို ဆောင်းရာသီအေးရမဲ့အချိန်မအေးဘဲ အအေးဓာတ်လျော့နေတာက အမေရိကန်နိုင်ငံလို အနောက်နိုင်ငံတွေမှာ ရေခဲတဲ့ထိဖြစ်လေ့ရှိတဲ့ကာလမှာ ရုပ်ကြွင်းလောင်စာတွေသုံးပြီး ရုံးတွေ၊ နေအိမ်တွေနဲ့ အခြားပြည်သူလူထုအဆောက်အအုံတွေကို အပူပေးတဲ့စနစ်သုံးရတဲ့နိုင်ငံတွေရဲ့ ရုပ်ကြွင်းလောင်စာ အသုံးပြုရတာကိုတော့ လျော့ကျစေမှာဖြစ်ပါတယ်။ အမေရိကန်အစိုးရရဲ့ခန့်မှန်းချက်အရ အမေရိကန်နိုင်ငံအိမ်ထောင်စုတွေရဲ့ ထက်ဝက်ကျော်ဟာ အအေးဓာတ်ကိုအန်တုဖို့ အပူပေးစနစ်တွေကိုသုံးရတာကြောင့် အခုလိုအအေးဓာတ်လျော့နေတာက အပူပေးစရိတ်အတွက် ငွေကြေးအသုံးပြုမှုကို လျော့ကျစေမှာဖြစ်ပါတယ်။ စက်သုံးဆီတွေက ရုပ်ကြွင်းလောင်စာအသုံးပြုမှုလျှော့ချရေးအစီအစဉ်ကြောင့် လျှော့ချထုတ်လုပ်တော့မှာဖြစ်လို့ ရှားပါးလာနိုင်ပြီး စက်သုံးဆီဈေးနှုန်းအပြောင်းအလဲတွေလဲရှိနိုင်တယ်လို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျွမ်းကျင်သုတေသီတွေက ဆိုထားသလို ပိုမိုပူနွေးလာတဲ့ရာသီဥတုအခြေအနေကြောင့် ဓာတ်ငွေ့သိုလှောင်ရာမှာ အခက်အခဲရှိလာတဲ့အတွက် ဓာတ်ငွေ့ဈေးနှုန်းတွေကတော့ ၂၄ ရာခိုင်နှုန်းထိ ဈေးကျဆင်းလိမ့်မယ်လို့ စွမ်းအင်သတင်းအချက်အလက်စီမံခန့်ခွဲရေးအဖွဲ့ရဲ့အစီရင်ခံစာအရ သိရပါတယ်။ ဆောင်းရာသီရဲ့အအေးဓာတ်က သဘာဝဓာတ်ငွေ့အရည်ဆုံးရှုံးမှုကို သက်သာစေမှာဖြစ်ပေမဲ့ ဆောင်းရာသီမှာပူနွေးနေတာက စွမ်းအင်အကျပ်အတည်းကိုဖြစ်လာစေနိုင်တဲ့ စိုးရိမ်မှုတွေ မြင့်တက်နေပါတယ်။

ဆောင်းရာသီအအေးပေါ့တာ တစ်နည်းဆိုရရင် ပူလာတဲ့ဆောင်းရာသီအကြောင်း ပြောရမယ်ဆိုရင် တရုတ်နိုင်ငံဟာ နှစ်ပေါင်း ၆၂ နှစ်အတွင်း အပူဆုံးဆောင်းဦးရာသီကို ၂၀ ရာစုအတွင်းမှာ ကြုံတွေ့ခဲ့ရသလို ဂျပန်နိုင်ငံကလဲ ၁၉ ရာစုမှာ စံချိန်တင်အပူဆုံးဆောင်းရာသီကို တွေ့ကြုံခံစားဖူးပါတယ်။ ဒါပေမဲ့ လတ်တလောမှာတော့ တရုတ်နိုင်ငံဟာ ရက်တရက် အအေးဓာတ်မြင့်တက်မှုကြောင့် ဆီးနှင်းတွေ ထူထပ်စွာကျဆင်းနေပြီး အအေးဆုံးဆောင်းနဲ့ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။

ဆောင်းရာသီအအေးပေါ့တာရဲ့ အဓိကအကြောင်းရင်းဟာ အယ်လ်နီညိုဖြစ်စဉ်တွေ မကြာခဏဖြစ်ပွားနေတဲ့အတွက်လို့သိရပါတယ်။ အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပွားမှုဟာ ၂၀၂၄ ခုနှစ် မတ်လထိ ကြာမြင့်နိုင်တယ်လို့လဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသုတေသီတွေက ခန့်မှန်းထားပြီး ဒါသာအမှန်ဖြစ်ခဲ့မယ်ဆိုရင် ကမ္ဘာတစ်ဝန်းရှိ ရာသီဥတုပုံစံတွေကို ထိခိုက်လာစေတော့မှာဖြစ်ပါတယ်။

မိုးရွာသွန်းမှုနည်းပါးတာက လာမဲ့ ၂၀၂၄ ခုနှစ် နွေဦးရာသီမှာ ပြင်းထန်တဲ့ တောမီးရာသီကိုဖိတ်ခေါ်နေသလိုဖြစ်လာပါတယ်။ ဒါကြောင့် တောမီးတွေလောင်ကျွမ်းလေ့ရှိတဲ့ ကနေဒါနိုင်ငံဟာ ၂၀၂၄ ခုနှစ်မှာ ပိုမိုပူပြင်းပြီး တောမီးလောင်ကျွမ်းမှုအကြိမ်ရေပိုတိုးလာမှာကို စိုးရိမ်နေပါတယ်။ ဒါ့ပြင် ခြောက်သွေ့တဲ့ ရာသီဥတုအခြေအနေတွေက ကနေဒါနိုင်ငံရဲ့ ဂျုံသီးနှံတွေလို ကောက်ပဲသီးနှံတွေ စိုက်ပျိုးတဲ့စိုက်ခင်းတွေကိုပျက်စီးစေပြီး မစ္စစ္စပီမြစ်ရေကလဲ ပူပြင်းခြောက်သွေ့မှုကြောင့် မြစ်ရေမျက်နှာပြင်ကျဆင်းလာမှုက နိုင်ငံအတွင်းရှိ ဒေသထွက်ကုန်စည်တွေရဲ့ ပို့ဆောင်ခနှုန်းထားတွေကို မြင့်တက်လာစေပါတယ်။ ဒီနှစ်အစောပိုင်းတုန်းကလဲ နိုင်ငံတစ်ဝန်း တောမီးလောင်ကျွမ်းမှုတွေကြောင့် အမေရိကန်နိုင်ငံတစ်ဝန်း မီးခိုးမြူတွေဖုံးလွှမ်းသွားခဲ့ရသလို နယူးယောက်အပါအဝင် ဒေလီလိုမြို့ကြီးတွေမှာ ကမ္ဘာ့လေထု အရည်အသွေးဟာ အဆိုးရွားဆုံးဖြစ်ခဲ့ရပါတယ်။ မြေထဲပင်လယ်တစ်ဝိုက်မှာရှိတဲ့ မြောက်အမေရိကနှင့် ဥရောပတိုက်အတွင်းက နိုင်ငံအများစုဟာ ဆောင်းရာသီနှောင်းပိုင်းမှာ အအေးဓာတ်ပုံမှန်အတိုင်းဖြစ်ဖို့ အလားအလာရှိတယ်လို့ ကိုလံဘီယာနိုင်ငံအခြေစိုက် Commodity Weather Group ရဲ့အဆိုအရ သိရပါတယ်။

❖ **အမေရိကန်နိုင်ငံ နယူးယောက်မြို့ရဲ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်အတွင်း အပူချိန်ဟာ ၆၀ ဒီဂရီဖယ်ရင်ဟိုက်ဖြစ်ပြီး စတုတ္ထပတ်မှာ အပူချိန်ဟာ အခုလက်ရှိထက် ပိုမြင့်တက်လာနိုင်တယ်လို့ သိရပါတယ်။ ဒါ့ပြင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့နဲ့ ဂျပန်နိုင်ငံ တိုကျိုမြို့မှာလဲ ဆောင်းရာသီရဲ့ ပျမ်းမျှပုံမှန်လောက်တောင် မအေးဘဲ ပူနွေးနေတယ်လို့ သိရပါတယ်။ ဒါ့ပြင် စပိန်နိုင်ငံမှာလဲ ဒီဇင်ဘာလအတွင်းမှာ အပူချိန်ဟာ စံချိန်တင်မြင့်တက်ခဲ့ပါတယ်။** ❖

အချုပ်အနေနဲ့ ဆိုရမယ်ဆိုရင် ရာသီဥတုတွေဟာ ပူချိန်တန်ပူ၊ မိုးရွာသွန်းချိန်တန် မိုးရွာသွန်း၊ အေးချိန်တန်အေးမှသာ ဂေဟစနစ်ရဲ့ ဇီဝကမ္မဖြစ်စဉ်က ပုံမှန်ဖြစ်မှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ မိုးရွာသွန်းချိန်မှာ ပူပြင်းနေတာက လူသားတို့ရဲ့စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကိုသာမက စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်ဆုံးရှုံးစေတဲ့အတွက် သဘာဝကြီးပုံမှန်အတိုင်းလည်ပတ်ဖို့ လူသားများအားလုံး ဝိုင်းဝန်းထိန်းသိမ်းဖို့လိုပါတယ်လို့ ရေးသားအပ်ပါတယ်။

**ကိုးကား**


- **How- el- nino- will- affect- the-2023-24-winter-weather-forecast?**
- **Home Heating System by https://www.energy.gov/**


မေဇင်ထွန်း

# အနောက်ဖရုံကာကျွန်းဦးမှ ဆံတော်ရှင်စေတီ

## ကျွန်းသားငမန်း



မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာထွန်းကားရာ နယ်မြေဖြစ်သည်။ မြန်မာနိုင်ငံအနှံ့ ကြည့်လေရာရာတွင် ဘုရားစေတီများကို ကြည်ညိုသပ္ပာယ်စွာဖူးတွေ့နိုင်ကြသည်။ ရေလမ်းဖြင့်ဖြစ်စေ၊ ကုန်းလမ်းဖြင့်ဖြစ်စေ ခရီးသွားကြရာတွင် မြန်မာဗုဒ္ဓ ဘာသာဝင်များအတွက် သွားလေရာနေရာ၌ ဘုရားစေတီများကိုဖူးမြော်ရသူများအနေဖြင့် ကုသိုလ်စိတ်များထုံမွမ်းကာ စိတ်၏အေးချမ်းခြင်း၊ ကြည်နူးခြင်းတို့ကို ခံစားရသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ဘာသာရေးတွင် ကိုင်းညွတ်ရိုကျိုးသူများဖြစ်ကြလေရာ ပွင့်လင်းရာသီရောက်သည့်အခါတိုင်း အားလပ်ရက်အခါသမယများတွင် ဘုရားဖူးခရီးများကို တကူးတကစီစဉ်၍ သွားရောက်လေ့ရှိတတ်ကြသည်။

မြန်မာနိုင်ငံ၏ ဆောင်းကာလသည် အလွန်သာယာသောရာသီဖြစ်သည်။ ပန်းပေါင်းစုံတို့ဖူးပွင့်ကာ ပတ်ဝန်းကျင်တို့မှာလည်း စိမ်းစိုလျက်ရှိသည်။ မြန်မာနိုင်ငံသားတို့ အဓိကအားထားလုပ်ကိုင်ကြသည့် လယ်ယာလုပ်ငန်းခွင်တို့မှာလည်း ရိတ်သိမ်းပြီးသည့်အချိန်လည်းဖြစ်သည်။ လယ်ယာမှရရှိသော အသီးအနှံများကိုရောင်းချပြီး တောင်သူအများစုတို့ လက်တွင် ငွေစရွှင်သောအချိန်လည်းဖြစ်သည်။ ထိုအချိန်တွင် မြန်မာပြည်သူများသည် အားလပ်ရက်ရှည်ခရီးသွားလေ့ရှိကြသည်။ ၎င်းတို့၏ အားလပ်ရက်ရှည်ခရီးကား ဘုရားဖူးထွက်ခြင်းပင်ဖြစ်သည်။ အညာဒေသတွင် ဟိုးရှေးယခင်က လှည်းတန်းကြီးများဖြင့် စားအိုးစားခွက်များကိုတင်ဆောင်ကာ ကျေးရွာအလိုက်၊ မိသားစုအလိုက် ဘုရားဖူးထွက်လေ့ရှိကြသည်။ ဘုရားအနီးတွင် လှည်းဝိုင်းကိုစတည်းချပြီး ဘုရားဖူးကြသည်။ စာရေးသူတို့ ရခိုင်ပြည်နယ်တွင် ရှေးယခင်က ယခုလိုကားလမ်းများ မပေါက်သေးမီ လောင်းလှေ၊ စက်လှေများဖြင့် ကျေးရွာအလိုက် မိသားစုများစုပေါင်း၍ ဘုရားဖူးထွက်ကြသည်။ ဘုရားစဉ်လှည့်၍ဘုရားဖူးကြသည်။ တောင်သူတို့အားလပ်ရက် အပန်းဖြေခရီးကား ဘုရားဖူးခရီးပင်ဖြစ်လေသည်။

ရခိုင်ပြည်နယ်ကား မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ဓညဝတီရခိုင်ပြည့်ရှင် စန္ဒသူရိယမင်း၏ မနောအဓိဋ္ဌာန်ဖြင့် ပင့်လျှောက်တော်မူခဲ့သဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် နောက်ပါရဟန်း ၅၀၀ နှင့် ကြွရောက်တော်မူခဲ့ရာဒေသ၊ စန္ဒသူရိယမင်း၏ လျှောက်ထားတောင်းပန်ချက်ကြောင့် ဘုရားရှင်ကိုယ်တော်တိုင် ရင်ငွေ့တော်ခုနစ်လက်အုပ်ထည့်၍ မဟာမုနိဘုရားကို သွန်းလုပ်ခဲ့ရာဒေသအဖြစ် ရခိုင်ပြည်သူတို့ အလေးအနက်ယုံကြည်ရာဒေသဖြစ်သည်။ ဘုရားရှင် ပထမဆုံးခြေချရပ်နားတော်မူခဲ့ရာ ကျောက်တော်တောင်(သေလာဂီရိမောပဗ္ဗတတောင်)ပေါ်မှ နေပြီး ဓညဝတီရခိုင်ပြည်၌ဘုရားရှင်၏ ဓာတုဓာတ်တော်မွေတော်များကို ဌာပနာ၍ ဘုရားစေတီပေါင်း ၂၄၀ ကျော်ကိုတည်ထားကိုးကွယ်အံ့သည်ကို ဗျာဒိတ်ပေးခဲ့ရာလည်းဖြစ်သည်။ ရခိုင်ကျေးလက်သားတို့သည် မိမိတို့ယုံကြည်ချက်အတိုင်း ဘုရားရှင်၏ ဓာတုဓာတ်တော်မွေတော်များဖြင့် ဌာပနာထားသည့် ဘုရားစေတီများသို့ အချိန်ရလျှင်ရသလို လှည့်လည်ဘုရားဖူးသွားလေ့ရှိကြသည်။ ထိုသို့ ဘုရားဖူးသွားရာ၌ အချိန်ရာသီမရွေးသွားရောက်ဖူးမြော်နိုင်သော ဘုရားစေတီများရှိသော်လည်း ရာသီဥတုအခြေအနေ၊ အသွားအလာအခက်အခဲကြောင့် အချိန်ကာလတစ်ခုအတွင်းသာ သွားရောက်ဖူးမြော်နိုင်သောဘုရားများလည်းရှိကြသည်။ ထိုအချိန်ကာလတစ်ခုအတွင်းသာ သွားရောက်ဖူးမြော်နိုင်သော ဘုရားစေတီတစ်ဆူမှာ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အနောက်ဖရုံကာကျွန်း(မြေငူကျွန်း)၏ တောင်ဘက်ကျွန်းဦးပေါ်၌ တည်ထားသော ဆံတော်ရှင်စေတီပင်ဖြစ်သည်။ ပင်လယ်ပြင်ကို မျက်နှာမူထားပြီး ရေကြောင်းဖြင့်သာ သွားလာနိုင်သဖြင့် လှိုင်းလေငြိမ်သက်သည့် ဆောင်းဦးရာသီ၌သာ အန္တရာယ်ကင်းကင်းဖြင့် သွားလာနိုင်၍ ဆောင်းဦးကာလတွင်ပင် အချိန်သတ်မှတ်ကာပွဲတော်ကျင်းပခြင်းဖြစ်သည်။

**ဆံတော်ရှင်စေတော်**

ဆံတော်ရှင်စေတီမှာ ရခိုင်သမိုင်းတွင် ထင်ရှားသော မဟာမုနိဘုရား၏ သမိုင်းကြောင်းနှင့်ဆက်စပ်နေသောစေတီတော်လည်းဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ဓညဝတီရခိုင်ပြည်သို့ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ကြွရောက်တော်မူခဲ့သည်။ ထို့နောက် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းနှင့်ပြည်သူများကို တရားရေအေးအမြိုက်ဆေးတိုက်ကျွေးသည်။ စန္ဒသူရိယမင်း၏ လျှောက်ထားတောင်းပန်ချက်ကြောင့် မြတ်စွာဘုရားရှင်က မဟာမုနိဘုရားကို သွန်းလုပ်စေတော်မူခဲ့သည်။ ထို့နောက် ဘုရားရှင်သည် ဓညဝတီမှ ကောင်းကင်ခရီးဖြင့် ပြန်လည်ကြွချီတော်မူရာ ဘင်္ဂလားပင်လယ်အော်ကိုမေးတင်ထားသည့် အနောက်ဖရုံကာကျွန်းဦးရှိ နီလာပဗ္ဗတတောင်တော်၌ ခေတ္တရပ်နားတော်မူသည်။ ထိုစဉ် အဆိုပါအရပ်၌ ရှိနေသော ဘရုံကိစ္စကနဂါးမင်းက လာရောက်ဖူးမြော်တော်မူပြီး အရှည်သဖြင့် ကိုးကွယ်နိုင်ရန် လျှောက်ထားတောင်းပန်သဖြင့် ဆံတော်သုံးဆူကို ပေးအပ်ချီးမြှင့်တော်မူခဲ့သည်။ ဘရုံကိစ္စကနဂါးမင်းနှင့် အပေါင်းပါများသည် ဆံတော်ကိုဌာပနာ၍ ကျောက်တို့ဖြင့် စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းသည် နတ်နဂါးတို့က ဆံတော်ကိုဌာပနာ၍ စေတီတည်ထားကြောင်း ကြားသိတော်မူခဲ့ရာ ထိုအရပ်သို့သွားရောက်ပြီး နတ်နဂါးတို့ တည်ထားကိုးကွယ်သောစေတီတော်ကို ပြုပြင်တည်ထားခဲ့သည်။ ထိုစဉ်မှစ၍ စေတီတော်ကို မင်းနှင့်ပြည်သူတို့ အဆက်ဆက်ပြုပြင်ကိုးကွယ်လာခဲ့သည်မှာ ယခုကာလတိုင်ပင်ဖြစ်သည်။

စေတီတော်တည်ရှိရာ နီလာပဗ္ဗတတောင်စွန်းမှ တောင်ဘက်သို့ဆင်းလိုက်လျှင် တောင်ခြေရင်းတွင် ခြေတော်ရာနှင့်စေတီကိုလည်းကောင်း၊ သိမ်တော်ရာကိုလည်းကောင်း၊ ရှေးဟောင်းစေတီငယ်များကိုလည်းကောင်း ဖူးမြော်ကုသိုလ်ယူနိုင်ကြသည်။

**ပွဲတော်ရက်များ**

ဆံတော်ရှင်စေတီတော်တည်ထားသည့် နီလာပဗ္ဗတတောင်တည်ရှိရာ အနောက်ဖရုံကာကျွန်း(မြေငူကျွန်း)သည် ဘင်္ဂလားပင်လယ်အော်ကို မေးတင်ထားသည့်အပြင် စေတီတော်မှာ တောင်၏အနောက်ခြမ်းကျွန်းဦးတောင်ဘက်စွန်းတွင်ရှိနေသဖြင့် ပင်လယ်ဘက်မှ သွားလာရခက်ခဲသောနေရာတစ်ခုဖြစ်ခြင်း၊ စိုးမဲကျီဆိပ်ကမ်းရှိရာ ဆင်တက်မော်ရေလက်ကြားမှ သွားလျှင်လည်း တောင်ကို အရှေ့မှအနောက်သို့ ငါးမိုင်ဖြတ်ကျော်ရသဖြင့် သွားလာရခက်ခဲခြင်းတို့ကြောင့် ပွင့်လင်းရာသီဖြစ်သည့် ဆောင်းရာသီရောက်မှသာ လမ်းကိုပြုပြင်ပြီး သွားရောက်နိုင်ကြသဖြင့် အများပြည်သူတို့ အလုပ်အားလပ်ရာ နတ်တော်လတွင် ဘုရားပွဲတော်ကို ကျင်းပပြုလုပ်ကြခြင်းဖြစ်သည်။ ဘုရားပွဲတော်ကို ယခင်က နတ်တော်လဆန်း ၁၃ ရက်မှလပြည့်နေ့ထိ သုံးရက်သာ ကျင်းပပြုလုပ်ခဲ့သော်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးမြော်သူတို့ များပြားလာသဖြင့် ရပ်ဝေးမှလာရောက်သူတို့ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်စေရန် ၁၃၄၇ ခုနှစ် နတ်တော်လဆန်း ၁၁ ရက်မှ လပြည့်နေ့ထိ ငါးရက်တိုင်တိုင်ကျင်းပလာခဲ့သည်။ ဘုရားဖူးများသည် စစ်တွေမှ လပြည့်ကျော်တစ်ရက်နေ့ထိ နေ့ချင်းပြန် သွားရောက်လေ့ရှိတတ်ကြသည်။

> ❖ ဆံတော်ရှင်စေတီမှာ ရခိုင်သမိုင်းတွင် ထင်ရှားသော မဟာမုနိဘုရား၏ သမိုင်းကြောင်းနှင့်ဆက်စပ်နေသော စေတီတော်လည်းဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ဓညဝတီရခိုင်ပြည်သို့ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ကြွရောက်တော်မူခဲ့သည်။ ထို့နောက် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းနှင့်ပြည်သူများကို တရားရေအေးအမြိုက်ဆေးတိုက်ကျွေးသည်။ စန္ဒသူရိယမင်း၏ လျှောက်ထားတောင်းပန်ချက်ကြောင့် မြတ်စွာဘုရားရှင်က မဟာမုနိဘုရားကို သွန်းလုပ်စေတော်မူခဲ့သည်။ ❖

စာရေးသူတို့ ငယ်ငယ်က ဆံတော်ရှင်စေတီသို့ သွားရောက်ဖူးမြော်ရာ၌ တည်းခိုဇရပ်များ မရှိသေးသဖြင့် ဘုရားအနီးတောင်ပေါ်မှ ဝါးခုတ်၊ သစ်ခုတ်ကာ ယာယီတဲထိုး၍ ဘုရားဖူးခဲ့ကြရသည်။ စားအိုးစားခွက်များယူဆောင်လာပြီး ဘုရားအနီး တံငါရွာများမှ ငါးညှိခြောက်၊ ခရမ်းသီး၊ ဘူးသီး၊ ချဉ်ပေါင်သီးများကို ဝယ်ယူချက်ပြုတ်စားသောက်ကာ ဘုရားဖူးခဲ့ကြရသည်။ စစ်တွေမှမော်တော်များ၊ သင်္ဘောများဖြင့် ဆင်တက်မော်ရေလက်ကြားရှိ စိုးမဲကျီဆိပ်ကမ်းထိ လာရောက်ကြရသည်။ စိုးမဲကျီဆိပ်ကမ်းမှ စေတီတည်ရှိရာ အနောက်ဘက်ခြမ်းသို့ တောင်တက်ခရီးဖြင့် သွားရောက်ကြရသည်။ စစ်တွေမှ စိုးမဲကျီဆိပ်ကမ်းထိ မော်တော်၊ သင်္ဘောများ ခုတ်မောင်းချိန်မှာ ၂ နာရီမိနစ် ၃၀ ခန့်ကြာမြင့်တတ်သည်။ နောက်ပိုင်းတွင် အမြန်သင်္ဘောများဖြင့် ပြေးဆွဲရာ တစ်နာရီခန့်သာကြာမြင့်သဖြင့် စစ်တွေမှ နေ့ချင်းပြန် ဘုရားဖူးသွားသူတို့များပြားလာသည်။ စိုးမဲကျီဆိပ်ကမ်းမှစေတီသို့ သွားရာလမ်းခရီးမှာ တောင်တက်လမ်းဖြစ်သဖြင့် တောရိပ်၊ တောင်ရိပ်၊ သစ်ရိပ်၊ ဝါးရိပ်တို့ဖြင့် အေးချမ်းသာယာမှုရှိသည်။ တောင်ဖြတ်လမ်းကို ၁ နာရီမိနစ် ၃၀ ခန့်သွားရသော်လည်း တောင်၏အနောက်ဘက်ခြမ်းရောက်လျှင် စိမ်းမြညို့မှိုင်းသောပင်လယ်ပြင်ကို လှမ်းမြင်လိုက်ရပြီး ပင်လယ်ပြင်မှတိုက်ခတ်လာသောလေအေးအေးကို ရှူရှိုက်လိုက်ရသောအခါ အမောပြေပျောက်သွားရသည်။ ဘုရားပွဲတော်ကျင်းပသည့်ရက်များမှာ လသာရက်များဖြစ်သည့်အတွက် အချို့လူငယ်များမှာ တောင်တက်လမ်းကို ညနေမှ အေးအေးဆေးဆေး ဖြတ်ကျော်သွားရောက်ကြသည်များလည်း ရှိနေတတ်ကြသည်။

၁၉၂၀ ပြည့်နှစ်တွင် ကုသိုလ်ရှင်တစ်ဦးက စိုးမဲကျီဆိပ်ကမ်းမှ ဆံတော်ရှင်စေတီထိ တောင်တက်လမ်းကို စက်ကြီးများဖြင့် ဖောက်လုပ်ကုသိုလ်ယူခဲ့ရာ မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်နိုင်ခဲ့ပြီဖြစ်သည်။ သို့ရာတွင် တောရိပ်တောင်ရိပ်တို့ဖြင့်သွားလာခဲ့ရသော တောလားရသကား ပျောက်ကွယ်ခဲ့ရပြီ။ တစ်နှစ်မှာတစ်လ၊ တစ်လမှာ ငါးရက်မျှသာ ဖူးမြော်နိုင်သော ဆံတော်ရှင်စေတီသို့ သွားရောက်ဖူးမြော်ကုသိုလ်ယူကြသူတို့မှာ စည်ကားမပျက်ရှိသည်။ စာရေးသူကား ဆံတော်ရှင်ဘုရားဖူးသွားရင်း စားခဲ့ရသော ငါးညှိငါးနှင့် ခရမ်းသီးရောချက်ထားသည့် ဆီမပါသော ဟင်းလျာ၊ ချဉ်ပေါင်သီးချဉ်ရည်ဟင်း၊ မွှေးနေသောဆန်သစ်ဖြင့် ချက်ထားသည့်ထမင်းတို့ကို တမ်းတနေဆဲရှိသည်။ လရောင်အောက်တွင် တောင်တက်လမ်းကိုဖြတ်ကျော်ခဲ့သည်များ၊ ပင်လယ်ပြင်မှတိုက်ခတ်လာသော လေအေးအေးကိုရှူရှိုက်၊ ပင်လယ်လှိုင်းသံကို နားထောင်ရင်း ဘုရားဖူးကုသိုလ်ယူဖြစ်ခဲ့သည်များကိုလည်း အမှတ်ထင်ထင်ပင်ရှိနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆောင်းကာလပွင့်လင်းရာသီသည် တောင်သူလယ်သမားတို့ လုပ်ငန်းခွင်သိမ်းချိန်ဖြစ်ကာ ဆံတော်ရှင်စေတီကို ဖူးမြော်ရန်အတွက် ဘုရားပွဲတော်သို့ လာရောက်လည်ပတ်နိုင်ကြရန် ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။

**ကိုးကား**

– **ဆံတော်ရှင်ဘုရားသမိုင်း ဂေါပကအဖွဲ့**

# ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၀၆၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၀၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၆၀၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ကြက်သွန်နီဧက ၁၆၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီ ဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဆောင်းကြက်သွန်နီစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၄၂ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၁၀၂၅ ဧက စုစုပေါင်း ၁၀၆၇ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ဧက ၈၀၊ အင်းတော်မြို့နယ်တွင် ၂၈၃ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၆၉၂ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၅၅၁ ဧက စုစုပေါင်း ၁၆၀၆ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကြက်သွန်နီစိုက်တောင်သူများကို ဈေးကောင်းရရှိစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီ စိုက်ပျိုးရာတွင် ကြက်သွန်နီ တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀ ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ် ပေချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘိုကလေး ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မလော့ကျေးရွာအုပ်စု ပေချောင်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများလိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ပေချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၄ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဆိုပိုးပိုး**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၇၅ | ၂၅၇၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၂၉၀၀ |
| 95 Ron | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၅ | ၂၆၀၀ | ၂၅၇၅ | ၂၆၇၅ | ၂၆၉၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၆၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၇ | ၂၄၀၇ |
| 95 Ron | ၂၄၂၄ | ၂၅၀၆ |
| HSD (500 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (50 ppm) | ၂၁၂၉ | ၂၂၀၁ |
| HSD (10 ppm) | ၂၁၃၃ | ၂၂၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family




နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ ဟင်းငူကျေးရွာနေ မခင်မျိုးတင့် (၉/စကတ(နိုင်)၁၁၉၆၃၀) ၏ဖခင်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ပါ ဦးအေးကို နှင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဦးအေးကိုကို သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအေးကိုကို(ခ)ဦးအေးကို(၉/စကတ(နိုင်)၀၆၅၆၄၆)**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ. ထ. က(၃၄)၊ Grade-7(A) တွင် ပညာသင်ကြားနေသော မဟေမာန်ဇော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရဲကျော်သူ ဖြစ်ပါကြောင်း။

**ဦးရဲကျော်သူ(၉/ ခမစ(နိုင်)၀၄၆၂၀၉)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ခနုံးကျေးရွာအုပ်စု၊ ယဥ်တော်စုံကျေးရွာနေ ဦးမောင်မောင်-ဒေါ်မြင့်သီ တို့၏သား **မောင်မင်းသူရ (၉/အမရ(နိုင်)၀၀၆၉၉၃)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမောင်မောင် (၉/အမရ(နိုင်)၀၂၃၀၇၄)**
**ဒေါ်မြင့်သီ (၉/အမရ(နိုင်)၀၂၃၀၇၅)**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၃/၁၈) အကွက်အမည် ချင်းစုကွင်း၊ ဦးပိုင်အမှတ်(၅၇/က-၅)၊ ဧရိယာ (၀. ၀၇၈)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည်-


| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ၅၇/က-၁ |
| (ခ) | အနောက်လားသော် | - | လမ်း |
| (ဂ) | တောင်လားသော် | - | ၅၇/က-၁ |
| (ဃ) | မြောက်လားသော် | - | ချောင်း |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးယဉ်ကျေး** မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

- ❖ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်...
- ❖ MSME လုပ်ငန်းများသည် မိမိတို့နိုင်ငံစီးပွားရေး လုပ်ငန်းများတွင် အခြေခံအကျဆုံးလုပ်ငန်းများဖြစ်သဖြင့် ကုန်ကြမ်းသေချာသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ဆောင်ရွက်ရမည်ဆိုပါက ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း မင်းစုဘူတာနှင့် ကျောက်ဆည်ဘူတာကြား ရထားလမ်းတံတားအနီး PDFအမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားမှုကြောင့် အမှတ်(၅)အဆန်လူစီးအမြန်ရထားကြန့်ကြာမှုဖြစ်ပေါ်ခဲ့




ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း မင်းစုဘူတာနှင့် ကျောက်ဆည်ဘူတာကြား ရထားလမ်းတံတားအနီး PDFအမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားမှုကြောင့် ပျက်စီးခဲ့သည့်ရထားလမ်းကို ပြန်လည်ပြုပြင်ဆောင်ရွက်နေစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မင်းစုဘူတာနှင့် ကျောက်ဆည်ဘူတာကြား မိုင်တိုင်အမှတ် ၃၅၃/၃ နှင့် ၄ အကြား တံတားအမှတ်(၇၃၆)အနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးထားခြင်းကြောင့် တံတားချဉ်းကပ်လမ်းရှိ ကွန်ကရစ်ဇလီဖားတုံးများပျက်စီးပြီး သံလမ်းများနေရာရွေ့နေမှုကြောင့် မင်းစုနှင့် ကျောက်ဆည်ကြား ရထားလမ်းပိုင်းများကို ခေတ္တပိတ်ထားရသဖြင့် အမှတ်(၅)အဆန် ရန်ကုန်-မန္တလေးလူစီးအမြန်ရထားသည် မြစ်သားဘူတာသို့ ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရောက်ရှိရပ်တန့်ထားခဲ့ရကြောင်း သိရသည်။

အဆိုပါမိုင်းပေါက်ကွဲသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီသွားရောက်ကာ နယ်မြေလုံခြုံရေးနှင့် မိုင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများက လမ်းပိုင်းအား စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး အစုန်လမ်းကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ အမှတ်(၅)အဆန်လူစီးအမြန်ရထားသည် မြစ်သားဘူတာမှ နံနက် ၉ နာရီ ၁၀ မိနစ်၌ဆက်လက်ထွက်ခွာနိုင်ခဲ့ကြောင်း၊ စာမျက်နှာ ၂၁ ကော်လံ ၁ ☆

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉